# ကမ္ဘာလုံးဆိုင်ရာပြဿနာများ

## ဆရာလမ်းညွှန်








အရွယ်ရောက်သူပညာရေးစာစဉ် လူမှုရေးသိပ္ပံ

## စာအုပ်အပေါ် ခြုံငုံသုံးသပ်မှုနှင့် ယေဘုယျချဉ်းကပ်မှု

ယခုစာအုပ်သည် ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်မှစ၍ အထင်ရှားဆုံး နိုင်ငံတကာ ပဋိပက္ခများ လွှမ်းမိုးခဲ့သော သမိုင်းဆိုင်ရာအဖြစ်အပျက်များနှင့် သဘောတရားများကို လေ့လာသုံးသပ်ထား သည်။ ယခုစာအုပ်တွင် အရေးကြီးသော နိုင်ငံတကာပဋိပက္ခ (၃)ခုကို လေ့လာဆန်းစစ်ထား သည်။ အခန်း (၃) ခန်း ပါဝင်သည်။

**အခန်း (၁)၊ "စစ်အေးတိုက်ပွဲနှင့်နောက်ဆက်တွဲ" စစ်အေးတိုက်ပွဲနှင့် စူပါ ပါဝါနိုင်ငံများ**

**အခန်း (၂)၊ "အရှေ့အလယ်ပိုင်းကိုမိတ်ဆက်ခြင်း" အရှေ့အလယ်ပိုင်းရှိ သမိုင်းနှင့်ချီသော ကာလရှည်ကြာ ပဋိပက္ခကို စူးစမ်းလေ့လာထားသည်။ ယခုသင်ခန်းစာတွင် အစ္စရေး ပါလက်စတိုင်း ပဋိပက္ခနှင့် အီရတ်နိုင်ငံအကြောင်းစသည့် ကြီးမားသောဖြစ် စဉ်နှစ်ခုကို လေ့လာထားမှုတို့ပါဝင်သည်။**

**အခန်း (၃)၊ "အကြမ်းဖက်မှုကြောင့်ဖြစ်ပွားသောစစ်ပွဲ အကြမ်းဖက်ဝါဒနှင့်အတူ လတ်တလောနိုင်ငံ-တကာ အကြပ်အတည်းကို ဆွေးနွေးထားသည်။**

ပဋိပက္ခတစ်ခုချင်းစီ(သို့)အကြပ်အတည်း၏ ရင်းမြစ်များနှင့် ဖြစ်ရပ်များကို လတ်-တလော စီစစ်တွေ့ရှိချက်အပြင် သမိုင်းဆိုင်ရာအထောက်အထားအရပါတင်ပြပေးထားသည်။ သို့-သော် သင်တန်းဆရာများ ဤစာအုပ်ကို အသုံးပြုခြင်းအားဖြင့် သတိပြုရမည်က သဘောတရားနှင့် ယုံကြည်မှုစနစ်များသည်အ ကြပ်အတည်းဆိုက်ရောက်ရသော အခြေအနေများတွင် ဖြစ်ပေါ်ခြင်းဖြစ်သည်။

ကျောင်းသားများအနေဖြင့် အဘယ်ကြောင့်အဖြစ်အပျက်များဖြစ်ပွားခဲ့မှုနှင့် ဆက်လက်ဖြစ် ပွားနေမှုကို နားလည်ရန်ကြိုးစားသောအခါ ရှုထောင့်တစ်ခုထက်ပိုပြီး ရှုကြည့်ရမည်ဖြစ်သည်။ ဖြစ်စဉ်အများအပြားတွင် မှတ်သားမှုလုပ်ရန်အရေးကြီးသည်။

အခန်း(၃)ခန်းစလုံးတွင် အဓိကတွေ့ရှိချက်တစ်ခုမှာ အာဏာရှင်အစိုးရများနှင့် ကမ္ဘာ့အစိုးရများအနေဖြင့် ဝါဒဖြန့်ချိမှုကို အသုံးပြုကြခြင်းဖြစ်သည်။

ကျောင်းသားများအနေဖြင့် ရှုပ်ထွေးသောပြဿနာများကို အငြင်းအခုံလုပ်နိုင်စေရန် ဆွေးနွေးချက် အခွင့်အလမ်းအများအပြား ယခုစာအုပ်တွင်ပါဝင်သည်။ စာအုပ်ပြီးဆုံးချိန်တွင် ကျောင်းသားတို့ သမိုင်းဖြစ်ရပ်အချို့တွင် ဗဟုသုတကြွယ်ဝလာမည့်အပြင် ကိုယ်ပိုင်တန်ဖိုးများနှင့် ယုံကြည်မှုများကိုပါ လေ့လာစူးစမ်းလာကြမည်ဟု မျှော်လင့်ပါသည်။

## ၁။ စစ်အေးတိုက်ပွဲနှင့်နောက်ဆက်တွဲ

### ၁. ၁. စစ်အေးတိုက်ပွဲ အဓိပ္ပာယ်ဖွင့်ဆိုချက်

**Brainstorm**

နိုင်ငံများ ပဋိပက္ခဖြေရှင်းသည့် နည်းလမ်းများကို ကျောင်းသားများ စဉ်းစားမိသလောက် စာရင်းပြုစုပါစေ။ ဥပမာအားဖြင့် စစ်ပွဲ၊ စေ့စပ်ညှိနှိုင်းမှုများ၊ အပေးအယူလုပ်ခြင်း၊ သဘောတူညီ ချက်၊ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ၊ ပဋိပက္ခတွင် အခြားနိုင်ငံများ ပါဝင်မှုစသည်တို့ဖြစ် သည်။

ကျောင်းသားများအား စစ်အေးတိုက်ပွဲနှင့်ပတ်သက်ပြီး တစ်ခုခုစဉ်းစားထားသည်ကို ပြောခိုင်းပါ။ ဘယ်နိုင်ငံတွေပါဝင်ခဲ့သလဲ၊ ပဋိပက္ခဖြစ်ဖို့ အကြောင်းပြချက်ကဘာလဲ၊ အေးသော

(cold) ဟုဘာကြောင့်ခေါ်ရတာလဲ၊ ဆန့်ကျင်ဘက်နိုင်ငံတွေကြား အဓိကခြားနားချက်တွေက ဘာတွေလဲ၊ အဲဒီနိုင်ငံတွေကြားမှာ အမှန်တကယ် တိုက်ခိုက်မှုတစ်စုံတစ်ရာဖြစ်ခဲ့သလား၊

နိုင်ငံအချို့ကကို **'စူပါ ပါဝါများ'** လို့ ဘာ့ကြောင့်ခေါ်ဆိုရသလဲဆိုသည်နှင့် ပတ်သက်၍ ကျောင်းသားများအား ရှင်းပြခိုင်းပါ။

***ဖြစ်နိုင်ဖွယ်အဖြေ***

တောင့်တင်းခိုင်မာသော စစ်တပ်ရှိမှုနှင့်အတူ အလွန်စွမ်းအားကြီးသည့်နိုင်ငံမျိုးကို စူပါပါဝါ နိုင်ငံဟုခေါ်သည်။ အင်အားတောင့်တင်းတဲ့အတွက် အခြားနိုင်ငံတွေအနေနဲ့ ယင်းနိုင်ငံကို အန်တု ယှဉ်ပြိုင်ရန် အလွန်ခက်ခဲလိမ့် မည်ဖြစ်သည်။

စစ်ရေးနှင့် နိုင်ငံရေးအရ အင်အားပိုမိုကြီးမားလာခြင်းကြောင့် နိုင်ငံရေးအရ(သို့)စီးပွားရေး အရ နိုင်ငံသေးငယ်ပြီး အင်အားလျော့နည်းသောနိုင်ငံများအပေါ် ထိန်းချုပ်လာနိုင်ခဲ့သည် ထို့ပြင် စူပါပါဝါနိုင် ငံတစ်နိုင် ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာနိုင်ငံရေးကိစ္စရပ်များနှင့် အခြားလွတ်လပ်သော နိုင်ငံများ၏ နိုင်ငံရေးကိစ္စများအပေါ်တွင်လည်း လွှမ်းမိုးမှုများစွာရှိလာခဲ့သည်။

**သီအိုရီအရ စနစ်နှစ်ခု**

| ဆွေးနွေးချက် |
|---|
| **(စွမ်းရည်) -** အကြောင်းပြချက် |

ယခုအနေအထားတွင် ကွန်မြူနစ်စနစ်နှင့် အရင်းရှင်စနစ်တို့နှင့်ပတ်သက်ပြီး ကျောင်းသား များတွင် အချက်အလက်အနည်းငယ်ရှိကြသည်။ တချို့ဆိုလျှင် ယခင်ကသိရှိထားမှုအပေါ် အခြေခံ ပြီး ခိုင်မာသောအတွေးအမြင်များ ရှိနိုင်နေနိုင်သည်။ အခြားလူများတွင်မူ ယင်းအမြင်များမရှိပေ။ ကျောင်းသားများတွင်ကိုယ်ပိုင်အမြင်မရှိသည့်တိုင် စာအုပ်ပါအချက်အလက်များကို အခြေပြုပြီးဆွေး နွေးမှုများစတင်နိုင်သည်။ ယင်းအချက်အလက်(သုတ)မှတဆင့် ကိုယ်ပိုင်အမြင်ရှိလာအောင် စတင်သွားနိုင်သည်။

**"ကျွန်တော်ကွန်မြူနစ် စနစ်ကိုပိုကြိုက်တယ်ဆိုတာက ဒီစနစ်ကလူတွေအခမဲ့ပညာရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ပေးလို့ဖြစ်တယ်"**

**(သို့)**

**"ကျွန်တော်အရင်းရှင်စနစ်ကို ပိုကြိုက်တယ်ဆိုတာက ဒီစနစ်က စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ လူတွေအခွင့်အရေး ပိုရကြလို့ဖြစ်တယ်"**

ယခုစနစ်နှစ်ခုနှင့်ပတ်သက်ပြီး အချက်အလက်အများအပြားကို နောက်ပိုင်းတွင်လေ့လာရ မည်ဖြစ်သည်။

## လက်တွေ့အရစနစ်နှစ်ခု

## ကြိုတင်လေ့လာခြင်း

သီအိုရီအရ ကွန်မြူနစ်စနစ်နှင့် အရင်းရှင်စနစ်များသည် တကယ့်လက်တွေ့ဘဝတွင် ကိစ္စရပ်တွေကို တိတိ ကျကျဖြေရှင်းပေးနိုင်သည်ဆိုသည်နှင့် ပတ်သက်၍ ကျောင်းသားတွေထင်ထားသည်ကိုမေးပါ။ အဘယ့်ကြောင့် ဖြေရှင်းနိုင်/မနိုင် ရသနည်း၊ ကွန်မြူနစ်စနစ်နှင့်အရင်းရှင် စနစ်နှစ်ခုလုံး၏ သီအိုရီနှင့်လက်တွေ့လုပ်ဆောင်မှုကြား ခြား နားချက်အချို့က ဘာဖြစ်လာနိုင်မည် နည်း။ တကယ့်ဘဝမှာပြီးပြည့်စုံအောင်လုပ်ဆောင်ကြည့်သည့်အခါ ယင်းစနစ်တွေရဲ့ ပြဿနာတစ်ချို့ ကဘာဖြစ်လာနိုင်မည်နည်း။

### ဖြစ်နိုင်ဖွယ်အဖြေ

နိုင်ငံအများအပြားတွင်ယင်းစနစ်နှစ်ခုစလုံး၌အရာရှိများအကျင့်ပျက်ခြစားမှုနှင့်ဆက် နွယ်ပြီး ပြဿနာများရှိနေသည်။ အရင်းရှင်စနစ်၏တကယ့်ပြဿနာအချို့တွင်ကြီးမားသော ဆင်းရဲ၊ ချမ်းသာကွာဟမှု၊ ဆင်းရဲသူများအတွက် ကျန်းမာရေးနှင့်အဆင့်မြင့်ပညာရေးတို့တွင် ငွေကြေးအလွန်အမင်းပေးနေရခြင်း (သို့) လက် လှမ်းမမှီခြင်းတို့ပါဝင်နေသည်။ ကွန်မြူနစ်နိုင်ငံများမှာလည်း အစိုးရ၏စီမံခန့်ခွဲမှုညံ့ဖျင်းခြင်း၊ လူ့အခွင့်အရေးဆုံးရှုံးမှုကဲ့သို့ လူမှုအဖွဲ့အစည်းအတွင်း လွတ်လပ် မှုများကိုထိန်းချုပ်ထားခြင်း ဒဏ်များကိုခံစားကြရသည်။ ကွန်မြူနစ်အစိုးရပီပီ ဖိနှိပ်ချုပ်ချယ်မှုများကိုလုပ်ဆောင်ကြလေ့ရှိသည်။

## အုပ်စုလေ့ကျင့်ခန်း

ကျောင်းသားများအနေဖြင့်အုပ်စုအဖွဲ့ငယ်များ(သို့) သူငယ်ချင်းပုံစံဖြင့် ကွန်မြူနစ်စနစ်နှင့် အရင်းရှင်စနစ်များကိုဖော်ပြရန် စာရင်းမှ စကားစုများကိုရွေးချယ်ကြရသည်။ ထို့နောက် အောက်ပါ ဇယားတွင် အစီအစဉ်တကျ ထားရမည်။

| အရင်းရှင်စနစ် | ကွန်မြူနစ်စနစ် |
|---|---|
| ပုဂ္ဂလိက ဥစ္စာနေ ပိုင်ဆိုင်မှု | အစုအဖွဲ့လိုက် ဥစ္စာနေပိုင်ဆိုင်မှု |
| ဒီမိုကရက်တစ်နည်းအရပြည်သူများရွေးချယ်တင်မြှောက်မှု | တရားဝင်ပါတီမှ ခေါင်းဆောင်များကို ရွေးချယ်မှု |

## ဖတ်သိနားလည်နိုင်စွမ်း

### ဖြစ်နိုင်ခြေရှိသော အဖြေများ

**၁။** စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းနှင့် အကျင့်ပျက်ခြစားခြင်း

**၂။** ကုမ္ပဏီတစ်ခု (သို့) စီးပွားရေး လုပ်ငန်းတစ်ခုနေဖြင့် ဈေးနှုန်းများကို ပြောင်းလဲပစ်နိုင်သည် ဟူသော အဓိပ္ပါယ် သက်ရောက်မှုကြောင့် လက်ဝါးကြီးအုပ်ချုပ်မှုသည် ပြဿနာတစ်ရပ်ဖြစ်သည်။

ယင်း ကြောင့်စီးပွားရေးလုပ်ငန်းတစ် ခုသည် အလွန်မြင့်မားသော ဈေးနှုန်းများကို ပြောင်းလဲပစ်နိုင်သည့် အခိပ္ပါယ်ဆောင်သည်။ ပြည်သူများတွင် ရွေးချယ်ခွင့် မရှိကြပေ။ အရည်အသွေးမှီ ထုတ်ကုန်များကို (သို့) ဝန်ဆောင်မှုများသည် တစ်စုံတစ်ရာ အကျိုးဆက်မရှိဘဲ အခြေအရ ဆိုးရွားလာနိုင်သည်

**၃။**အစိုးရက လူမှုအဖွဲ့အစည်းကို ထိန်းချုပ်ထားခြင်း၊ မဲပေးခြင်း၊ နိုင်ငံရေးပါတီများ မီဒီယာ လွတ်လပ်မှုနှင့် လွတ် လပ်စွာ ဖော်ပြခွင့်ပေးခြင်းတို့အပေါ် ထိန်းချုပ်ထားသည်။

| ဆွေးနွေးချက် |
|---|
| **(စွမ်းရည်) -** <br> အကြောင်းပြချက် |

ယခုဆွေးနွေးခြင်း၏အဓိက ရည်ရွယ်ချက်က စနစ်နှစ်ခုစလုံးနှင့်ပတ်သက်ပြီး ကောင်းသည့်အချက်တွေရှိသလို ပြဿနာတွေရှိရခြင်းအပေါ် ကျောင်းသားများ မြင်နိုင်ရန်ဖြစ်သည်။ စနစ်တစ် ခုတွင် သီအိုရီအရ ကောင်းတဲ့အချက်တွေရှိနေသလို လက်တွေ့တွင် လူအများအတွက်သိပ်အလုပ်မဖြစ်တာတွေလဲ ရှိနေသည်။

ကျောင်းသားအနေဖြင့် စနစ်တစ်ခုချင်းစီကောင်းသော အချက်များကိုဖော်ထုတ်ရန် ကြိုးစားကြပြီး အတူတကွ အလုပ်လုပ်နိုင်ကြသည်ကိုလည်း မြင်တွေ့ရသည်။ သိသာထင်ရှားသည်က ယင်းစနစ်တစ်ခု (သို့) အခြားတစ်ခုအတွက် အိုင်ဒီယာအချို့ကို ဖြစ်နိုင်ဖွယ် မရှိခြင်း (သို့) ခက်ခဲမှုရှိခြင်းဖြစ်စေသည့် သဘောတရားဆိုင်ရာအချက်များပင်ဖြစ် သည်။

## ဥပမာအဖြေများ

### အရင်းရှင်စနစ်

အစိုးရအနေဖြင့် သေးငယ်သောစီးပွားရေးလုပ်ငန်းများနှင့် လူမှုအခြေပြုစီးပွားရေးလုပ်ငန်းများ ပိုမိုများပြားလာရန် အားပေးလုပ်ဆောင်နိုင်ပြီး လက်ဝါးကြီးအုပ်ချုပ်မှုကို ဆန့်ကျင်ပြီး စီးပွားရေးလုပ်ငန်းကြီးများအပေါ် တင်းကြပ်သောထိန်းချုပ်မှုများ လုပ်ဆောင်နိုင်သည်။ ကျန်းမာရေးနှင့်ပညာရေးအတွက် ဆင်းရဲသားများကို အရှုံးခံစိုက်ထုတ်ပေးမှုများ (အမတော်ကြေး)များ ထောက်ပံ့ပေးနိုင်သည်။ ယင်းအနေအထားက ဆင်းရဲချမ်းသာကွာဟမှုကိုလျှော့ချရာတွင် ကူညီပေးရာရောက်သည်။

### ကွန်မြူနစ်စနစ်

အစိုးရရန်ပုံငွေရရေးပြိုင်ဆိုင်နေရသော သေးငယ်သောစီးပွားရေးလုပ်ငန်းများ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအ ရည်အသွေးများ တိုးတက်လာရန် အကူအညီပေးနိုင်သည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပြည်တွင်းမှပိုမိုပါဝင်မှုကို ခွင့်ပြုခြင်း၊ အားပေးခြင်းက လူမှုအဖွဲ့အစည်းနှင့် လူများ၏အထွေထွေကျေနပ်မှုများအား တိုးတက်လာစေသည်။ ခေါင်းဆောင်မှုအတွက် ပိုမိုတာဝန်ယူတတ်မှုများကိုလည်း ကူညီရာရောက်သည်။

**ပြန်လည်သုံးသပ်လေ့လာခြင်း**

**(စွမ်းရည်) -**
အချက်အလက်စုစည်းခြင်း

ကျောင်းသားများအနေဖြင့် အုပ်စုလိုက် (သို့) အတန်းသားအားလုံးပါဝင်ပြီးလည်း လုပ်ဆောင်နိုင် သည်။

**ဥပမာအဖြေများ**

| | **ကွန်မြူနစ်စနစ်** | **အရင်းရှင်စနစ်** |
|---|---|---|
| **အားသာချက်များ** | အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု | စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ |
| | အဆင့်မြင့်ပညာရေးအထိ အခမဲ့ပညာရေးထောက်ပံ့မှု | ပိုပြီးလွတ်လပ်မှု |
| | အလုပ်အတွက်လုံခြုံမှုပိုရှိခြင်း | တည်ငြိမ်မှု |
| | | အစိုးရအဖွဲ့တွင် ပွင့်လင်းပြီး တာဝန်ယူတတ်မှု |
| **အားနည်းချက်များ** | အကျင့်ပျက်ခြစားမှု | အကျင့်ပျက်ခြစားမှု |
| | ထုတ်လုပ်မှုအားလုံးအပေါ် နိုင် ငံတော်က လက်ဝါးကြီး အုပ်ချုပ်ထားမှု | လက်ဝါးကြီးအုပ်ချုပ်မှု |
| | စီမံခန့်ခွဲမှုရေးရာညံ့ဖျင်းမှု | ဆင်းရဲချမ်းသာကွာဟမှု မြင့်မားခြင်း |
| | | အဆင့်မြင့်ပညာ ရေးအတွက် ကုန်ကျစရိတ်ကြီးမား ခြင်း |
| | | ကျန်းမာရေးစောင့်ရှောက်မှုတွင် လွတ်လပ်မှုမရှိခြင်းနှင့် အား ထုတ်မှုမရှိခြင်း |

## ၁. ၂ စစ်အေးတိုက်ပွဲမူလအစများ

**လေ့ကျင့်ခန်း**

**အဖြေများ**

- ဒုတိယကမ္ဘာစစ်အတွင်း အခြားနိုင်ငံသားများထက် ရုရှားလူမျိုးများ ပိုမို သေဆုံးခဲ့သည်။
- အရှေ့ဥရောပနိုင်ငံအများအပြားသည် ဆိုဗီယက်ပြည်ထောင်စု၏ ထိန်း ချုပ်ခြင်းခံခဲ့ရသည်။
- ချန်ကေရှိတ်သည် မော်စီတုန်း၏အနိုင်ယူခြင်းခံခဲ့ရသည်။
- ဗြိတိန်နှင့်အမေရိကန်တို့သည် ရုရှားရှိ ကွန်မြူနစ်စနစ်အား ဆန့်ကျင်သူများကိုအကူအညီပေးခဲ့သည်။
- ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိန်၊ အမေရိကန်နှင့်ပြင်သစ်တို့ထံမှ အကူအညီအလုံအလောက်မရခဲ့ဟု ရုရှားတို့ကယူဆခဲ့သည်။
- အနောက်မဟာမိတ်နိုင်ငံများသည် ကွန်မြူနစ်စနစ်ပျံ့နှံ့လာမည်ကို ကြောက်ရွံ့ခဲ့ကြသည်။

**ဖတ်သိနားလည်စွမ်း**

**အဖြေများ**

**၁။** ရုရှားတော်လှန်ပြီးနောက် အနောက်အုပ်စုက ပြည်တွင်းစစ်ပွဲအတွင်း ကွန် မြူနစ်စနစ် ဆန့်ကျင်သူများကို ထောက်ပံ့ပေးခဲ့သည်။ဒုတိယကမ္ဘာစစ် အချိန်ကာလအတွင်း ရုရှားကူညီရန် အနောက်မဟာမိတ်များက ငြင်းဆိုခဲ့ သည်။

**၂။** ဆိုဗီယက်တို့သည် ဒုတိယကမ္ဘာစစ်အဆုံးတွင် အရှေ့ဥရောပနိုင်ငံများဖြစ် သော(ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ အရှေ့ဂျာမဏီ၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ဘူဂေးရီးယား)တို့ကို သိမ်းပိုက်ခဲ့ပြီး လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပခွင့်မပေးခဲ့ပေ။

ကွန်မြူနစ်တရုတ်တို့၏ အောင်မြင်မှုက ကမ္ဘာလုံးဆိုင်ရာ ကွန်မြူနစ်စနစ် ပျံ့နှံ့မှုအတွက် အနောက်အုပ်စုကို ကြောက်ရွံ့သွားစေခဲ့သည်။

**သမားရိုးကျမဟုတ်သော လုပ်ဆောင်မှု**

ကျောင်းသားများဟာ တတ်သိနားလည်နိုင်စွမ်းမေးခွန်းများကို မေးသည့်ပုံစံအစား အုပ်စုလိုက်စီထားပြီး Board ပေါ်မှ အဖြေလေးခုကိုရေးခိုင်းပါ။

ထို့နောက် ဘုတ်ပေါ်တွင်ရေးပါ။

**၁။ သမိုင်းဖြစ်ရပ်နှစ်ခု အမည်ပေးပါ။ ယင်းဖြစ်ရပ်တွင် -----------।**

**၂။ သမိုင်းဖြစ်ရပ်နှစ်ခု အမည်ပေးပါ။ ယင်းဖြစ်ရပ်တွင် -----------।**

အုပ်စုလိုက်ကျောင်းသားများသည် အထက်ဖော်ပြပါအဖြေပေါ်တွင် အခြေခံသောမေးခွန်း တစ်ခုချင်းစီကို ပြည့်စုံအောင်ဖြည့်ပေးရမည်။

ဘယ်သူက အမြန်ဆုံးပြီးစီးအောင် ဖြေဆိုနိုင်ကြောင်း ကျောင်းသားများကိုပြိုင်ခိုင်းပါ။

# ၁. ၃ လက်နက်အားပြိုင်ပွဲ

**စဉ်းစားခိုင်းခြင်း**

**ဖြစ်နိုင်ဖွယ်အဖြေများ**

ပဲ့ထိန်းဒုံးကျည်များ၊ ဂျက်လေယာဉ်၊ ကွန်ပျူတာ၊ ရေဒါ၊ နူကလီးယားနှင့် လေဆာလက်နက်များကဲ့သို့ လက်နက်စနစ်များ၊ အာကာသလေ့လာစူးစမ်းမှု၊ ရေငုပ်သင်္ဘောများ၊ နူစွမ်းအင်သုံးသင်္ဘောများ -

**ဖတ်သိနားလည်စွမ်း**

**ဂရပ်အတွက်မေးခွန်းများ**

**အဖြေများ**

**၁။** အမေရိကန်

**၂။** ၂၀. ၀၀၀ခန့်

**၃။** ၁၉၇၇ ခန့်

**၄။** အမေရိကန်-၂၅,၀၀၀၊ ဆိုဗီယက်ပြည်ထောင်စု-၃၀,၀၀၀၊ ခြားနားချက် = ၅,၀၀၀

**၅။** အမေရိကန်-၃၂,၀၀၀ခန့်၊ ဆိုဗီယက်ပြည်ထောင်စု-၄၀,၀၀၀ခန့်၊

**၆။ ဖြစ်နိုင်ဖွယ်အဖြေများ**

အမေရိကန်အားအမှီလိုက်ရန် ဆိုဗီယက်ပြည်ထောင်စုက နျူထိပ်ဖူး အရေအတွက်ကို အလျှင်အမြန်တိုးမြှင့်ခဲ့သည်။ အမေရိကန်ကလည်း အလျှင်အမြန်ပင် နျူထိပ်ဖူးအရေအတွက်ကို ၁၉၆၅ခုနှစ်ထိ တိုးမြှင့်ခဲ့သည်။ သို့သော်ဆိုဗီယက်ပြည်ထောင်စုက ထိပ်ဖူးကို ထပ်မံတိုးမြှင့်ခံသော်လည်း အမေရိကန် ယင်းအရေအတွက်ကို လျော့ချခဲ့သည့် မူလက အမေရိကန်သည် ဆိုဗီယက်တို့ထက် နျူထပ်ဖူးပိုင်ဆိုင်မှု ပိုမိုများပြားခဲ့သော်လည်း ၁၉၇၅ ခုနှစ်အရောက် ပမာဏချင်းတူညီသွားခဲ့သည်။ နှစ်နိုင်ငံစလုံး၏ ၁၉၇၅ခုနှစ် နျူထိပ်ဖူးပိုင်ဆိုင်မှုသည် ၁၉၅၉ ခုနှစ် ပိုင်ဆိုင်မှုများထက် အလွန်များပြားခဲ့ကြသည်။

**ဗုံးလယားနှင့်ဂရပ်အတွက် မေးခွန်းများ**

**အဖြေများ**

**၁။** တရုတ် - ၄၅၀

**၂။ ဖြစ်နိုင်ဖွယ်အဖြေများ**

အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့အတွက် ၁၉၆၀ပြည့်နှစ်နှင့် ၁၉၈၅ ခုနှစ်ကြားကာလများသည် နျူလက်နက်များ ပထမဆုံးတိုးမြှင့်ခဲ့သည့်ကာလဖြစ်သည်။ နျူလက်နက် အများအပြားကို ၁၉၆၀-၁၉၈၅ခုနှစ်များအတွင်းတည်ဆောက်ခဲ့ကြသည်။ ၁၉၆၀-၁၉၈၉ ခုနှစ်များတွင် အခြားနိုင်ငံများကလည်း နျူလက်နက်များကို ထုတ်လုပ်လာနိုင်ခဲ့ကြသည်။

| ဆွေးနွေးချက် |
| --- |
| **(စွမ်းရည်) -** အကြောင်းပြချက် |

**ဖြစ်နိုင်ဖွယ်အဖြေများ**

တစ်ဖက်ချင်းစီက လက်နက်များကိုအများအပြား ထုတ်လုပ်နေသကဲ့သို့ အခြား တစ်ဖက်တွင်လည်း ပြိုင်ဘက်နှင့်အမှီလိုက်ရန် လက်နက်များပိုမိုထုတ်လုပ်ရမည်ဟုမှတ်ယူထား သည်။ ယခင်ကထက် ပိုမိုထိရောက်အစွမ်းထက်သော ချုံးပုံးများကိုတီထွင်ထုတ်လုပ်လာကြသည်။ တစ်ဖက်ချင်းစီက လက်နက်အများအပြား ပိုင်ဆိုင်မှုဖြင့် အခြားတစ်ဖက်ကို အထိတ်တလန့်ဖြစ်စေ ရန်ဆန္ဒရှိကြသည်။

## ၁.၄ အပိုင်းခြားခံရသောကမ္ဘာ

**စုပေါင်းလုပ်ဆောင်ခြင်း**

ကျောင်းသားများအနေဖြင့် ကမ္ဘာ့မြေပုံ (သို့) မြေပုံစာအုပ်ကိုအသုံးပြုပြီးအုပ်စုလိုက် နိုင်ငံ များ၏တည်နေရာကိုစာရင်းပြုစုကြသည်။ ကျောင်းသားများ၏မြေပုံသည် ကမ္ဘာကြီးတွင် အရင်းရှင်၊ ကွန် မြူနစ်နှင့် မဟာမိတ်မဖွဲ့သောနိုင်ငံများအဖြစ် မည်ကဲ့သို့ပိုင်းခြားခံရသည်ကို ကိုယ်စားပြုမည်ဖြစ်သည်။ သတိထားရမည်က ယင်းကမ္ဘာကြီးမှာ ၁၉၆၀-၁၉၈၀ ပြည့်နှစ်အချိန် ကာလကဖြစ် သည်။ ယခုအချိန်- တွင် ကမ္ဘာ့မြေပုံမှာ အလွန်ပင်ခြားနားသွားပြီဖြစ်သည်။ ကျောင်းသားစာအုပ်ထဲရှိ မေးခွန်း ၅(က)(ခ)ကို ဖြေရန်အုပ်စုလိုက် အလုပ်ဆက်လက်လုပ်ဆောင်ပါ။

### ၅. ဖြစ်နိုင်ဖွယ်အဖြေများ

**(က)** သူတို့သည် အရင်းရှင်နှင့် ကွန်မြူနစ်နိုင်ငံများဖြစ်ကြသည်။ ပထမအုပ်စုမှာ ကွန်မြူနစ် (သို့) ကွန် မြူနစ်နိုင်ငံဟောင်းများဖြစ်ကြသည်။ ဒုတိယအုပ်စုမှာအရင်းရှင်နိုင်ငံများ ဖြစ် သည်။

**(ခ)** တတိယအုပ်စုမှာ အများအားဖြင့် ဆင်းရဲသောနိုင်ငံများဖြစ်ကြသည်။ ၎င်းတို့မှာ ဖွံ့ဖြိုးဆဲနိုင် ငံများဖြစ်ကြသည်။ ယင်းနိုင်ငံများကို အာဖရိက၊ တောင်အမေရိက၊ တောင်အာရှတို့တွင်တွေ့ရ သည်။ ယင်းနိုင်ငံများမှာ ကွန်မြူနစ်လည်းမဟုတ်၊ အရင်းရှင်လည်း မဟုတ်ကြပေ။ အများစုမှာ ဥရောပနိုင်ငံတစ်ခုခု၏ ကိုလိုနီဟောင်းများသာဖြစ်ကြသည်။

## စုပေါင်းလုပ်ဆောင်ခြင်း

### ဖြစ်နိုင်ဖွယ်အခြေ

**၁။** ဒုတိယကမ္ဘာစစ်ပြီးနောက် အမေရိကန်သည်စစ်ပွဲကြောင့်ပျက်စီးဆုံးရှုံးခဲ့ရသော နိုင်ငံ များ (အထူးသဖြင့် ဂျာမနီနှင့် ဂျပန်)အပါအဝင် နိုင်ငံများပြန်လည်တည်ဆောက်ရေးကူညီရန် ငွေအမြောက်အ မြားသုံးစွဲခဲ့သည်။ ဥရောပတွင်ယင်းကို ခန Marshall Plan ဟုခေါ်သည်။ ရည်ရွယ်ချက်က ယင်းနိုင်ငံများကို စီးပွားရေးအကူအညီပေးခြင်းဖြင့် ကွန်မြူနစ်စနစ်ကို ဖယ်ရှားပစ် ရန်ဖြစ်သည်။ နိုင်ငံများအား စီးပွားအထောက်အပံ့ပေးရန် ကမ်းလှမ်းခြင်းသည် အမေရိကန်လိုလား မှုကိုဖြစ်လာစေခဲ့သည်။

ယင်းမှာအမှန်တကယ်ဖြစ်ပျက်ခဲ့ခြင်းပင်ဖြစ်သည်။ ကျောင်းသားများအနေဖြင့် အသွင်သဏ္ဍာန်တူမှု (သို့)ခြားနားမှုအတွေးများ ဖြစ်ပေါ်လာနိုင်သည်။ အဖွဲ့တစ်ဖွဲ့ချင်းစီက ၎င်းတို့၏ အတွေးများကိုပေးပြီးနောက် ဘုတ်ပေါ်တွင်အကျဉ်းချုံးရေးပြီး ကျောင်းသားများအား စာပိုဒ်ကိုဖတ်ခိုင်းပါ။ ကျောင်းသားများစာဖတ်ပြီးနောက် စာပိုဒ်ထဲရှိအချက်အလက်များနှင့်အ တူ ၎င်းတို့၏အဖြေများကို နှိုင်းယှဉ်ခိုင်းပါ။ ယင်းအရာများသည် အသွင်သဏ္ဍာန်တူညီပါသလား။ ခြားနားပါသလား။

### ဖြစ်နိုင်ဖွယ်အခြေ

**၂။** မည်သည့်အရင်းရှင်နိုင်ငံများ (အထူးသဖြင့် အမေရိကန်)က ပြည်တွင်းစစ်ပွဲကာလ အလယ်အတွင်းရောက်ရှိနေသည့် လွတ်လပ်သောနိုင်ငံသစ်များကို စစ်ရေးအကူအညီ စတင်ကမ်းလှမ်းခဲ့ကြသနည်း။ အမေရိကန်သည် စစ်ပွဲဖြစ်ရသောနိုင်ငံတစ်နိုင်ငံကို အာဏာပြန်ရရေးကူညီရန် ကမ်းလှမ်းနိုင်ခဲ့ပြီး ကွန်မြူနစ်စနစ်အောက်ကျရောက်တော့မည့်အနေအထားမှ ကာကွယ်ပေးခဲ့သည်။ ယင်းလုပ်ဆောင်မှုမှာ အမေရိကန်လိုလားသော (သို့) အနောက်အုပ်စုကိုလိုလားသော အစိုးရ တစ်ရပ်ဖန်တီးပေးခြင်းနှင့် နိုင်ငံတစ်နိုင်ငံအား အရင်းရှင်စနစ်နည်းလမ်းအတိုင်း ဖွံ့ဖြိုးတိုးတက်လာ စေရန် လုပ်ဆောင်ပေးခဲ့မှုဖြစ်သည်။ ထို့နောက် အမေရိကန်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသစ်အစိုးရတစ်ရပ်ဖြစ်လာစေရေးဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့များ ဆက်လက်ကူညီခဲ့သည်။

အရင်းရှင်စနစ်ကို ခြိမ်းခြောက်နိုင်သောအရာများ - ပျက်စီးယိုယွင်းနေသော စီး ပွားရေး၊ တည်ငြိမ်မှုမရှိသော အစိုးရ၊ ပြည်တွင်းစစ်၊ ခိုင်မာသောကွန်မြူနစ်ရွေ့ပြောင်းပါတီ (သို့) နိုင်ငံတွင်းစစ်တပ် တက်ကြွစွာပါဝင်မှု၊ အခြားသောကွန်မြူနစ်နိုင်ငံတစ်ခုမှ ဘဏ္ဍာရေး (သို့) စစ်ရေးအထောက်အပံ့၊ ကွန်မြူနစ်ပြောက်ကျားတပ်ဖွဲ့လှုပ်ရှားနိုင်ရေးအတွက် အိမ်နီးချင်းကွန်မြူနစ်နိုင်ငံတစ်ခုတွင် အခြေစိုက်စခန်းတစ်ခုထားရှိရေးတို့ဖြစ်သည်။

## လွပ်လပ်သောနိုင်ငံသစ်များအတွက်အကူအညီ

**ဖတ်သိနားလည်စွမ်း**

ကျောင်းသားများအနေဖြင့် မေးခွန်းများကို အုပ်စုလိုက် (သို့) အိမ်စာပုံစံဖြင့်ဖြေနိုင်သည်။

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** ဒုတိယကမ္ဘာစစ်ဒဏ်ကို နိုင်ငံအချို့ခံစားခဲ့ရသောကြောင့် မြို့များနှင့်စီးပွားရေး လုပ်ငန်းများ ပျက်စီးသွားခဲ့ရသည်။ အချို့နိုင်ငံများမှာ လွတ်လပ်သောနိုင်ငံသစ်များ (ကိုလိုနီ ဟောင်းနိုင်ငံများ) နှင့် ဆင်းရဲသောနိုင်ငံများဖြစ်ကြသည်။ အချို့နိုင်ငံသစ်များမှာ ပြည်တွင်းစစ်ပွဲ များတွင် တိုက်ခိုက်ပါဝင်နေရသဖြင့် နိုင်ငံများကို အခြေခံအဆောက်အဦနှင့် စီးပွားရေးပျက်စီး ဆုံးရှုံးမှုများဖြစ်ပွားစေခဲ့သည်။

**၂။** သေချာရေရာမှုရှိသောနိုင်ငံများကို ငွေကြေး၊ အထောက်အပံ့အကူအညီနှင့် လက် နက်များပေးခြင်း။ စစ်ရေးအထောက်အပံ့နှင့် ဖွံ့ဖြိုးမှုအထောက်အပံ့များထောက်ပံ့ခြင်း။

**၃။** ဆိုဗီယက်ပြည်ထောင်စု (သို့) တရုတ်

## ကိုယ်စားလှယ်စစ်ပွဲများ

**ဖတ်သိနားလည်စွမ်း**

**အဖြေများ**

**၁။** အာဖရိက၊ အာရှ၊ လက်တင်အမေရိက (တောင်အမေရိကနှင့်ဗဟိုအမေရိက/ ကာရစ်ဘီယန်) အကောင်းဆုံးသော ဥပမာ(၃)ခုမှာ ကိုရီးယား၊ ဗီယက်နမ်နှင့် အာဖဂန်နစ္စတန်တို့ ဖြစ်ကြသည်။

## ဗီယက်နမ်စစ်ပွဲ

**ဖတ်သိနားလည်စွမ်း**

ကျောင်းသားများအား တစ်ယောက်ချင်းစီအလိုက်လည်းကောင်း၊ နှစ်ယောက်တစ်တွဲသော် လည်းကောင်း၊ အိမ်စာအဖြစ်သော် လည်းကောင်း မေးခွန်းများကိုဖြေခိုင်းပါ။

**အဖြေများ**

**၁။** အရှေ့တောင်အာရှတွင် ကမ္ဘောဒီးယား၊ လာအိုနှင့်တရုတ်တို့ကပ်လျက်ရှိကြသည်။

**၂။** ဂျပန်များ

**၃။** ဟိုချီမင်းကို အမေရိကန်တို့မယုံကြည်ရခြင်းမှာ ဟိုအနေဖြင့်ဗီယက်နမ်လွတ်လပ်ရေး အတွက် ဆိုရှယ်လစ်ပုံစံအစိုးရကို အလိုရှိခဲ့သောကြောင့်ဖြစ်သည်။

**၄။** မြောက်ဗီယက်နမ်များမှာ ကွန်မြူနစ်များဖြစ်ခြင်းကြောင့် ဗီယက်နမ်ကွန်မြူနစ်နိုင်ငံ ဖြစ်လာမည်ကို အမေရိကန်တို့ကစိုးရိမ်ခဲ့ကြသည်။ နောက်ပိုင်းအာရှရှိအခြားနိုင်ငံများတွင်လည်း ကွန်မြူနစ်စနစ်လွှမ်း မိုးသွားမည်ကို စိုးရိမ်ခဲ့ကြသည်။ ('ဒိုမီနို' အကျိုးသက်ရောက်မှု)

**၅။** တရုတ်နှင့် ဆိုဗီယက်ပြည်ထောင်စု

**၆။** အာဖဂန်နစ္စတန်

## လေ့ကျင့်ခန်း

**အဖြေများ**

ဗီယက်နမ်မျိုးချစ်များနှင့် ပြင်သစ်ထံမှလွတ်လပ်ရေးရရန်ကြိုးပမ်းနေသော ဟိုချီမင်းကို ထောက်ပံ့ကူညီရန် အမေရိကန်ကငြင်းဆိုခဲ့သည်။

ပြည်တွင်းစစ်ပွဲအတွင်း မြောက်ဗီယက်နမ်များ(သို့)ဗီယက်ကွန်းတို့သည် ပြောက်ကျားစနစ်သုံး တိုက်ပွဲနည်းလမ်းများကို အသုံးပြုခဲ့သည်။ ၁၉၆၀ ပြည့်နှစ်အတွင်း မြောက်ဗီယက်နမ်စစ်တပ်ကို ကွန်မြူနစ်တရုတ်က ထောက်ပံ့ပေးခဲ့သည်။

၁၉၅၄ ခုနှစ်တွင် ဗီယက်နမ်မျိုးချစ်များက ကိုလိုနီပြုသူ ပြင်သစ်များကို အနိုင်တိုက်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်နောက်ပိုင်းဆီဦးတည်သော အမေရိကန်ပြည်သူများက ဗီယက်နမ်စစ်ပွဲကို မထောက်ခံခဲ့ပေ။

ကုလသမဂ္ဂက ဗီယက်နမ်တွင် ရွေးကောက်ပွဲများကျင်းပပေးရန် ကတိကိုချိုးဖောက်ခဲ့ပြီး၊ နိုင်ငံကိုတောင်နှင့်မြောက်ဟူ၍ ပိုင်းခြားသွားစေခဲ့သည်။

## စုပေါင်းလုပ်ဆောင်ခြင်း

ကျောင်းသားများသည် ဗီယက်နမ်စစ်ပွဲနှင့်ပတ်သက်သော အဓိကရက်စွဲများနှင့် အဖြစ်အပျက်များကို အချိန်အပိုင်းအခြားအလိုက် ဖြည့်ကြရမည်။

**အဖြေများ**

၁၈၈၃ ၁၉၅၄ ၁၉၄၅ ၁၉၆၄ ၁၉၇၅




**အာဖဂန်နစ္စတန်**

## ဖတ်သိနားလည်စွမ်း

**အဖြေများ**

**၁။** ယခင်ဆိုဗီယက်ပြည်ထောင်စုဟောင်းနှင့် တောင်ဘက်ခြမ်းနယ်စပ်၊ အာရှတွင်ဖြစ် သည်။ ယင်းဒေသတွင်သည် အီရန်(အနောက်)၊ ပါကစ္စတန်(အရှေ့)၊ တာဂျစ်ကစ္စတန်၊ ဥဇဘတ်ကစ္စတန်နှင့် တာ့ခ်မေနစ္စတန်(မြောက်)တို့ ကြားတွင်တည်ရှိသည်။

**၂။** ဆိုဗီယက်ပြည်ထောင်စု

**၃။** မှန်

၄။ ကွန်မြူနစ်အာဖဂန်အစိုးရသစ်အနေဖြင့် သူပုန်များအား ဖယ်ရှားရန်ကြိုးစားရင်းနှင့်ပင် ထိန်းချုပ်မှု မလုပ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။
၅။ ကွန်မြူနစ်အာဖဂန်အစိုးရကို ဆန့်ကျင်အနိုင်ရရေး လုပ်ဆောင်ရာတွင်သူပုန်များကို အကူအညီပေးရန် အမေရိကန်ကဆန္ဒရှိခဲ့မှုကြောင့်ဖြစ်သည်။
၆။ မဟုတ်ပါ အာဖဂန်သူပုန်များအား ဆန့်ကျင်ရာတွင် ကောင်းမွန်စွာမလုပ်ဆောင်နိုင်ခြင်း ကြောင့်လည်းကောင်း ဆိုဗီယက်ပြည်သူများ၏ ဖိအားပေးမှုကြောင့်လည်းကောင်း ဆိုဗီယက်တို့ အာဖဂန်မှဆုတ်ခွာခဲ့ကြသည်။ ဆိုဗီယက်တို့ အာဖဂန်မှထွက်ခွာသွားပြီးနောက် ကွန်မြူနစ်အာဖဂန် အစိုးရအနေဖြင့် အာဏာကိုအချိန်ကြာကြာဆုပ်ကိုင်မထားနိုင်ခဲ့ပေ။

## စုပေါင်းလုပ်ဆောင်ခြင်း

**အဖြေများ**




**ဆွေးနွေးချက်**

**(စွမ်းရည်) - အကြောင်းပြချက်**

**ဖြစ်နိုင်ဖွယ်အဖြေများ**

၁။ အမေရိကန်ရောဗြိတိန်ပါ နိုင်ငံခြားစစ်ပွဲတစ်ခုကို အနိုင်ရရန်မတတ်နိုင်ကြောင်း သက် သေ- ပြခဲ့ကြသည်။ စစ်ပွဲများအပေါ် လူထုထောက်ခံမှုမရှိခြင်း (အထူးသဖြင့်ဗီယက်နမ်စစ်ပွဲ) ကလည်း တစ်နိုင်ငံချင်းစီအတွက် စစ်ပွဲများကိုဆက်လက်ထောက်ပံ့ပေးရန် ခက်ခဲစေခဲ့ရသည်။'
၂။ အင်အားကြီးနှစ်နိုင်ငံလုံး လုပ်ဆောင်မိသည့် အမှားမှာ အခြားသူ၏ ပြည်တွင်းစစ်ကို ထဲထဲဝင်ဝင် ပါဝင်ခဲ့ခြင်း ဖြစ်သည်။

# ၁. ၅ ဝန်ရိုးနှစ်ခုမှ ဝန်ရိုးစုံသို့

## ဆိုဗီယက်ယူနီယံပြိုကွဲခြင်း

**လေ့ကျင့်ခန်း**

**အဖြေများ**

စစ်အေးတိုက်ပွဲ (လက်နက်ပြိုင်ဆိုင်မှု၊ ကိုယ်စားလှယ်စစ်ပွဲများ၊ အာကာသပြိုင်ပွဲ)သည် ငွေကြေးအမြောက်အမြားကုန်ကျပြီး ရင်းမြစ်များကုန်ဆုံးစေသည်။ ယင်းကြောင့်စီးပွားရေးကျ ဆင်းလာ စေသည်။ စီးပွားရေးဆုတ်လျော့လာသောအခါ လူနေမှုအဆင့်အတန်းလည်းကျဆင်းသွားသည်။လူ နေမှုအဆင့်အတန်းဆိုးရွားလာသောကြောင့် လူအများမှာ ပျော်ရွှင်မှုမရှိတော့ဘဲ နိုင်ငံရေး နှင့်လူမှုရေး မငြိမ်သက်မှုများဖြစ်ပွားစေသည်။ ယင်းကဲ့သို့စီးပွားရေးနှင့် နိုင်ငံရေး မငြိမ်သက်မှုကြောင့်နောက်ဆုံးတွင် ဆူပူအုံကြွမှုဖြစ်ပွားကာ လူအများက အစိုးရနှင့်စီးပွားရေးစနစ်များပြောင်းလဲပစ်ရန် တောင်းဆိုကြသည်။

A New World Order

**ကြိုတင်လေ့လာခြင်း**

**ဖြစ်နိုင်ဖွယ်အဖြေများ**

စစ်အေးတိုက်ပွဲပြီးဆုံးပြီးနောက် ‘A New World Order’က ကမ္ဘာကြီး၏ နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းကိုဖော်ပြခဲ့သည်။ယင်းကဖော်ပြရာတွင်လက်ရှိကမ္ဘာစနစ်တွင် အမေရိကန်သာတစ်ခုတည်းသော စူပါပါဝါဟုဆိုသည်။ ဆိုဗီယက်ယူနီယံပြိုကွဲခြင်းမှာ ကျန်ကမ္ဘာ့ဒေသများ တို့အတွက် ကြီးမားသောရိုက်ခတ်မှုဖြစ်ခဲ့သည်။ ကမ္ဘာ့နိုင်ငံရေးအခြေအနေများမှာလည်း စစ်အေးတိုက်ပွဲဘောင်အတွင်း၌ ကာလကြာရှည်ဆောင်ရွက်နိုင်ခြင်းမရှိတော့ပေ။ လူသားချင်းစာနာမှုဆိုင်ရာပြဿနာရပ်များမှာ အမေရိကန် (သို့) ဆိုဗီယက်ပြည်ထောင်စုကို ပိုမိုအင်အားကောင်းအောင် ဘယ်လိုလုပ်ဆောင်ရမည်ထက် ပိုမိုအရေးကြီးသော မူဝါဒဆိုင်ရာ စိုးရိမ်မှုတစ်ခုဖြစ်လာခဲ့ သည်။ ရက်စက်သောအစိုးရများကို ထောက်ပံ့ပေးသောမူဝါဒများမှာ မေးခွန်းထုတ်ခြင်းခံလာရ သည်။ စစ်ပွဲအသစ်များမှာ စစ်အေးတိုက်ပွဲဖြစ်ပွားခဲ့ရာ ဇရိယာများတွင် ဖြစ်ပွားခဲ့သည်။

## ဂလိုဘယ်လိုက်ဇေးရှင်း

| ဆွေးနွေးချက် |
|---|
| **(စွမ်းရည်) -** |
| အကြောင်းပြချက် |

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** နှစ်ဖက်စလုံးကအလွန် အင်အားတောင့်တင်းသောကြောင့် တစ်ဦးကိုတစ်ဦးကြောက်ရွံ့ကြသည်။ နှစ်ဖက်စလုံးတွင် စစ်ပွဲတစ်ခုစတင်ရန် လက်နက်အမြောက်အမြားပိုင်ဆိုင်ထားခြင်းက တစ်ကမ္ဘာလုံးအတွက် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်လာစေသည်။ မည်သူကမျှ နျူကလီးယားစစ်ပွဲတွင် အနိုင်မရနိုင်ခြင်းကြောင့်ဖြစ်သည်။

ယင်းအသုံးအနှုန်းမှာ စူပါပါဝါနှစ်နိုင်ငံကြား စစ်ပွဲအပေါ်ဂယက်ရိုက်ခြင်း အပြန်အလှန်အားဖြင့်သေချာသောဖျက်စီးမှု (MAD) ကိုမကြာခဏ ဖေါ်ပြလေ့ရှိသည်။ ရည်ညွှန်းသည်မှာ အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုနှစ်ခုစလုံး၏ စွမ်းရည်သည် အခြားနိုင်ငံ (ကမ္ဘာကြီးတစ်ခုလုံးလည်းဖြစ်နိုင်ဖွယ်ရှိ) ကိုလည်း အလုံးစုံဖျက်စီးပစ်နိုင် သည်ဟုဆိုလိုသည်။

**၂။** စူပါပါဝါတစ်နိုင်ငံက သူ၏စွမ်းအားဖြင့် အခြားစူပါပါဝါနိုင်ငံကို အမြဲတမ်းခြိမ်းခြောက် လေ့ရှိသည်။ စူပါပါဝါနိုင်ငံတစ်နိုင်ငံအနေဖြင့် ယင်းကဲ့သို့ခြိမ်းခြောက်လိုသည့်ဆန္ဒရှိသည့်တိုင် အခြားစူပါပါဝါနိုင်ငံက တားဆီးရန်ကြိုးပမ်းမှုကြောင့် ၎င်း၏ဆန္ဒအတိုင်းမလုပ်ဆောင်နိုင်ပေ။ အခြားအင်အားကြီးနိုင်ငံ၏ စိုးရိမ်မှုကြောင့် စူပါပါဝါနိုင်ငံ နှစ်နိုင်ငံမှာ ၎င်းတို့လုပ်ဆောင်ချက် အပြုအမူများကို သတိထားကြရသည်။ ယင်းအပြုအမူများအတွက် နောက်ဆက်တွဲအကျိုးသက် ရောက်မှု အမြဲရှိသည်။ ယင်းကို "အင်အားချိန်ခွင်လျှာ" (Balance of Power) ဟုခေါ်သည်။

**၃။** လက်နက်ပြိုင်ဆိုင်မှုများကြောင့် အန္တရာယ်ကြီးမားသော တတိယကမ္ဘာစစ်ပွဲကို ဦးတည်သွားစေနိုင်သည်။ စူပါပါဝါများမှာ အခြားနိုင်ငံများသို့လက်နက်ထောက်ပံ့မှုပေးနေပြီး အလွန်အန္တရာယ်ကြီးမားသော ကမ္ဘာကြီးအဖြစ်ဖန်တီးပေးနေကြသည်။ လက်နက်ပြိုင်ဆိုင်မှုနှင့်ဆက်နွယ်သော ကုန်ကျမှုများကို ဆင်းရဲမွဲတေမှုအဆုံးသက်ရေးကဲ့သို့ ငြိမ်းချမ်းရေးရည်ရွယ်ချက်များတွင်သုံးစွဲနိုင်သည်။ ကိုယ်စားလှယ်စစ်ပွဲများသည် ငြိမ်းချမ်းသောကမ္ဘာကြီးကို အကာအကွယ်ပေးနေသည်။ နူကလီးယားကမ္ဘာစစ်ပွဲအပေါ် ကြောက်ရွံ့နေမှုများ အဆုံးသတ်သွားသည်။

**၄။** အကြောင်းမှာ စူပါပါဝါနှစ်ခု၏ ချိန်ခွင်လျှာမျှခြေ အချိန်ကြာကြာရှိမနေခြင်းကြောင့် ဖြစ်သည်။

**၅။** တစ်ခုတည်းသောစူပါပါဝါနိုင်ငံက အခြားနိုင်ငံများကို အကျိုးအမြတ်ဖြစ်ထွန်းစေရန် လုပ်ဆောင်မှုမှာ ယုံကြည်စိတ်ချနိုင်ပါသလား? အခြားနိုင်ငံများအနေဖြင့် ကမ္ဘာ့ရေးရာများ (သို့) ကုလသမဂ္ဂကဲ့သို့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေအပေါ်မှာ ဘာလွှမ်းမိုးမှုတွေရှိနေသလဲ? အကြောင်းမှာ တစ်ခုတည်းသောနိုင်ငံ (အမေရိကန်ပြည်ထောင်စု)ကသာလျှင် အခြားသောမည် သည့်နိုင်ငံထက်မဆို အင်အားပိုကြီးမားပြီး ကမ္ဘာ့ရေးရာများကိုလွှမ်းမိုးနိုင်သည်။

**အကျိုးဆက်များ**။ ။ တစ်နိုင်ငံကသာလျှင် အကျိုးဆက်များမရှိဘဲ စိတ်တိုင်းကျလုပ် ဆောင် နိုင်သည်။ အတွေးအမြင်စနစ်(သဘောတရား)တစ်ခုက ကျန်သောကမ္ဘာ့ဒေသများအပေါ် တွန်းအားပေးနိုင်သည်။ တစ်ခုတည်းသောစူပါပါဝါက အခြားနိုင်ငံများအပေါ် ရလဒ်ဆိုးများလုပ် ဆောင်မှုအပေါ်

မည်သူကမျှမရပ်တန့်နိုင်ပေ။ ဥပဒေပြဋ္ဌာန်းမှုကို အင်အားသုံးသောပြဋ္ဌာန်းမှုနှင့် အစားထိုးနိုင်သည်။

**ဆွေးနွေးချက်**

**(စွမ်းရည်) -** အဖြေများ

ဂလိုဘယ်လိုက်ဇေးရှင်း၏ အကောင်းမြင်လက္ခဏာများကို ရှုကြည့်သောကိုးကားချက်များသည် ကြီးမားသောစီးပွားရေးအကျိုးအမြတ်များအပေါ် အာရုံစိုက်သည်။ ဒုတိယကိုးကားချက်က ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကို အကျိုးသက်ရောက်သော အပြုသဘောဆောင် သည့် အချက်အချို့မှာ ယဉ်ကျေးမှု၊ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ တူညီမှုများပေါ်တွင်ဖြစ်တည်သည်ဟု ဆိုထားသည်။

**စုပေါင်းလုပ်ဆောင်ခြင်း**

**(စွမ်းရည်) -** အချက်အလက်များကိုလက်တွေ့အသုံးချခြင်း

ဂလိုဘယ်လိုက်ဇေးရှင်း ရိုက်ခတ်မှုများကိုလူတစ်ဦးတစ်ယောက်ဘဝ၏ သွင်ပြင်လက္ခဏာအားလုံးတွင်လည်း တွေ့မြင်နိုင်သည်။ ဥပမာတစ်ခုအနေဖြင့်ပြရလျှင်အနောက်တိုင်းဖျော်ဖြေရေးပုံစံများ ပျံ့နှံ့လာမှုဖြစ်သည်။ ကျောင်းသားများအား ၎င်းတို့အနှစ်သက်ဆုံး ဂီတပညာရှင်များနှင့် သရုပ်ဆောင်များ၏အမည်ကိုပေးခိုင်းပါ။ ယင်းအနုပညာရှင်များမှာ အမေရိကန်မှာဖျော်ဖြေရေးအနုညာရှင်များ ဖြစ်လာနိုင်ဖွယ်ရှိပြီး၊ ၎င်းတို့၏လူကြိုက်များမှုမှာ ဂလိုဘယ်လိုက်ဇေးရှင်းကြောင့်သာမက ကမ္ဘာတစ်လွှားရှိ ယဉ်ကျေးမှုအပေါ် ရိုက်ခတ်မှုများမှလည်း ဖြစ်လာရသည်။ ကမ္ဘာ့အသိအမှတ်ပြုခံရဆုံးအမည်(သို့)သင်္ကေတအဖြစ် 'ကိုကာကိုလာ' မှာ ကမ္ဘာလုံးဆိုင်ရာစားသုံးသူစနစ်၏ အသိအမှတ်ပြုမှုတစ်ခု တစ်ဖန်ပြန်ဖြစ်လာခဲ့သည်။ ဂလိုဘယ်လိုက်ဇေးရှင်းက နေရာနှင့်အချိန်ကို ကျုံ့သွားစေပြီး သင့်အနေဖြင့်ကမ္ဘာ့အရေးကြီးသော ကမ္ဘာ့ရေးရာအဖြစ်အပျက်တွေကို အင်တာနက်(သို့)ရေဒီယိုကတစ်ဆင့် နာရီပိုင်းအတွင်းရှာဖွေနိုင်သည်ဟုဆိုသည်။ အဝတ်အစား(သို့)ရှူးဖိနပ်တံဆိပ်များ စသည်တို့မှစ၍ သင်တွေ့မြင်နေရသည့် ကားများသည်လည်း နေ့စဉ်ဘဝမှာ မြင်တွေ့နေကျဖြစ်သော ဂလိုဘယ်လိုက်ဇေးရှင်း၏ ဥပမာများဖြစ်သည်။

| စုပေါင်းလုပ်ဆောင်ခြင်း |
| --- |
| **(စွမ်းရည်)** - ငြင်းခုံမှု |

**အဖြေများ**

ကာတိုသိပ္ပံ (Cato Institute) ရှေးရိုးစွဲ အမေရိကန်သုတေသနဖောင်ဒေးရှင်းဖြစ်ပြီး၊ အကန့်အသတ်ရှိသောအစိုးရနှင့် လွတ်လပ်သောဈေးကွက်ကို အားပေးထောက်ခံသည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International လူ့အခွင့်အရေးများကို ကာကွယ်ပေးခြင်းအား ရည်ညွှန်းသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းဖြစ်သည်။

**နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့** (International Monetary-IMF)

ဒုတိယကမ္ဘာစစ်နောက်ပိုင်းဖွဲ့စည်းခဲ့သော အဖွဲ့အစည်းဖြစ်ပြီး၊ စစ်ပွဲကြောင့် ပျက်စီးသွားခဲ့ရသော နိုင်ငံများအား ပြန်လည်တည်ဆောက်ပေးရာတွင် ကူညီရန်နှင့် ကမ္ဘာစီးပွါးရေး တည် ငြိမ်မှုကို ဖန်တီးပေးရန်ဖြစ်သည်။ IMF သည် အဖွဲ့ဝင်နိုင်ငံများနှင့် ဘဏ်များ၏ ရင်းနှီးမြှုပ်နှံမှု ပုံစံအမျိုးမျိုးမှ လက်ခံရရှိသည့် ယင်းအဖွဲ့သို့ ငွေကြေးချမ်းသာကြွယ်ဝသော နိုင်ငံများက ပိုမို ထည့် ဝင်ကြပြီး၊ အဖွဲ့အစည်းတွင် အာဏာရပ် ပိုမိုရရှိစေသည်။ IMF အနေဖြင့် ကုန်သွယ်ရေးချဲ့ထွင်မှု ကို တိုးမြှင့်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ စီးပွားရေး တည်ဆောက်ရာတွင် ဘဏ္ဍာရေးအထောက်အပံ့များ ထောက်ပံ့ပေးသည်။ IMF ၏ရုံးချုပ်မှာ ဝါရှင်တန်ဒီစီတွင် ရုံးစိုက်သည်။

**ကမ္ဘာ့လူမှုရေးဆိုင်ရာ ဖိုရမ်** (WSF)

လှေ့လာသုံးသပ်မှုများ၊ တက်ကြွစွာလှုပ်ရှားသူများနှင့် ကမ္ဘာ့ခေါင်းဆောင်များကို အတူတကွပေါင်းစည်းကာ ဂလိုဘယ်လိုက်ဇေးရှင်းအကျိုးသက်ရောက်မှုများကို ဆွေးနွေးစေသည်။

- World Trade Organization WTO - **ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့**

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ပါဝင်ဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ် သည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးစည်းမျဉ်းထိန်းသိမ်းမှုကို ပြဋ္ဌာန်းသတ်မှတ်ပေးသည်။ WTO သည် လွတ်လပ်သော ကုန်သွယ်ရေးနှင့် ကုန်သွယ်ရေးအတားအဆီးများကို ဖယ်ရှားပေးရန် ရည်ညွှန်းသည်။

**သောမတ်စ် ဖရိုက်ဒမန်း** (Thamas Friedman)

ဩဇာရှိသော အမေရိကန်နိုင်ငံရေး/ စီးပွါးရေး လေ့လာသုံးသပ်သူနှင့် စာရေးဆရာ လွတ်လပ်သော ကုန်သွယ်ရေးကို ပြင်းပြင်းထန်ထန် ထောက်ခံအားပေးသည်။

**ကိုဖီအာနန်**(Kofi Annan)

ကုလသမဂ္ဂ၏ အတွင်းရေးမှူးချုပ်ဖြစ်သည်။

**ဆွေးနွေးချက်**

**(စွမ်းရည်) -**
အချက်အလက်များကို
လက်တွေ့အသုံးချခြင်း

**၁။** မြန်မာနိုင်ငံ၌ စားသုံးသူစနစ်သည် အခြားသောနိုင်ငံအများအပြားမှာကဲ့သို့ အားမကောင်းသော်လည်း မော်တော်ယာဉ်များ အီလက်ထရောနစ်နှင့် ဇိမ်ခံပစ္စည်းများကိုမူ နိုင်ငံပြင် ပ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်မှ ဝယ်ယူနေရဆဲဟု ဂလိုဘယ်လိုက်ဇေးရှင်း ရိုက်ခတ်မှုများကြောင့် လည်း အင်္ဂလိပ်လိုပြောဆိုမှု ပမာဏမှာ ပိုမိုများပြားလာခဲ့သည်။

**၂။** အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံ၏ လူဦးရေ တစ်ဖြည်းဖြည်း တိုးများလာလျှင်လည်း ဂလိုဘယ်လိုက်ဇေးရှင်း ရိုက်ခတ်မှုများမှာ ပို၍ကြီးထွားလာလိမ့်မည်ဖြစ်သည်။ ယင်းရိုက်ခတ်မှုများ (ယဉ်ကျေးမှုအလေ့အထများ (သို့) ဘာသာစကားအပါအဝင်)၊ သဘောထားခံယူချက်များ ပြောင်းလဲခြင်း၊ ပြည်တွင်းနှင့် ကမ္ဘာ့အဆင့်အနေအထားတွင် စီးပွါးရေးကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေသည်။

**စုပေါင်းလုပ်ဆောင်ခြင်း**

**(စွမ်းရည်) -** နှိုင်းယှဉ်ချက်

ကျောင်းသားများအနေဖြင့် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို အခြေခံပြီးသတင်းအချက်အလက်အများအပြား ရရှိနိုင်ဖွယ်မရှိနိုင်ပေ။ မတူညီသော ရှု့ထောင့်အမြင်များမှ ပြောဆိုကိုးကားမှုများရှိသည်။ ကျောင်းသားများအနေဖြင့် ဂလိုဘယ်လိုက်ဇေးရှင်း၏ရလဒ်အဖြစ် 'အောင်နိုင် စွမ်းသူများ' နှင့် 'ရှုံးနိမ့်သူများ' ကွဲကွဲပြားပြားရှိနေခြင်းကို မြင်တွေ့ရပေလိမ့်မည်။ အချို့သောအောင် မြင်မှုနှင့် ရှုံးနိမ့်မှုများက စီးပွားရေးဆန်သလို ယဉ်ကျေးမှုအချို့အတွက် အပြုသဘောမဆောင်ခြင်း များက ဒေသတွင်းယဉ်ကျေးမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေသည်။ ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှု Global Culture စတင်ပျံ့နှံ့နေပြီဟု ခေါ်ဆိုနေကြသော်လည်း လူအများအပြားက ယင်းမှာ အမှန်တကယ် 'ကမ္ဘာဆန်မှု' မဟုတ်ဟု ယုံကြည်နေကြသည်။ သို့သော် အမှန်တကယ်က အနောက်တိုင်း (သို့) အတိအကျပြောရလျှင် အမေရိကန်ဆန်မှုပင်ဖြစ်သည်။ ယင်းကဲ့သို့ ယဉ်ကျေးမှုများ၊ ရုပ်ရှင်များ၊ တီဗီ၊ ပေါ့ပ်ဂီတ၊ ဗီဒီယိုများ၊ ကြော်ငြာထုတ်ကုန်များနှင့် ကြော်ငြာလုပ်ငန်းများမှပျံ့နှံ့ကူးစက်လာခြင်းဖြစ်သည်။နိုင်ငံအချို့နှင့် (သို့) ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များနှင့် ဝန်ဆောင် များကို အခြားနိုင်ငံများတွင် ထိထိရောက်ရောက်အောင်အောင်မြင်မြင်ရောင်းချနိုင်ခြင်းကြောင့် ပြည် တွင်းစက်မှုလုပ်ငန်းများ နှင့် ကုမ္ပဏီများ ပျောက်ကွယ်သွားရသည်။ ယင်းကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပျံ့နှံ့မှုနှင့် အနောက်တိုင်းယဉ်ကျေးမှုကြီးထွားလာခြင်းကြောင့် အပြင်ဘက်က လာသော ယဉ်ကျေးမှုက ဒေသတွင်း (သို့) ဒေသရင်းယဉ်ကျေးမှုအပေါ် လွှမ်းမိုးနေရာ ယူသွားတော့သည်။ ယင်းမှာ လူအများအပြားအတွက်

ဂလိုဘယ်လိုက်ဖေးရှင်း၏ အကြီးမားဆုံးစိုးရိမ်စရာပြစ်မှုကြီးပင် ဖြစ် သည်။ ကျောင်းသားများအနေဖြင့် ယင်းဖြစ်ရပ်အတွက် နည်းလမ်းများကို စတင်တွေးတော ကြည့်နိုင်သည်။ အမှန်တကယ်အားဖြင့် ယင်းကိစ္စအတွက် လွယ်ကူသောအဖြေမရှိပေ။

**ဖြစ်နိုင်ဖွယ်အဖြေများ**

| စုပေါင်းလုပ်ဆောင်ခြင်း |
|---|
| **(စွမ်းရည်)**<br>- သုတေသနပြုခြင်း၊<br>ရှင်းလင်းတင်ပြခြင်း |

ကျောင်းသားများကို အုပ်စုနှစ်စုခွဲပါ။ အဖွဲ့တစ်ဖွဲ့စီက မတူညီတဲ့ရှင်းလင်းတင်ပြမှုအတွက် ပြင်ဆင်ကြသည်။ ကျောင်းသားများကို အုပ်စု (၄) စုလည်း ခွဲခြားနိုင်သည်။ ထို့နောက် အုပ်စု နှစ်စုက ရှင်းလင်းတင်ပြမှု 'A' အတွက် ပြင်ဆင်ကြပြီး၊ အဖွဲ့နှစ်ဖွဲ့က ရှင်းလင်းတင်ပြမှု 'B' အတွက် ပြင်ဆင်ကြမည်။ ကျောင်းသားများသည် ၎င်းတို့၏ ရှင်းလင်းတင်ပြမှုများကို သီးခြားစီ ပြင်ဆင်ကြရမည်။ စာသင်ခန်းထဲတွင် မလုပ်ဆောင်ရပါ။ သို့သော် ဆွေးနွေးစရာရှိသည်များကို ဆွေးနွေးနိုင်သည်။ ထို့နောက် တင်ပြမှုကို စာသင်ခန်းတွင် စတင်လုပ်ဆောင်ခိုင်းပါ။

## ၂။ အရှေ့အလယ်ပိုင်း

ယခုသင်ခန်းစာမှာ အရှေ့အလယ်ပိုင်းရှိ အလွန်ပဋိပက္ခဆန်သော၊ ရှုပ်ထွေးသော၊ ဝမ်းနည်းစရာကောင်းသော ပဋိပက္ခ (၂)ခုကို ဖော်ပြထားသည်။ယင်းပဋိပက္ခနှစ်ခုမှာ မကြာခဏဆိုသလိုပုံမှန်အမှား/အမှန်ဖြစ်စဉ်တစ်ခုအဖြစ် ဖော်ပြခြင်းခံရလေ့ရှိသည်။ လူများက အလွယ်ပင် တစ်ဖက်ဖက်ကို အပြစ်တင်ကြသည်။ သို့သော် အခြေအနေက ရိုးရှင်းလွယ်ကူသောအရာမဟုတ်ပေ။ အပြစ်မဲ့လူအများမှာ ယင်းပဋိပက္ခများတွင် သေဆုံးကြရပြီး ဆက်လက်၍လည်း သေဆုံးနေကြရသည်။

ယခုအခန်းတွင် အခြေခံကျသောနောက်ခံသတင်းအချက်အလက်ကိုသာလျှင် ဖော်ပြပေးထားသည်။ ဖြစ်စဉ်အချို့တွင် အလွန်ရိုးရှင်းသောရှင်းလင်းချက်များကိုသာ ပေးထားသည်။ ကျောင်းသားအနေဖြင့် ပဋိပက္ခများ ဘာကြောင့်ဆက်ဖြစ်ပွားနေရခြင်းနှင့် မတူညီသောရှုထောင့်အမြင်များအပေါ် နားလည်မြင်တွေ့နိုင်မည်ဖြစ်သည်။

## ၂. ၁။ မိတ်ဆက်ခြင်း
## ကိုလိုနီစနစ်၏အမွေအနှစ်

**စဉ်းစားခိုင်းခြင်း**

ကျောင်းသားများသည် အရှေ့အလယ်ပိုင်းနှင့်ပတ်သက်ပြီး သူတို့သိထားသမျှကို ပြောကြားမည်။

**ဖြစ်နိုင်မည့်အဖြေများ**

**၁။** နိုင်ငံများ စစ်ပွဲဆီပါဝင်လာစေခဲ့သောအကြောင်းပြချက်အချို့မှာ နယ်မြေအငြင်းပွားမှုများ၊ သဘာဝအရင်းအမြစ်များ၊ ဒေသတွင်း နိုင်ငံရေးလွှမ်းမိုးမှုနှင့် ဘာသာရေး စသည်အကြောင်းများကြောင့်ဖြစ်နိုင်သည်။

**၂။** အရှေ့အလယ်ဒေသသည် အနောက်ဘက်အီဂျစ်နိုင်ငံမှ အရှေ့ဘက် အာဖဂန်နစ္စတန်နိုင်ငံ ထိ ရှည်လျားသည်။

**အရှေ့အလယ်ပိုင်းကလူတွေဟာ ဘယ်သူတွေလဲ ကြည့်ပါ။**

**မြေပုံဖြင့်လုပ်ဆောင်ခြင်း**

အော့တမန်အင်ပါယာ၏တည်နေရာကိုဖော်ထုတ်ရန် ကျောင်းသားသုံးစာအုပ်ထဲမှ အော့တမန်အင်ပါယာမြေပုံကို အသုံးပြုပါ။ အရှေ့အလယ်ပိုင်းမြေပုံ (သို့) ကမ္ဘာ့မြေပုံရှိလျှင် ဘုတ်ပေါ် တွင်ကပ်လိုက်ပါ။ ကျောင်းသားခေတ်သစ်များအနေဖြင့် ဘယ်နိုင်ငံတွေဟာ အော်တမန်အင်ပါ ယာ၏အစိတ်အပိုင်းများဖြစ်ခဲ့သည်ကို ဖော်ထုတ်ပေးနိုင်ပါသလား။

**အဖြေများ**

အော်တမန်အင်ပါယာတွင် အယ်လ်ဂျီရီးယား၊ တူနီးစီးယား၊ ဆော်ဒီအာရေးဗီးယား၊ ယီဖင်၊ အီရတ်၊ အီဂျစ်၊ လစ်ဗျား၊ ဆူဒန်၊ အီရီထရီယာ၊ ဆိုမာလီယာ၊ တူရကီ၊ ဂရိ၊ ဆိုက်ဖရပ်၊ ဆီးရီးယား၊ လက်ဘနွန်၊ အစ္စရေး၊ ပါလက်စတိုင်း၊ ဂျော်ဒန်၊ ရုရှား၊ ယူကရိန်း၊ ဂျော်ဂျီရာ၊ မော်ဒိုဗာ၊ ရိုမေးနီးယား၊ ဘူဂေးရီးယား၊ ဘော့စနီးယား၊ ဟာဇီဂိုးဗီးနား၊ ခရိုအေးရှားနှင့် ဆာဗီးယားနိုင်ငံများ အားလုံး (သို့) ၎င်းတို့၏အစိတ်အပိုင်းများပါဝင်သည်။

**ဖတ်သိနားလည်နိုင်စွမ်း**

**အဖြေများ**

**၁။** ပထမကမ္ဘာစစ်ပွဲပြီးဆုံးချိန်တွင်ဖြစ်သည်။ ၂၀ ရာစုအစပိုင်းက အခြားသောဥရောပနိုင်ငံ များ၊ အင်အားကြီးထွားချိန်တွင် အော့တမန်တို့ အင်အားလျော့နည်းလာခြင်းကြောင့်ဖြစ်သည်။ အော့တမန်-တို့မှာ ဂျာမနီတို့နှင့် မဟာမိတ်ဖြစ်ခြင်းနှင့် ဂျာမနီစစ်ရှုံးခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။

**၂။** ဂရိတ်ဗြိတိန်နှင့်ပြင်သစ်

**၃။** ပထမကမ္ဘာစစ်ပွဲတွင် အနိုင်ရခဲ့သောနိုင်ငံများမှ ဥရောပခေါင်းဆောင်များ

**၄။** သူတို့အနေနဲ့ ကိုယ်ပိုင် ပိုင်နက်နယ်မြေဆုံးဖြတ်မှုပြုလုပ်ရာတွင် မပါဝင်ခဲ့ကြရပေ။

**ဆွေးနွေးချက်**

ဒေသခံလူမျိုးများအနေဖြင့် နိုင်ငံအပြင်ဘက်မှ ရောက်လာသော ကိုလိုနီပြည်သူများမှ ၎င်းတို့၏ကံကြမ္မာကိုစီမံဖန်တီးရသောအခါ စိတ်ပျက်၊ ဒေါသဖြစ်ရမှုများကို ကျောင်းသားများ နားလည်လာလိမ့်မည်။ အခြားကိုလိုနီအပြုခံသူများကဲ့သို့ အာရပ်များကလည်း ဥရောပတိုက်သား တို့အနေဖြင့် ဒေသခံတို့နှင့်မတိုင်ပင်ဘဲ အရေးကြီးသောဆုံးဖြတ်ချက်များကို ချမှတ်နေခြင်းအပေါ် ဒေါသထွက်ခဲ့ကြသည်။ ၎င်းတို့က ယင်းဆုံးဖြတ်ချက်များကို လက်မခံခဲ့ကြပေ။ အခြားသော ကမ္ဘာ့ဒေသများတွင်လည်း အလားတူဖြစ်ရပ်များရှိခဲ့သည်။ အရှေ့တောင်အာရှ(အင်ဒိုချိုင်းနားကို ပြင်သစ်တို့ကိုလိုနီပြုဖန်တီးခဲ့ကြသည်။)အာဖရိကဒေသအများစု(အရှေ့အာဖရိကကိုဗြိတိန်တို့ ချုပ်ကိုင်ခဲ့ပြီး အနောက်အာဖရိကကို ပြင်သစ်တို့ ကိုလိုနီပြုခဲ့ကြသည်။)ပစိဖိတ်ကျွန်းများမှာလည်းပြင်သစ်၊ ဗြိတိန်နှင့် အမေရိကန်တို့၏ ပိုင်းခြားခြင်းခံခဲ့ရသည်။ တောင်အမေရိကတိုက်မှာလည်းစပိန် နှင့်ပေါ်တူဂီကြား ပိုင်းခြားခံခဲ့ရသည်။ မြန်မာနိုင်ငံနှင့်အိန္ဒိယတို့မှာလည်း ဗြိတိန်တို့၏ ခွဲခြား အုပ်ချုပ်ခြင်းခံခဲ့ရသည်။

အထက်ပါအခြေအနေနှင့် လွတ်လပ်ရေးရချိန် မြန်မာနိုင်ငံအခြေအနေတို့ကို နှိုင်းယှဉ် ခိုင်းပါ။ မြန်မာနိုင်ငံတွင် မည်ကဲ့သို့သောဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သလဲ။

**မြေပုံဖြင့်လုပ်ဆောင်ခြင်း**

နိုင်ငံအမည်များကို ရှင်းရှင်းလင်းလင်းဆေးရောင်ခြယ်ပါ။ ဂရိတ်ဗြိတိန်နိုင်ငံအား အရောင် တစ်မျိုးတည်းဆေးခြယ်ပြီး ပြင်သစ်နိုင်ငံကိုလည်း မတူညီသောအရောင်ခြယ်ပါ။

**အဖြေများ**

**ပြင်သစ်** - ဆီးရီးယား၊ လက်ဘနွန်

**ဂရိတ်ဗြိတိန်** - ပါလက်စတိုင်း၊ ထရန်-ဂျော်ဒန် (လက်ရှိဂျော်ဒန်နိုင်ငံ) ဟုခေါ်သည်။ အီရတ်၊ ကူဝိတ်၊ အာရေးဗီးယားကျွန်းဆွယ် (ဗြိတိန်ထိန်းချုပ်ထားသော်လည်း မဟာမိတ်အဖြစ်)တာဝန်ရှိ သည်။

## ၂. ၃။ အစ္စရေး-ပါလက်စတိုင်းပဋိပက္ခ

### နိုင်ငံတစ်ခုဖန်တီးခြင်း

**ဆွေးနွေးချက်**

ကမ္ဘာတစ်ဝန်း အခြေအနေအများအပြားတွင် လူနည်းစုရှိသောအုပ်စုများမှာ တမူထူးခြား သော ပြုမူဆက်ဆံခြင်းမျိုးခံကြရသည်။ နိုင်ငံအနည်းစု၌သာလျှင် လူအများအပေါ် တန်းတူညီမျှ သော ဆက်ဆံမှုမျိုးလုပ်ဆောင်ကြသည်။ အမြဲတမ်းလိုပင် ခွဲခြားဆက်ဆံမှုနှင့် ပုံစံအမျိုးမျိုးရှိနေ သည်။ တစ်ချို့က တရားဝင် (ကျောင်းများတွင် တိုင်းရင်းသားလူနည်းစုများသည် ၎င်းတို့၏ကိုယ်ပိုင် ဘာသာစကားကို အသုံးပြုခွင့်မရခြင်းကဲ့သို့) ပုံစံမျိုးဖြစ်နေခြင်း (သို့) ကိုးကွယ်ယုံကြည်မှုကို မကြိုက် နှစ်သက်ခြင်းကြောင့် အလုပ်လျှောက်ထားမခံရခြင်း) တို့ ရှိနေနိုင်သည်။

အဆိုးဆုံးပုံစံမှာ ဖိနှိပ်ခံရခြင်းပင်ဖြစ်သည်။ လူနည်းစုအုပ်စုများအနေဖြင့် သက်ဖြတ်ခံရခြင်း (သို့) နိုင်ငံအတွင်းမှ ထွက်ခွာသွားရန် ဖိအားပေးခံရသောအခါမျိုးတွင်ဖြစ်သည်။ ယင်းအုပ်စုများမှာ မတူညီသောကိုး ကွယ်ယုံကြည်မှု (သို့) လူမျိုးစုအုပ်စုတို့မှဖြစ်ခြင်းကြောင့် အမြဲတမ်းလိုပင် ဖိနှိပ်ညှင်းပန်းခံရခြင်း ဖြစ်သည်။

**ဆွေးနွေးချက် (စွမ်းရည်) -**

ဆိုလိုရင်း

၁၉၈၄ခုနှစ်တွင် ဂျူးနိုင်ငံတော်ဖန်တီးနိုင်ခဲ့ခြင်းသည် ကမ္ဘာတစ်ဝန်းဂျူးများအတွက် ကြီးကျယ်ခန်းနားသော အဖြစ်အပျက်တစ်ခုဖြစ်ခဲ့သည်။ ဂျူးလူမျိုးများနှစ်ပေါင်း ၂၀၀၀ ကြာ သည့်တိုင် ကိုယ်ပိုင်နိုင်ငံတော်မရှိခဲ့ကြပေ။ နှစ်ပေါင်းရာနှင့်ချီပြီး ဂျူးလူမျိုးများမှာ ၎င်းတို့နေထိုင်ရာ နယ်မြေမှနှင်ထုတ်ခံရပြီး ကမ္ဘာတစ်ဝန်းတစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ ၎င်းတို့ရောက်ခဲ့ရာနေရာတိုင်းတွင် ဖိနှိပ်မှုများနှင့်ရင်ဆိုင်ခဲ့ရပြီး သမိုင်းတစ်လျှောက်တစ်ကြိမ်ပြီး တစ်ကြိမ် ဒုက္ခသည်များ ဖြစ်ခဲ့ကြရသည်။

ကမ္ဘာတစ်ဝန်းရှိသန်းနှင့်ချီသော ဂျူးလူမျိုးများမှာ ၎င်းတို့၏နိုင်ငံတော်သစ်အ တွက် ပျော်ရွှင်ဂုဏ်ယူခဲ့ကြသည်။ယင်းမှာဂျူးနိုင်ငံတော်ဖြစ်လာရန်ကာလကြာရှည်ငြိမ်းချမ်းရေးကို ဆောင်ယူပေးခဲ့မှုဟု မျှော်လင့်ခဲ့ကြသည်။သို့သော် ကမ္ဘာတစ်ဝန်းရှိ ဂျူးအများအပြား ကလည်းယခု ကဲ့သို့ အစ္စရေးနိုင်ငံတော် ဖန်တီးနိုင်ခြင်းဖြင့် ပြဿနာအများအပြားကို မဖြေရှင်းနိုင်ဟုထင်မြင်ခဲ့ ကြ-သည် လူအများက ရှုမြင်ကြသည်မှာ ယင်းဒေသတွင်နေထိုင်ခဲ့ကြသော အာရပ်လူမျိုးများပါဝင်မှု မရှိပဲ အစ္စရေးနိုင်ငံတော်ဖြစ်ပေါ်လာခြင်း ဆုံးဖြတ်ချက်သည် အစ္စရေးနိုင်ငံတော်သစ်အတွက် ပြဿနာများ အလျှင်အမြန်ဖြစ်လာစေမည်ဟု ထင်ကြသည်။

ယင်းဒေသတွင်နေထိုင်သောအာရပ်များက ဂျူးနိုင်ငံတော်ဖန်တီးခြင်းမှာ မျှတမှုမရှိဟု ခံစားခဲ့ကြရသည်။ သမိုင်းအစဉ်အဆက်က ၎င်းတို့ပိုင်ဆိုင်ခဲ့သည့်ဧရိယာဖြစ်ပြီး အစ္စရေးတို့၏ တောင်းဆိုမှုမှာ အခြေအမြစ်မရှိဟု ယုံကြည်ကြသည်။ ယခုဧရိယာတွင် အာရပ်တို့က ဂျူးတို့ထက် လူဦးရေပိုမိုများပြားသည်။ အာရပ်တို့အလွန်ဒေါသထွက်ခဲ့သည်က ၎င်းတို့မြေပေါ်တွင်ဘာဖြစ်-ခဲ့ သည်ကို ဗြိတိန်နှင့်ကုလသမဂ္ဂတို့အနေဖြင့် ဆုံးဖြတ်ချက်ချမှုတွင်မပါဝင်ခဲ့ခြင်းဖြစ်သည်။ ဂျူးတို့၏ ဆုံးဖြတ်ချက်မှာ အာရပ်တို့မပါဝင်ပဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သဖြင့် အာရပ်တို့အလွန်ခံစားခဲ့ရခြင်း ဖြစ်သည်။ အာရပ်တို့က ဗြိတိန်ရော ဂျူးတို့ကိုပါမယုံကြည်ပေ။

ယခုဒေသတွင်အာရပ် ၁၀ယောက်တွင် ဂျူးတစ်ယောက်နှုန်းရှိချိန်မှစ၍ ယင်းဒေသမှာ ၎င်းတို့ပိုင်ဆိုင်သည်ဟု အာရပ်တို့ကတွေးထင်ကြသည်။ ၎င်းတို့က ဂျူးတို့အနေဖြင့် နယ်မြေတစ်စုံ တစ်ရာ ပိုင်ဆိုင်ရန်တောင်းဆိုခွင့်မရှိဟုဆိုသည်။ အာရပ်တို့ကဂျူးတို့မှာ အခြေခံအားဖြင့် ဥရောပလူမျိုး များဟုရှုမြင်ကြသည်။ အစ္စရေးနိုင်ငံတော်ဖန်တီးခြင်းမှာ နိုင်ငံခြားသားတို့၏ ဝင်ရောက်ကျူးကျော်မှုဟု ယူဆခံစားခဲ့ကြသည်။

## စစ်ပွဲများစတင်ပြီး

### ဖတ်သိနားလည်စွမ်း

**အဖြေများ**

၁။ သဘောမတူ

၂။ ဇီယွန်နစ်ဇင်

၃။ ၁၉၄၈

၄။ လူမျိုးစု

၅။ ထောက်ခံ

၆။ ပိုများ

### ဆွေးနွေးချက်

**၁။** လူနည်းစုဖြစ်သော ဥရောပမှအခြေစိုက်ဝင်ရောက်လာသူများကကိုယ်ပိုင်တိုင်းပြည် တည်ထောင်ရန်ကြိုးစားခြင်းသည် တရားမမျှတဟု ယုံကြည်ကြသည်။ ယင်းအနေအထားက ပိုဆိုးသော ပဋိပက္ခများဖြစ်လာစေနိုင်တယ်ဆိုပြီး ကြောက်ရွံ့ခဲ့ကြသည်။ အာရပ်များက ဂျူးများကို မယုံကြည်ကြပေ။ နှစ်ဘက်စလုံးကတစ်ဦး၏ကိုးကွယ်မှုကို တစ်ဦးကလုံးဝလက်မခံနိုင်ကြခြင်းဖြစ် သည်။ မလိုမုန်းထားမှုအများကြီးရှိနေကြသည်။

**၂။** အစ္စရေးနိုင်ငံတော်သစ်ကိုဆန့်ကျင်ပြီး အိမ်နီးချင်းအာရပ်နိုင်ငံများ စစ်ပွဲစတင်ခဲ့ ကြသည်။

**၃။** အနေအထားကိုပိုကောင်းအောင် မည်သို့ကိုင်တွယ်မည်ဆိုသည်နှင့်ပတ်သတ်၍ ကျောင်းသားများတွင်အယူအဆအများအပြားရှိနေနိုင်သည်။ ဥပမာအားဖြင့် ဒေသတွင်းအာရပ် နိုင်ငံများသည် အစ္စရေးနိုင်ငံတော်သစ်ဖန်တီးခြင်းနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်တွေချရာတွင် ၎င်း တို့၏ နယ်စပ်ဧရိယာတွေကို ဆုံးဖြတ်ရာမှာ ပါဝင်နိုင်ကြသည်။ ဗြိတိန်အနေဖြင့်လည်း ဂျူးမျိုးချစ် များ၏လွတ်လပ်သောနိုင်ငံတောသစ် ဖန်တီးရေးကိစ္စကို အာရပ်နိုင်ငံများနှင့် ဈေးစပ်ညှိနိုင်းမှုများ အစောပိုင်းကပင် ပို၍လုပ်ဆောင်နိုင်ခဲ့သင့်ပြီး ပါဝင်မှုအခန်းကဏ္ဍကို ပြင်သင့်သည်။

ဗြိတိန်တို့ပါလက်စတိုင်းမှ ထွက်ခွာသွားရန်ဆန္ဒရှိရသည့် အကြောင်းပြချက်များစွာရှိနေခြင်းသည် ယခုအခြေအနေ၏ အရေးကြီးသောမှတ်သားချက်တစ်ခုဖြစ်သည်။ ပထမအချက်မှာ ဒုတိယကမ္ဘာစစ်ပြီးနောက် ဗြိတိန်အများအပြားဒုက္ခကြုံတွေ့ခဲ့ရပြီး ကမ္ဘာတစ်ဝန်းကိုလိုနီနယ်များကို နောက်ထပ်ထိန်းချုပ်စီမံနိုင်ခြင်းမရှိတော့ပေ။ ဒုတိယအချက်က ခိုင်မာတောင့်တင်းပြီး အကြမ်းဖက်မှုပုံစံရှိနေသော အစ္စရေးမျိုးချစ်လှုပ်ရှားမှုအဖွဲ့က ဗြိတိန်တို့ကိုပါလက်စတိုင်းမှ ထွက်ခွာရန်ဖိအားပေးနိုင်ခဲ့ကြသည်။ ဗြိတိန်တို့အားဆန့်ကျင်ပြီး (ဥပမာ-ဗုံးခွဲမှု၊ အဖျက်အမှောင့်လုပ်ငန်းများ၊ လုပ်ကြံသတ်ဖြတ်မှုများ) ကဲ့သို့ အကြမ်းဖက်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသည်။

## ဒုက္ခသည်များ

**ဆွေးနွေးချက်**

**ဖြစ်နိုင်ဖွယ်အခြေအနေများ**

အိမ်နီးချင်းအာရပ်နိုင်ငံများအနေဖြင့် ၎င်းတို့မြေပေါ်မှာ ပါလက်စတိုင်းဒုက္ခသည်များကို ကောင်းမွန်သောတရားဝင်ဖြစ်တည်မှု ကမ်းလှမ်းပေးနိုင်သည်။ ထို့ပြင်၎င်းတို့အနေဖြင့် ပါလက်စတိုင်းတို့နှင့် မိတ်ဆွေအပေါင်းအသင်း၊ ဘာသာတူပြီးဘဝနေနည်းဆင်တူကြလို့ နိုင်ငံသစ်လူမှုအဖွဲ့အစည်းများအတွင်း စုပေါင်းပေးရာမှာ ကူညီပေးနိုင်သည်။ အရေးကြီးသည့်အချက် အာရပ်လူမှုအဖွဲ့အစည်းအတွင်း၌ပင် ခြားနားသောယဉ်ကျေးမှု၊ ဘာသာတရားနှင့် အုပ်စုကွဲများရှိနေသည်။

အာရပ်အိမ်နီးချင်းနိုင်ငံများအနေဖြင့် ဒေသတွင်းတွင် ပိုကောင်းသည့် ငြိမ်းချမ်းရေးရဖို့ အစ္စရေး နှင့်စေ့စပ်ညှိနှိုင်းရေးကို အဆင်သင့်ဖြစ်နေသင့်သည်။ သို့မှသာ ဒုက္ခသည်များ နေရပ်ပြန်ရန် ပိုမိုလွယ်ကူလာလိမ့်မည်။

## ဆက်လက်တည်ရှိနေခြင်း (သိမ်းပိုက်ခြင်း)

**ဖတ်သိနားလည်စွမ်း**

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။ နိုင်ငံရေးအရအကြောင်းပြချက်များ**

အာရပ်နိုင်ငံအများစုက အစ္စရေးနိုင်ငံတော်တည်ရှိမှုကို အသိအမှတ်ပြုဖို့ ဆန့် ကျင်ကြသည်။ အချို့က အစ္စရေးကိုတရားဝင်နိုင်ငံတစ်နိုင်ငံအဖြစ်လက်မခံကြပေ။ အ ချို့ က ပါလက်စတိုင်းနယ်မြေကို အစ္စရေးတို့သိမ်းပိုက်ထားခြင်းနှင့် ပါလက်စတိုင်းလူမျိုးများအား ဖိနှိပ်ခြင်းအပေါ် ဒေါသထွက်ကြသည်။ အစ္စရေးလွတ်လပ်လာချိန်မှစ၍ အမေရိကန်က ထောက် ပံ့ ကူညီပေးခဲ့သည်။ အမေရိကန် အစ္စရေးဆက်ဆံရေးခိုင်မာလာမှုကြောင့် အာရပ်နိုင်ငံများက အစ္စရေးကို ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်လာစေခဲ့သည်။ အရှေ့အလယ်ပိုင်းတွင် အစ္စရေးသည် စစ်တပ်အတောင့်တင်းဆုံး (နျူကလီးယားလက်နက်များအပါအဝင်)ဖြစ်ပြီး အာရပ်အိမ်နီးချင်းများကို ဆန့်ကျင်သောစစ်ပွဲများအား အလွယ်တကူတိုက်ခိုက်အနိုင်ယူခဲ့သည်။

**ဘာသာရေးအကြောင်းပြချက်များ**

ဂျေရုစလင်သည် ဂျူးများ၊ မွတ်ဆလင်များနှင့်ခရစ်ယာန်များအတွက် အလွန်အရေးကြီးဆုံးမြို့တစ်မြို့ဖြစ်သည်။ သို့သော်ယခုအခါ အစ္စရေးတို့ကထိန်းချုပ်ထားသည်။ ယင်းလုပ်ရပ်ကြောင့် အာရပ်နိုင်ငံများမှ မွတ်စလင်နှင့် ခရစ်ယာန်များ ဂျေရုစလင်သို့သွားရောက်လည်ပတ်ရန် အခက်အခဲဖြစ်စေသည်။

**ပထဝီအနေအထား အကြောင်းပြချက်**

ဆီးရီးယားတို့တရားဝင်ပိုင်ဆိုင်သော ဂိုလန်ကုန်းမြင့်ကို အစ္စရေးက သိမ်းပိုက်ခဲ့သည်။ ထို့ပြင် လက်ဘနွန်တောင်ပိုင်းကိုလည်း အချိန်ကြာကြာသိမ်းပိုက်ရယူခဲ့သည်။

ပါလက်စတိုင်းတို့မှာ ၎င်းတို့ကိုယ်ပိုင်နိုင်ငံတစ်ခုကို မပိုင်ကြသေးပေ။ လွတ်လပ်ရေးရပြီး ကတည်းက အစ္စရေးတို့မှ နယ်မြေပိုမိုပိုင်ဆိုင်ခဲ့သည်။ အသိမ်းပိုက်ခံနယ်မြေများထဲရှိ အနောက်ဘက် ကမ်းခြေတွင် ဂျူးအခြေချနေထိုင်မှုများက ပါလက်စတိုင်းတို့ကို ခြိမ်းခြောက်၊ ဒေါသထွက်စေခဲ့သည်။ လုံခြုံရေးအဟန့်အတားက အနောက်ဘက်ကမ်းခြေမှ နယ်မြေအများအပြားကို ရယူပေးသလိုဖြစ်ခဲ့သည်။

**လူမှုရေးအကြောင်းပြချက်**

ပါလက်စတိုင်းတို့ရပိုင်ခွင့်များအတွက် တန်းတူညီမျှမှု၊ လေးစားမှုများကင်းမဲ့နေသည်။ အစ္စရေး၏ဥစ္စာနေကြွယ်ဝမှုကို အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ခဲ့သည်။

**အခြားအကြောင်းပြချက်များ**

ပါလက်စတိုင်းတို့၏ရုန်းကန်ရမှုမှာ အရှေ့အလယ်ပိုင်းတစ်လွှားရှိ လူထုကြားအလွန်ရေပန်းစားခဲ့သည်။ အစ္စရေးကိုဆန့်ကျင်ခြင်းဖြင့် အရှေ့အလယ်ပိုင်းအစိုးရအချို့မှာ ၎င်းတို့ပြည်သူများထံမှ လေးစားမှုနှင့် ထောက်ခံအားပေးမှုများ ရရှိခဲ့သည်။

**၂။ သိမ်းပိုက်ခံနယ်မြေများကိုထိန်းချုပ်ရန် အစ္စရေးတို့အသုံးပြုသောနည်းလမ်းများ**

- သိမ်းပိုက်ခံနယ်မြေများကို ပိုင်းခြားပစ်ရန် တံတိုင်းတည်ဆောက်ခြင်း
-သိမ်းပိုက်ခံနယ်မြေများမှပြည်သူမဆို အစ္စရေးသို့ဝင်ရောက်မှုမှကာကွယ်ရန် လုံခြုံရေးအဟန့်အတားကိုပြုလုပ်ခြင်း
- သိမ်းပိုက်ခံနယ်မြေများတွင် ဂျူးအခြေချနေထိုင်မှုများကိုထိန်းသိမ်းခြင်းနှင့် ၎င်းတို့ အားကာကွယ်ရန် စစ်တပ်ဆက်လက်ထားရှိခြင်း
- လွတ်လပ်စွာပြောဆိုခွင့် စာနယ်ဇင်းနှင့်လူစုရုံးခွင့်များကို အနီးကပ်စောင့်ကြည့်ခြင်းနှင့် တားမြစ်ထားခြင်း
- သိမ်းပိုက်ခံနယ်မြေများတွင် အစ္စရေးစစ်တပ်ဆက်လက်ထားရှိခြင်း (စစ်တပ်စစ်ဆေး ရေးဂိတ်များနှင့် အိမ်ပြင်မထွက်ရအမိန့် (ကာဖျူးများ) ထုတ်ပြန်ခြင်း)
- လမ်းများ၊ ကျောင်းများနှင့် လူမှုအဆောက်အဦများကို ပိတ်ပင်ခြင်း
- အိမ်ရာများကိုဖြိုဖျက်ချခြင်း
- နိုင်ငံရေး လှုပ်ရှားသူများကိုထိန်းသိမ်းခြင်း
- ပါလက်စတိုင်းနယ်မြေကို သိမ်းယူခြင်း
- သိမ်းပိုက်ခံနယ်မြေများတွင် ဂျူးများကို အခြေချ နေရာချထားခြင်း

**၃။** လွတ်လပ်စွာပြောဆိုခွင့်၊ စာနယ်ဇင်းနှင့် စုရုံးခွင့်မရှိခြင်း၊ လွတ်လပ်စွာလှုပ်ရှားမှု (စစ်ဆေးရေးဂိတ်များနှင့် တံတိုင်းကြောင့် တစ်နေရာမှ တစ်နေရာသွားလာခြင်း) နံပါတ်(၂)အတွက် အဖြေအများစုမှာ လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ကြသည်။

**၄။** ကျောင်းသားများအနေဖြင့် အဖြေများကိုမှန်ကန်မျှတကြောင်းရှင်းပြသင့်သည်။ အဘယ့်ကြောင့် ဟုတ်သည်/မဟုတ်သည် ထင်ရသနည်း။

**၅။** ၎င်းတို့သည် မိမိတို့ကိုမိမိ ရန်လိုသောပါလက်စတိုင်းတွေရဲ့ လုပ်ဆောင်ချက်များနှင့် ရန်လိုသောအိမ်နီးချင်းနိုင်ငံများမှ လုံခြုံမှုရှိစေဖို့ ကြိုးစားကြသည်။ ပါလက်စတိုင်း တို့ကိုထိန်းချုပ်ရန် ကြိုးစားသည်။

အိုင်ဒီယာများနှင့် အခြားသောနည်းလမ်းများပါဝင်သည့် ဆွေးနွေးမှုကိုအားပေးပါ။ ယခု အကြောင်းအရာတွင် အဖွဲ့နှစ်ဖွဲ့ရှိသည် အမြင်နှစ်ခုရှိသည် ယင်းအမြင်နှစ်ခုစလုံးကို ကျောင်းသား များ မှတ်မိအောင်လုပ်ဆောင်ပါ။

## မြေပုံဖြင့်လုပ်ဆောင်ခြင်း

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၂။** ၁၉၇၄ခုနှစ်မှစ၍ အစ္စရေးမြေပုံများ ကျယ်ပြန့်လာခဲ့သည်။ အစ္စရေးတို့အနေဖြင့် ပါလက်စတိုင်းနှင့် အိမ်နီးနားချင်းဒေသများမှ နယ်မြေများကို ရရှိခဲ့သည်က နယ်စပ်ဧရိယာများမှာ လည်း ကြီးမားလာခဲ့သည်။ အိမ်နီးချင်းများထံမှလည်း နယ်မြေများကို ဆက်လက်ရယူနေခဲ့သည်။ ၁၉၆၇-ခုနှစ် စစ်ပွဲပြီးနောက် အီဂျစ်ထံမှ ကြီးမားသောငြိမ်းချမ်းရေးနယ်မြေ(ဆိုင်းနိုင်းကျွန်းဆွယ်) ကို ရယူခဲ့ သော်လည်း ၁၉၇၉-ခုနှစ် ပြန်လည်ပေးအပ်ခဲ့သည်။

**အဖြစ်အပျက်များ** ။ ။ ၁၉၄၈-ခုနှစ်တွင် ပထမအာရပ်စစ်ပွဲဖြစ်ခဲ့သည်။ အစ္စရေးတို့က ဆိုင်နိုင်းဂါဇာ (အီဂျစ်)၊ အနောက်ဘက်ကမ်းခြေ (ဂျော်ဒန်) နှင့် ဂိုလ်န်ကုန်းမြင့် (ဆီးရီးယား) တို့ ကို ထိန်းချုပ်ပြီးသောအခါ ၁၉၆၇-ခုနှစ်တွင် (၆) ရက်ကြာစစ်ပွဲဖြစ်ခဲ့သည်။ ဆိုင်းနှုန်းကျွန်းဆွယ် ကို အစ္စရေးတို့က ပြန်လည်ပေးအပ်ခဲ့ပြီးနောက် ၁၉၇၉-ခုနှစ်တွင် ငြိမ်းချမ်းရေးသဘောတူညီမှု ပြုလုပ်-ခဲ့သည်။

## ကုလသမဂ္ဂနှင့် ဗီတိုအာဏာ

ကုလသမဂ္ဂသို့ အတိုချုံးမိတ်ဆက်မှုများ ကုလသမဂ္ဂအနေဖြင့် လုပ်ငန်းများ ဘယ်လိုလုပ် ဆောင်သည်၊ ဆုံးဖြတ်ချက်ချရာတွင် ကုလသမဂ္ဂ၏တည်ဆောက်ပုံက ဘယ်လိုရလဒ်ထွက်လာ သည် စသည်တို့ကို ကျောင်းသားများအား ပြသရန်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ကုလ သမဂ္ဂဖြစ်ပေါ်လာခဲ့သည်။ ကုလသမဂ္ဂကို ဖန်တီးခဲ့ကြပြီး ၎င်းတို့မှာ ယင်းအဖွဲ့အစည်းတွင် အင် အား အကြီးမားဆုံးနိုင်ငံများဖြစ်ခဲ့ကြသည်။ ကုလသမဂ္ဂကို ဖန်တီးခဲ့ကြသူတွေရဲ့ အဓိကရည်ရွယ် ချက်က စစ်ပွဲကာကွယ်ရန်နှင့် နိုင်ငံများ၏ ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းပေးမည့်အပြည်ပြည် ဆိုင်ရာအ ဖွဲ့အစည်းထူထောင်ရေးပင်ဖြစ်သည်။

စစ်အေးတိုက်ပွဲကာလအတွင်း ကုလသမဂ္ဂသည် စူပါပါဝါနှစ်နိုင်ငံဖြစ်သော အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့အကြား အဆက်မပြတ်ရုန်းကန်လှုပ်ရှားငြင်းခုံမှုများပြုလုပ်ခဲ့ရသည်။ စစ်အေးတိုက်ပွဲအဆုံးသတ်ပြီးနောက် လုံခြုံရေးကောင်စီတွင် အမေရိကန်က ဆုံးဖြတ်ချက်ချမှုများ၊ ဗီတိုအာဏာသုံးမှုတို့ကို အခြားသောအမြဲတမ်းအဖွဲ့ဝင်နိုင်ငံများထက် အသုံးပြုသူက ကုသအထွေ ထွေညီလာခံမှာ လုံခြုံရေးကောင်စီထက် မတူညီသောအမြင်အယူအဆများနှင့် ဆုံးဖြတ်ချက်များကို ရရှိမည်ဖြစ်သည်။ သို့သော် နောက်ဆုံးဆုံးဖြတ်ချက် လုံခြုံရေးကောင်စီအဖွဲ့ဝင် လက်ထဲတွင်ရှိနေပြီး အမှန်တကယ်အာဏာရှိနေသည်မှာ ၁၅ နိုင်ငံပါဝင်သော အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံလက်ထဲတွင် ဖြစ် သည်။

အစ္စရေးအပေါ် ရှုံ့ချသော ဆုံးဖြတ်ချက်အများအပြားကို အမေရိကန်က ကာကွယ်ပေးပြီး အနိုင်ယူခဲ့သည်။ သို့တိုင် အစ္စရေးမှာ ကုသမဂ္ဂ၏ အကြိမ်ပေါင်းများစွာရှုံ့ချခြင်းနှင့် ဝေဖန်ခြင်းကို

ခံရဆဲဖြစ်သည်။ ဖြစ်စဉ်အများအပြားတွင် ကုလဆုံးဖြတ်ချက်များကို အစ္စရေးအစိုးရက လက်မခံ ငြင်းဆိုခဲ့သည်။ အင်အားအဖွဲ့ဝင်နိုင်ငံများက ပြင်းထန်သောအရေးယူမှုလုပ်ဆောင်ရန် ဆုံးဖြတ်မှု ပြုလုပ်ခြင်းမှလွဲ၍ ကုလသမဂ္ဂက ၎င်း၏ဆုံးဖြတ်ချက်များအပေါ် အားအင်ထပ်လောင်းပေးရန် အာဏာမရှိပေ။ အစ္စရေးက အရေးကိစ္စတွင် ပြင်းထန်သောအရေးယူလုပ်ဆောင်ခြင်းအပေါ် အမေရိကန်က မည်သည့်အခါမျှ ခွင့်မပြုခဲ့သော အခြားဖြစ်စဉ်များဖြစ်သည့် ယူဂိုစလားဗီးယား နိုင်ငံဟောင်း (ဘော့စနီးယား၊ ခရိုအေးရှား) နှင့် အီရတ်အရေးတို့တွင် စစ်ရေးအရ ပြင်းထန်သော အရေး ယူမှုများလုပ်ဆောင်ခဲ့သည်။ နောက်သင်ခန်းစာတွင် ၂၀၀၃-ခုနှစ်၊ အီရတ်စစ်ပွဲဖြစ်စဉ်၌ ကုလသမဂ္ဂ၏ အားနည်းချက်ကို ဆွေးနွေးထားသည်။

## ဆွေးနွေးချက်

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** အထွေထွေညီလာခံသည် အဖွဲ့ဝင်နိုင်ငံအားလုံး (နိုင်ငံ ၂၀၀ ကျော်) ဖြင့် ဖွဲ့စည်းထားသည်။ သို့သော် နောက်ဆုံး ဆုံးဖြတ်ချက်ချမှုများကို နိုင်ငံပေါင်း ၁၅ နိုင်ငံဖြင့် ဖွဲ့စည်းထားသော လုံခြုံရေးကောင်စီက လုပ်ဆောင်သည်။ လုံခြုံရေးကောင်စီအဖွဲ့ကို အမြဲတမ်းဝင် (၅)နိုင်ငံ၊ အမေရိကန်၊ ဗြိ-တိန်၊ ပြင်သစ်၊ ရုရှားနှင့် တရုတ်နှင့် နှစ်နှစ်လျှင် တစ်ကြိမ် အလှည့်ကျ ပါဝင်ရသော အဖွဲ့ဝင် (၁၀) နိုင်ငံပါ နိုင်ငံများဖြင့် ဖွဲ့စည်းထားသည်။ လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော (၁၀) နိုင်ငံမှာ ကျားအဖွဲ့ဝင်နိုင်ငံအားလုံးနှင့်အတူ လုံခြုံရေးကောင်စီအလှည့်ကျ (၂) နှစ်စီ အလှည့်ကျ ပါဝင်ကြရသည်။

**၂။** မဟုတ်ပါ။ အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံသာလျှင် 'ဗီတို' အာဏာသုံးနိုင်သည်။ အစ္စရေးကိစ္စ တစ် ခုတွင် နိုင်ငံအားလုံးက သဘောမတူခဲ့သည့်တိုင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ဗီ-တို အာဏာ သုံး ပယ်ချနိုင်သည်။ ကမ္ဘာ့ရေးရာဆုံးဖြတ်ချက်များပြုလုပ်ရာတွင် မျှတသောနည်းလမ်း အတွေး ဆုံးဖြတ်ချက်ရရန် လုပ်ဆောင်အားပေးပါ။ ဥပမာ လုံခြုံရေးကောင်စီတွင် နိုင်ငံများများ ပါဝင်ရန်၊ လုံခြုံရေးကောင်စီမှာရှိတဲ့ အမြဲတမ်းအဖွဲ့ဝင်၊ အလှည့်ကျအဖွဲ့ဝင်နိုင်ငံများကို တန်းတူ အခွင့်အာဏာပေးရန်။

**အင်တီဖာတာ**

**ကြိုတင်လေ့လာခြင်း**

## ဆွေးနွေးချက်

**၁။** ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ (PA) ဖန်တီးခြင်းကြောင့် ကမ္ဘာအာရုံစိုက်လာခြင်း

**၂။** အကြမ်းဖက်မှုနည်းနာများကို အသုံးပြုမှုကြောင့် တင်းမာမှုများနှင့် သေဆုံးမှုများ နှစ်ဖက်စလုံးတွင် တိုးမြင့်လာခြင်း

**၃။** နိုင်ငံရေးအရ ပါလက်စတိုင်းတို့ တက်ကြွမှုအမြင့်ဆုံးအနေအထားရောက်လာခြင်း

**၄။** မတူညီသော ပါလက်စတိုင်းအုပ်စုများကွဲခြင်း (အချို့က အစ္စရေးတို့နှင့် စေ့စပ်ညှိနှိုင်း ရန် ငြင်းဆိုသည်)

**၅။** အပေးအယူလုပ်ခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းတို့အပေါ် အားထုတ်မှုထက် အတိုက်အခံလုပ် မှုနှင့် အကြမ်းဖက်မှုများလုပ်ဆောင်ရန် ပိုမိုအာရုံစိုက်ခြင်း

## စုပေါင်းလုပ်ဆောင်ခြင်း

ကျောင်းသားများအနေဖြင့် ဖော်ပြထားသော ခုနှစ်အဖြစ် အပျက်များထက် ပိုများသော အမြင် စာမျက်နှာထည့်ပေးနိုင်သည်။




## စုပေါင်းလုပ်ဆောင်ခြင်း

အောက်ဖော်ပြပါတို့မှာ ဖြစ်နိုင်ဖွယ်ဆွေးနွေးချက်များနှင့် အိုင်ဒီယာအချို့တို့ဖြစ်သည်။ ကျောင်းသားများ မေးခွန်းအားလုံး ဖြေဆိုနိုင်ရန် မလိုအပ်ပေ။ ကျောင်းသားများ အခက်အခဲ ရှိပါက အောက်ပါဇယားမှအကြံပြုချက်များကို ၎င်းတို့အား ပေးပါ။ အခြေအနေကွဲပြားအောင် ဘာလုပ်ခဲ့သင့်သလဲနှင့် အခု ဘာလုပ်သင့်သလဲ ဆိုသည်များအတွက် အဖြေမှာ လက်ရှိ အခြေအနေ၊ ပတ်ဝန်းကျင် ပြောင်းလဲမှုသာ လက်တွေ့ကျမည် ဖြစ်သည်။ ထို့ကြောင့် အချို့အဖြေများမှာ နမူနာများသာ ဖြစ်ပြီး လက်ရှိအခြေအနေများနှင့် လိုက်လျောညီထွေမှု မရှိချေ။

## ဖြစ်နိုင်ဖွယ်အဖြေများ

| မည်သူ | သူတို့ဘာလုပ်ခဲ့သလဲ | | |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |

## ကြိုတင်လေ့လာခြင်း

**အစ္စရေးနိုင်ငံရှိလူ့ဘဝ**

အစ္စရေးရှိ ဂျူးနှင့်ပါလက်စတိုင်းပြည်သူတွေရဲ့ နေ့စဉ်ဘဝအပေါ် မည်သို့ရိုက်ခတ်မှုများရှိနေသည်ကို ဆွေးနွေးပါ။

## ဆွေးနွေးချက်

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** အကြမ်းဖက်သမားများသည် အစ္စရေးစစ်ကို အောင်မြင်အောင်တိုက်ခိုက်နိုင်ခြင်းမရှိကြပေ။ ထို့ကြောင့် အားအနည်းဆုံးအုပ်စုကို တိုက်ခိုက်မှုပြုကြသည်။ ၎င်းတို့ကို ပြန်မတိုက်ခိုက်နိုင်သူများ ကို တိုက်ခိုက်ခြင်းဖြစ်သည်။ ၎င်းတို့က အစ္စရေးပြည်သူတွေ ၎င်းတို့၏အစိုးရအပေါ် ထောက်ခံမှုလျော့ကျသွားစေရန် မျှော်လင့်ထားကြသည်။ အာရုံစိုက်လာမှုအများအပြား လက်ခံရရှိရန်ဆန္ဒရှိကြသည်။ အပြစ်မဲ့ပါလက်စတိုင်းပြည်သူများ အစ္စရေးစစ်တပ်ကြောင့် သေဆုံးနေရမှုအတွက် "အပြစ် မဲ့အစ္စရေးပြည်သူတွေကို သေစေရန်" ခံစားချက်ရှိကြသည်။

**၂။** အစ္စရေးစစ်တပ်က ပါလက်စတိုင်းအကြမ်းဖက်မှုကို ပိုပြီးကြီးကျယ်သောအကြမ်းဖက်မှု တုံ့ပြန်သောအခါ အကြမ်းဖက်သံသရာစက်ဝန်းများ ဆက်လက်လည်ပတ်လျက်ရှိသည်။ ယင်းမှာ နိုင်ငံတကာရှုထောင့်အရ အစ္စရေးပုံရိပ်ကို ဆိုးရွားစွာထိခိုက်စေခဲ့သည်။ အစ္စရေးတပ်ဖွဲ့က ပါလက်စတိုင်းတို့ထက် အင်အားကြီးမားသောကြောင့် ပိုပြီး ရန်သူများအဖြစ် ရှုမြင်ခံရသည်။

**၃။** အမှန်တကယ် ရွေးချယ်ရမည့်နည်းလမ်းများမှာ ငြိမ်းချမ်းသောဆွေးနွေးပွဲနှင့် စေ့စပ်ညှိနှိုင်းမှုများပင်ဖြစ်သည်။ ယင်းကဲ့သို့ အလားတူနည်းလမ်းများကို နှစ်ပေါင်း ၅၀ ကျော်ကြာ အသုံးပြုခဲ့ သော်အခြေအနေမှာ ပို၍ပင် ဆိုးရွာလာခဲ့သည်။

## ဆွေးနွေးငြင်းခုံမှု

ယခုကိစ္စမှာ ဆွေးနွေးငြင်းခုံမှုအတွက် ခက်ခဲသော မေးခွန်းနှင့်သေရေးရှင်ရေးပြဿနာ ဖြစ်နေသည်။ အစိုးရအများစု၊ မီဒီယာနှင့်လူအများက သေးငယ်သောအဖွဲ့များ (သို့) တစ်ဦးချင်းစီမှ လုပ်ဆောင်သော ပဋိပက္ခသာလျှင် အကြမ်းဖက်မှုအရ စဉ်းစားကြသည်။ သို့သော် အလားတူအကြမ်းဖက်မှု (သို့) ပိုဆိုးသောလုပ်ရပ်ကို အစိုးရမှ လုပ်ဆောင်ကျူးလွန်ခံလျှင် အကြမ်းဖက်ဝါဒအဖြစ် မဆိုကြခြင်းပင်ဖြစ်သည်။ ဥပမာ-အသေခံဗုံးခွဲသမားတစ်ယောက်က လူတစ်ယောက် (သို့) ၁၀ ယောက်ကို သေဆုံးစေခြင်းကို အကြမ်းဖက်ဝါဒဟုခေါ်ဆိုသော်လည်း တစ်ချိန်တည်းမှာ အ ဆင့်မြင့်ခရစ်ဒုံးကျည်တစ်စင်းက လူ ၂၀ (သို့) ပြည်သူ ၁၀၀ ခန့်ကို သေဆုံးမှုကို ပြန်လည်ခုခံမှု (သို့) တန်ပြန်အကြမ်းဖက်ဝါဒဟုခေါ်ဆိုကြသည်။ ကျောင်းသားအရေအတွက်ပေါ်မူတည်ပြီး အဖွဲ့နှစ်ဖွဲ့(သို့)လေးဖွဲ့ခွဲပါ။ (အဖွဲ့လေးဖွဲ့ရှိလျှင် အဖွဲ့ (၁) နှင့် (၃) က အကြောင်းအရာကို ငြင်းခုန်ကြပြီး ကျန်အဖွဲ့ (၂) နှင့် (၄) က ငြင်းခုန် မှုကို ပြန်လည်ချေပကြလိမ့်မည်။

ဆွေးနွေးငြင်းခုံမှုအတွက် ပြင်ဆင်ရန် ကျောင်းသားများကို အချိန် သတ်မှတ်ချက်တစ်ခုပေးပါ။ သို့မဟုတ် အဖွဲ့များကို work assignment သဘောမျိုး ပေးနိုင်သည်။ ကျောင်းသားများအနေဖြင့် အားလပ်ချိန်မှာ သုတေသနပြုမှုနှင့် ငြင်းခုံမှုများအတွက် ပြင် ဆင်မှုတွေပြုလုပ်ကြမည်။ ထို့နောက် နောက်သင်ခန်းစာတွင် ဆွေးနွေးငြင်းခုန်မှု ပြုလုပ်ကြမည်။

ထို့ပြင် ကျောင်းသားများကို အုပ်စုခွဲခိုင်းပြီး သူတို့၏ရပ်တည်မှုကို ရွေးချယ်ခိုင်းပါက "ဖော်ပြချက်ကို သဘောတူသည် (သို့) မတူပါ" ဥပမာ "နိုင်ငံတစ်နိုင်ငံ၏ ရဲအပေါ်ရန်လိုသောအပြုအမူဟာ အကြမ်းဖက်ဝါဒလို့ မခေါ်ဆိုနိုင်ပါ။"

## သရုပ်ဆောင်ခြင်း

အိမ်စာအတွက် ဇာတ်လမ်းနှစ်ပုဒ်ကို ကျောင်းသားများ ဖတ်ကြသည်။ Major အကြောင်း ပြော မည့်သူက ယင်းဇာတ်လမ်းအကြောင်းကို ပြန်ဖတ်သင့်သည်။ Rachel အကြောင်းပြောမည့်သူကလည်း သူ့အကြောင်း တစ်ဖန်ပြန်ဖတ်သင့်သည်။ ကျောင်းသားများ အဆင်သင့်ဖြစ်သောအခါ ပါဝင်သရုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေသည်။ ရှုထောင့်နှစ်ခုမြင်တွေ့ရန် ကျောင်းသားများ ကြိုးစားသင့်သည်။ ကျောင်းသားတစ်ယောက်က ပါလက်စတိုင်းတစ်ယောက်၏အမြင်ရှုထောင့်ကို သရုပ်ဆောင်ရပြီး အခြားတစ်ယောက် အစ္စရေးတစ်ယောက်အနေဖြင့် ပါဝင်သည်။ နှစ်ဦးစလုံးက ဘယ်လိုခံစားရသည်ကို ဆွေးနွေးကြမည်။

တစ်ယောက်ချင်းစီ၏ အကြံပြုချက်များကို အတိုချုံးပြီး ဘုတ်ပေါ်တွင် မှတ်သားထားပါ။ ပြီးပါက ဆွေးနွေးမှုပြုလုပ်ပါ။ အကြံပြုချက်အချို့သည် လက်တွေ့ကျသည်ဟု ကျောင်းသားများ ထင်ပါသလား။ ထိုအကြံပြုချက်များကို အကောင်အထည်ဖော်လျှင် အောင်မြင်နိုင်ပါသလား။

# ၂. ၄ အီရတ်အလွမ်းဇာတ်

## ဖတ်သိနားလည်စွမ်း

**အဖြေများ**

**၁။** အီရတ်တွင် ယခင်က အော့တမန်အင်ပါယာထဲပါဝင်သော ပြည်နယ် (၃) ခုရှိခဲ့သည်။

**၂။** ရှီးယား၊ ကာ့ဒ်၊ ဆွန်နီ

**၃။** - မတူညီသောယဉ်ကျေးမှုများရှိရာ ဧရိယာ (၃) ခုကို ပေါင်းစည်းခဲ့သည်။
- နိုင်ငံတွင်းမှ မဟုတ်သောသူတစ်ဦးကို ဘုရင်အဖြစ်ရွေးချယ်ခဲ့သည်။
- ကူဝိတ်မှ အီရတ်မှ ဖယ်ထားခဲ့သည်။

ကျောင်းသားများအနေဖြင့် ပထမကမ္ဘာစစ်ပြီးနောက် ဗြိတိန်တို့၏ သစ္စာဖောက်မှု ကိုလည်း ပါဝင်အောင် ထည့်သွင်းဖော်ပြရမည်။

## ဆွေးနွေးချက်

**ဖြစ်နိုင်ဖွယ်အဖြေများ**

ဒေသခံများအနေဖြင့် အပြင်ဘက်မှလာရောက်သူတစ်ယောက်စကားအပေါ် လေးစားမှု/နားထောင်မှုပြုမည်မဟုတ်ပါ။ နိုင်ငံပြင်ပမှရောက်လာသူအနေဖြင့်လည်း ဒေသခံများကို နားလည်ပေးနိုင်ရန်မှာ မဖြစ်နိုင်ပေ။ လူများက ခေါင်းဆောင်အပေါ် နာခံမှုမရှိလျှင် အစိုးရအတွက် ပြဿနာများဖြစ်လာဖွယ်ရှိသည်။ မကျေနပ်မှုက လူမှုရေးမငြိမ်သက်မှုများကို ဦးတည်လာစေပြီး ဆန္ဒပြ မှုများ အဓိကရုန်းများနှင့် နိုင်ငံရေးပဋိပက္ခများကဲ့သို့ ကြီးမားသော လူမှုရေးပြဿနာများဖြစ်လာနိုင် သည်။

## ကြိုတင်လေ့လာခြင်း

**ဖြစ်နိုင်ဖွယ်အဖြေများ**

နိုင်ငံ၏ အဓိကမြစ်ကြီးနှစ်စင်းဖြစ်သော တီဂရစ်နှင့် ယူဖရေးတီးစ်တို့သည် နိုင်ငံတစ်ခုလုံးကိုဖြတ်ကာ အနောက်မြောက်မှ အရှေ့တောင်ဘက်ရှိ ပါရှန်းပင်လယ်ကွေ့ထဲစီးဆင်းသည်။ ယင်း အနေအထားကြောင့် အီရတ်မှာ မဟာဗျူဟာမြောက်တည်ရှိနေပြီး ပါရှန်းပင်လယ်ကွေ့ (Umm Qasr) ဆိပ်ကမ်းမြို့ရှိသည်။ အာရေဗီးယန်းပင်လယ်တို့နှင့် လက်လှမ်းမီလျက်ရှိသည်။ နိုင်ငံရေး သမိုင်းတစ်လျှောက် အထက်ပါမြစ်နှစ်စင်းက ဆီးရီးယား၊ တူရကီတို့၏ ကုန်သွယ်ရန် ရေလမ်းကြောင်းများအဖြစ် ထောက်ပံ့ပေးခဲ့သည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းနှင့် သောက်သုံးရေအတွက်လည်း ကြီးမားသောရေရင်းမြစ်ကြီးတစ်ခုအဖြစ် ထောက်ပံ့ပေးခဲ့သည်။

# ရေနံနှင့်ရေ

## ဖတ်သိနားလည်စွမ်း

**ဖြစ်နိုင်ဖွယ်အခြေအနေများ**

**၁။** ဗြိတိန်တို့သည် အီရတ်လွတ်လပ်ရေးရပြီးနောက်တွင်လည်း ရေနံလုပ်ငန်းများကို ကာကွယ် ရန်နှင့် ယင်းရေနံတို့ကို ရရှိနိုင်ရန် ၎င်းတို့၏စစ်တွင် အီရတ်တွင် ဆက်လက်နေထားရှိခဲ့သည်။

**၂။** အီရတ်တွင် အနောက်အုပ်စုကို ဆန့်ကျင်သည့်ခံစားချက်များကြီးထွားလာရခြင်းမှာအကြောင်း ပြချက် အများအပြားရှိနေသည်။ နိုင်ငံကို အုပ်ချုပ်ရန် နိုင်ငံခြားသားဘုရင်ကို ခန့်အပ်ခဲ့ခြင်း၊ ဗြိတိန်တို့က နိုင်ငံတစ်ခုတည်းတွင် မတူညီသော ယဉ်ကျေးမှုအုပ်စုများကို အတူတကွရှိနေရန် တွန်းအားပေးခဲ့ခြင်း။ အီရတ်အား လွတ်လပ်ရေးပေးရန် သဘောတူညီချက်ကို ဖြည့်ဆည်းမပေးခဲ့ ခြင်း၊ ၁၉၃၀ နောက်ပိုင်းတွင်လည်း စစ်တပ်ကို ဆက်လက်ထားရှိခဲ့ခြင်းတို့ဖြစ်သည်။

## ဆွေးနွေးချက်

**ဖြစ်နိုင်ဖွယ်အဖြေများ**

စီးပွားရေးလုပ်ငန်းများသည် သယ်ယူပို့ဆောင်ရေး (ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်၊ ဘတ် စ် ကား စသည်) တို့ကို လည်ပတ်စေရန် ရေနံအပေါ် မှီခိုနေကြသည်။ အပူအတွက်၊ စွမ်းအင်ထုတ်လုပ်ခြင်း (လျှပ်စစ်ရရှိအောင်လုပ်ခြင်း)၊ ရေနံဓာတုလုပ်ငန်းများနှင့် ရေနံထုတ်ကုန်အားလုံးတို့ မှာ ရေနံအပေါ် မှီခိုကြရသည်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံအများစု၏ ၎င်းတို့၏ စွမ်းအင်လိုအပ်ချက် အများစုမှာ ကျွန်းရေနံအပေါ် တည်မှီနေသည်။ ရေနံထုတ်လုပ်သောနိုင်ငံအများအပြားမှာလည်း ရေနံမှာ အဓိကဝင်ငွေရင်းမြစ်ကြီးဖြစ်နေသည်။ နိုင်ငံများအနေဖြင့် အခြားနိုင်ငံများနှင့် ကုန်သွယ် ရာတွင် ရေနံကို ငွေကြေးအဖြစ် အသုံးပြုကြသည်။

## လေ့ကျင့်ခန်း

**(စွမ်းရည်) -**
ဂရပ်ဖန်တီးခြင်း

ကျောင်းသားများအနေဖြင့် အခြေခံဂရပ်နည်းလမ်းများဖြစ်သော ခေါင်းစဉ်ပေးခြင်း၊ စာတန်းထိုးခြင်း၊ လိုအပ်သလောက် နေရာခြားခြင်း၊ မြင့်ရာမှ နိမ့်ရာ သို့မဟုတ် နိမ့်ရာမှ မြင့်ရာ စသ-ဖြင့် အစီအစဉ်ချခြင်းတို့ကို အသုံးပြုရမည် ဖြစ်သည်။

**နမူနာအဖြေ**



**ဆွေးနွေးချက်**

လွတ်လပ်ရေးပြီးသော်လည်း နိုင်ငံခြားတိုင်းပြည်တစ်ခုက ဆက်လက်သိမ်းပိုက်ထားလျှင် ယင်းနိုင်ငံသားများအနေဖြင့် ဘယ်လိုခံစားကြရမည်ကို ကျောင်းသားများအား စိတ်ကူးကြည့်ခိုင်းပါ။

**ဖြစ်နိုင်ဖွယ်အဖြေများ**

အီရတ်တွင် ဗြိတိန်စစ်တပ်ဆက်လက်တည်ရှိနေခြင်းက ယုံကြည်မှုမရှိခြင်းနှင့် မကျေမချမ်း မှုကိုဖြစ်စေခဲ့သည်။ သို့သော် အခြားတစ်ဖက်တွင်လည်း ဗြိတိန်စီးပွားရေးအနေဖြင့် ရေနံကို လက်လှမ်းမီရန်သေချာသွားစေခဲ့သည်။ စစ်တပ်တည်ရှိမှုကြောင့် 'ဗြိတိန်နစ်နာသလား။ အီရတ်နစ်နာသလား။' ဆိုသည်ကို လေ့လာကြည့်နိုင်သည်။ ယခုအနေအထားတွင် အောင်နိုင်သူနှင့် ရှုံးနိမ့်သူ မည်သူတွေဖြစ်ကြောင်းကို ကျောင်းသားများအား မေးမြန်းကြည့်ပါ။

## မျိုးချစ်စိတ်ဓာတ်နှင့်အာဏာရှင်တစ်ယောက်မွေးဖွားမှု

**ဆွေးနွေးချက်**

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** နိုင်ငံအချို့ရှိ အင်အားချိန်ခွင်လျှာကို ကျောင်းသားများ ဆွေးနွေးသင့်သည်။ အီရတ်ကဲ့သို့နိုင်ငံများတွင် စစ်တပ်၏ထိန်းချုပ်မှုသည် တိုင်းပြည်အား ထိန်းချုပ်ရန် အရေးအကြီးဆုံးဖြစ်သည်။ စစ်တပ်အုပ်ချုပ်သော အစိုးရတစ်ခုတွင် စစ်တပ်ခေါင်းဆောင်များမှာ နိုင်ငံရေးခေါင်းဆောင်များ ဖြစ်ကြသည်။ စစ်တပ်ခေါင်းဆောင်များ၏ မိတ်ဆွေအပေါင်းအသင်းများမှာ နိုင်ငံရေးခေါင်းဆောင် များအဖြစ်ရွေးချယ်ခြင်းခံရလေ့ရှိသည်။ အီရတ်တွင် လူနည်းစုဖြစ်သော ဆွန်နီတို့က စစ်တပ် အာဏာသိမ်းခဲ့ပြီး ၂၀၀၃-ခုနှစ်၊ အီရတ်စစ်ပွဲမတိုင်မီအထိ တိုင်းပြည်ကို ထိန်းချုပ်ခဲ့ကြသည်။

**၂။** အနောက်နိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်မှုကြောင့် လက်တွေ့အသုံးကျသော အကျိုးကျေးဇူးအများအပြားရှိသည်။ အနောက်၏မဟာမိတ်ဖြစ်ခြင်းကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပိုမိုချိုးနှိမ်ပစ်နိုင်ခဲ့သည်။

## အီရန်နှင့်စစ်ပွဲ

**ကြိုတင်လေ့လာခြင်း**

**အဖြေများ**

အီရန်သည် အနောက်ဘက်တွင် အီရတ်နှင့်တူရကီ၊ မြောက်ဘက်တွင် အာမေးနီးယား၊ အဇာ ဘိုင်ဂျန် နှင့်တာမေနစ္စတန်၊ အရှေ့ဘက်တွင် အာဖဂန်နစ္စတန်၊ ပါကစ္စတန်တို့နှင့် တာမေနစ္စတန်၊ အရှေ့ဘက်တွင် အာဖဂန်နစ္စတန်၊ ပါကစ္စတန်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ပါရှန်းပင်လယ်ကွေ့မှာ အီရန်တောင်ပိုင်းတွင်တည်ရှိပြီး မြို့တော်မှာ တီအီရန်ဖြစ်သည်။

အီရန်သည် ဘာသာရေးခေါင်းဆောင်များအုပ်ချုပ်သည့် သဘောထားအယူဝါဒကို လက်ခံသော အစ္စလာမ်မစ် သမ္မတနိုင်ငံဖြစ်သည်။ မွတ်စလင်နိုင်ငံအီရန်၏ ဘာသာစကားမှာ မာစီ (ပါရှန်း) ဖြစ်သည်။ အီရတ်-အီရန်စစ်ပွဲမှာ အီရတ်ကြောင့် စတင်ဖြစ်ခဲ့ရသည်။

## ဖတ်သိနားလည်စွမ်း

**အဖြေများ**

**၁။** အာရပ်အားလုံးကို စုစည်းခြင်း၊ ပါလက်စတိုင်းမှ ဇီယွန်ဝါဒီများကို ဖယ်ရှားပစ်ခြင်း၊ ကူဝိတ်ကို ပြန်သိမ်းယူခြင်း

**၂။** မှား

**၃။** မှား

**၄။** မှား အစောပိုင်းအီရတ်အစိုးရအနေဖြင့် အနောက်အုပ်စုကို ဆန့်ကျင်ခဲ့သော်လည်း ဆက်ဒမ်ဟူစိန်မှာ အာရပ်လိုလားသူသာမက အနောက်လိုလားသူတစ်ယောက်ဖြစ်ခဲ့သည်။

**၅။** ပြင်းထန်သောဖိနှိပ်မှု၊ ထောင်သွင်းအကျဉ်းချမှု၊ ညှင်းပန်းနှိပ်စက်မှု၊ လူသတ်မှု၊ ခြိမ်းခြောက်မှု။

## ဖတ်သိနားလည်စွမ်း

**အဖြေများ**

**၁။** နယ်စပ်အငြင်းပွားမှု၊ အနောက်အုပ်စုဆန့်ကျင်သည့် အစ္စလာမ်သဘောတရားများ ပျံ့နှံ့မည် ကို စိုးရိမ်ကြောက်ရွံ့မှု

**၂။** အနောက်အုပ်စုဆန့်ကျင်ရေး အစ္စလာမ်မစ်သဘောတရားပျံ့နှံ့မှုအပေါ် စိုးရိမ်ကြောက်ရွံ့မှု၊ ရေနံအပေါ် အီရတ်က ထိန်းချုပ်ကန့်သတ်မှုလုပ်ဆောင်နိုင်သည်။

**၃။** စစ်ဘက်အကူအညီများ (လက်နက်များ၊ နည်းပညာ၊ ထောက်လှမ်းရေးအကူအညီ) ထောက်ပံ့ပေးခြင်း။

**၄။** အီရတ်ကို ဆက်လက်ထောက်ပံ့ပေးသည်။

**၅။** မည်သူ/မည်သည်မျှမဟုတ်ပါ။ သို့သော် နှစ်နိုင်ငံစလုံးက အောင်နိုင်မှုဟု အခိုင်အမာဆို ကြသည်။

## ဆွေးနွေးချက်

**ဖြစ်နိုင်ဖွယ်အခြေအနေများ**

တူညီသော ရန်သူရှိနေသည့် မည်သူတစ်ဦးတစ်ယောက်နှင့်မဆို အစိုးရများနှင့် ပြည်သူများမှာ အမြဲတမ်း ရင်းနှီးချစ်ခင်ကြသည်။ ဥပမာအားဖြင့် ‘A’ ဆိုသောပုဂ္ဂိုလ်က ‘B’ ဆိုသောပုဂ္ဂိုလ်နှင့် ပဋိပက္ခဖြစ်နေလျှင် ‘B’ နှင့် ပဋိပက္ခဖြစ်နေသူ ‘C’ ထံမှ သင်ယူမှုပြုလုပ်ပြီး ‘A’ မှာ ‘C’ နှင့် မိတ်ဆွေများဖြစ်လာကြသည်။ ယင်းမိတ်ဆွေသစ်နှစ်ဦးမှာ တစ်ဦးနှင့် တစ်ဦး အမှန်တကယ်မကြိုက်ကြသည့်တိုင်  ၎င်းတို့၏ရန်သူမှာ အတူတူပင်ဖြစ်သဖြင့် မဟာမိတ်များအဖြစ် ရှုမြင်ကြလိမ့်မည်။ ယင်းတစ်ချက်မှာ စစ်အေးတိုက်ပွဲအတွင်း စူပါပါဝါများတွင် မြင်တွေ့ရသည်။ စူပါပါဝါနိုင်ငံတစ်နိုင်ငံ ကို ဆန့်ကျင်သော မည်သည့်နိုင်ငံကိုမဆို အခြားစူပါပါဝါက ထောက်ပံ့ပေးခြင်းဖြစ်သည်။

ဥပမာ တစ် ခုအနေဖြင့် ဗီယက်နမ်စစ်ပွဲအတွင်း အမေရိကန်က တောင်ဗီယက်နမ်အစိုးရကို ထောက်ပံ့ ပေး ခဲ့ခြင်းမှာ အစိုးရကို ကြိုက်၍ကြောင့်မဟုတ်ဘဲ ကွန်မြူနစ်မြောက်ဗီယက်နမ်ကို ဆန့်-ကျင်သော ကြောင့် ဖြစ်သည်။

**ပါဝင်သရုပ်ဆောင်ခြင်း**

ကျောင်းသားများကို A, B, C အုပ်စု (၃) စုခွဲပါ။ အုပ်စုတစ်ခုချင်းစီက အမေရိကန်အစိုးရ၊ အီရန်အစိုးရနှင့် အီရတ်အစိုးရများအဖြစ် ပါဝင်သရုပ်ဆောင်ကြမည်။ အဖွဲ့တစ်ဖွဲ့ချင်းစီက မိမိပါဝင်ရမည့်နေရာနှင့် ငြင်းခုံမှုများကို လုပ်ဆောင်ကြမည်။

# ကူဝိတ်ကို ကျူးကျော်ခြင်းနှင့် ပင်လယ်ကွေ့စစ်ပွဲ

## ကြိုတင်လေ့လာခြင်း

**ဖြစ်နိုင်ဖွယ်အဖြေများ**

ပင်လယ်ကွေ့စစ်ပွဲမှာ အီရတ်က ကူဝိတ်ကို ကျူးကျော်ပြီးနောက် နိုင်ငံအများအပြားက အီရတ်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြခြင်း ပါရှန်းပင်လယ်ကွေ့တွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင့် ပင်လယ်ကွေ့စစ်ပွဲဟုခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

ပင်လယ်ကွေ့စစ်ပွဲကို အဓိကအားဖြင့် အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့က တိုက်ခိုက်ခဲ့ကြခြင်းဖြစ်သည်။

အီရတ်တပ်များ ကူဝိတ်မှ မောင်းထုတ်ရာ စစ်ပွဲအနိုင်ရခဲ့သည့် မဟာမိတ်အဖွဲ့တို့အား အမေရိကန်က ဦးဆောင်ခဲ့သည်။

ကူဝိတ်နိုင်ငံအနေဖြင့် နိုင်ငံငယ်လေးဖြစ်သော်လည်း ရေနံရင်းမြစ် အရမ်းကြွယ်ဝပြီး၊ ပါရှန်းပင်လယ်ကွေ့နှင့် အလွယ်တကူလက်လှမ်းမီနေရာ ယင်းကြောင့် ဆက်ဒမ်ဟူစိန်မှာ ကူဝိတ် ကို ထိန်းချုပ်ရန် စိတ်ဝင်စားခြင်းဖြစ်သည်။

| **လေ့ကျင့်ခန်း** |
| --- |
| **(စွမ်းရည်) -** နှိုင်းယှဉ်မှုများပြုလုပ်ခြင်း |

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** နှစ်ပေါင်းများစွာတိုင်အောင် အမေရိကန်က အစ္စရေးတို့၏ ကျူးကျော်မှုကို ဆန့်ကျင် မှု မပြုလုပ်ပေ။ အစ္စရေးတို့၏ ကျူးကျော်သိမ်းပိုက်မှုများကို ဆန့်ကျင်ရှုတ်ချသော ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို ဗီတိုအာဏာသုံးကာ ဖယ်ရှားပေးခဲ့သည်။ အခြားတစ်ဖက်တွင် အီရတ်၏ ကူဝိတ် အပေါ် ကျူးကျော်မှုကိုမူ ချက်ချင်းဆိုသလို ပြင်းပြင်းထန်ထန်ဆန့်ကျင်ပြီး ရှုတ်ချခဲ့သည်။

ကူဝိတ်မှ အီရတ်တို့ ဆုတ်ခွာရေး (သို့) စစ်ရေးအရ အရေးယူရေးကို ကုလသမဂ္ဂဆုံးဖြတ်ချက်ချ လုပ်ဆောင်နိုင်ရန် ဖိအားပေးခဲ့သည်။ ကုလလုံခြုံရေးကောင်စီကိုလည်း အီရတ်အား ဆန့်ကျင်ရေး စိတ်အားထက်သန်စွာ တိုက်တွန်းအားပေးခဲ့သည်။

၂။ အကြောင်းပြချက်တစ်ခုက အမေရိကန်နှင့် အစ္စရေးတို့ ရင်းရင်းနှီးနှီးဆက်ဆံမှုရှိခြင်း ပင်ဖြစ်သည်။ အခြားအကြောင်းပြချက်များမှာ အမေရိကန်အနေဖြင့် အီရတ်အား ထိန်းချုပ်ရန်နှင့် ရေနံရင်းမြစ်များကို ရယူလို၍ တုံ့ပြန်ခြင်းဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူအများအပြားက စဉ်းစား ထားခဲ့ကြသည်။ အခြားတစ်ဖက်တွင်လည်း အီရတ်၏ ကူဝိတ်အပေါ်ကျူးကျော်မှုမှာ နိုင်ငံတစ်နိုင်ငံ ၏ အချုပ်အခြာအာဏာကို ချိုးဖောက်ခြင်းဖြစ်သည်။

၃။ အီရန်အားဆန့်ကျင်တိုက်ခိုက်ခဲ့သော အီရတ်စစ်တပ်၏ ၈ နှစ်တာကြာ ခက်ခက်ခဲခဲ တိုက်ခိုက်ခဲ့ရသောတိုက်ပွဲမှာ ၁၉၉၁-ခုနှစ်တွင် ပြီးဆုံးခဲ့သည်။ ယင်းစစ်ပွဲကြောင့် ဆုံးရှုံးမှု များပြားခဲ့သည်။ အီရတ်စစ်တပ်၏ လက်နက်ကိရိယာများမှာ ခေတ်မမီ ချွတ်ချုံကျနေသလို စစ်သားများ မှာလည်း လေ့ကျင့်မှု ပြည့်ဝထားသူများမဟုတ်ကြပေ။ အမေရိကန်ဦးဆောင်သောတပ်များအနေဖြင့် တိုက်ခိုက်ခဲ့ဖူးသောစစ်ပွဲများစွာထက် အီရတ်အပေါ် အလွယ်တကူပင် အနိုင်ရခဲ့ကြသည်။ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့မှာ ကမ္ဘာပေါ်တွင် ခေတ်အမီဆုံးဖြစ်ပြီး စစ်သားများမှာလည်း ပ ရော်ဖက်ရှင်နယ်များဖြစ်ကြသည်။ အမေရိကန်သာလျှင် အကောင်းဆုံးစစ်တပ်ကို ပိုင်ဆိုင်ထား သည်။

၄။ ဆက်ဒမ်ဟူစိန်အစိုးရအား ဖယ်ရှားပစ်ရေးအတွက် အမေရိကန်အစိုးရက အီရတ်အတိုက်အခံအုပ်စုများဖြစ်သည့် ကာ့ဒ်နှင့် ရှီးယားတို့ကို ငွေကြေးနှင့်သတင်းအချက်အလက်များ ထောက်ပံ့ ကူညီပေးခဲ့သည်။ အီရတ်စစ်တပ် အလွယ်တကူအနိုင်ယူခံရပြီး ကူဝိတ်မှ ထွက်ခွာစေခဲ့ရခြင်းမှာ အတိုက်အခံအုပ်စုများအတွက် အစိုးရအားဖြုတ်ချရန် အချိန်ကောင်းဖြစ်သွားသည်။ သို့သော် ရှီးယားနှင့် ကာ့ဒ်တို့ အမှန်တကယ်စစ်မြေပြင်သို့ရောက်ရှိလာချိန်တွင် အမေရိကန်က ထို ကဲ့ သို့ စစ်ရေးအကူအညီများ မပေးတော့ပေ။ ကာဒ့်နှင့်ရှီးယားတို့ကလည်း အမေရိကန်တို့ထံမှ စစ်ရေးအကူအညီရလိမ့်မည်ဟု တွေးထင်ခဲ့ကြသည်။ ပင်လယ်ကွေ့စစ်ပွဲကြောင့် အင်အားလျော့နည်းခဲ့ရသော အီရတ်စစ်တပ်မှာ ယခုစစ်ပွဲကို ရပ်တန့်ပစ်နိုင်ခဲ့ပြီ၊ ရှီးယားနှင့် ကာဒ့်ထောင်ပေါင်းများစွာကို သတ်ပစ်ခဲ့သည်။

## ဆွေးနွေးငြင်းခုံမှု

ငြင်းခုန်မှုမတိုင်မီ (သို့) ပြီးနောက် အစိုးရများဖြုတ်ချပစ်ရေးအတွက် အင်အားကြီးနိုင်ငံ အချို့က အကူအညီပေးကြသည်ကို ကျောင်းသားများ သိထားသင့်သည်။ ယင်းကဲ့သို့လုပ်ဆောင်မှု မျိုးကို ဗြိတိန်၊ ဆိုဗီယက်နှင့်ပြင်သစ်တို့ လုပ်ဆောင်ကြသလို၊ နောက်ဆုံး နှစ် (၅၀) တစ်လျှောက် လုံးတွင် အမေရိကန်တို့ကလည်း အကြိမ်ကြိမ်လုပ်ဆောင်ခဲ့သည်။ စစ်အေးကာလအတွင်း နိုင်ငံ များ ၏ အရေးကိစ္စများတွင် အမေရိကန်နှင့် ဆိုဗီယက်တို့ လုပ်ဆောင်ခဲ့ကြသည်။ စစ်အေးကာလ အဆုံးသတ်ခဲ့ပြီးနောက်တွင်လည်း ယင်းကဲ့သို့ လုပ်ဆောင်မှုမျိုး ဆက်လက်ရှိနေခဲ့သည်။ စီအိုင် အေ (အမေရိကန်)၊ အမ်အိုင်-၆ (ဗြိတိန်)၊ မော့ဆက် (အစ္စရေး) နှင့် အခြားသောထောက်လှမ်းရေး အေဂျင်စီများမှာ နိုင် ငံများ၏ နိုင်ငံရေးကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်လေ့ရှိသည်။ အင်အား ကြီးနိုင်ငံများမှာ အခြားနိုင်ငံ၏အစိုးရပြောင်းလဲသွားရေးဆန္ဒရှိကြသော်လည်း စစ်ပွဲဖြစ်စေရန် ဆန္ဒ မရှိကြပေ။

၎င်းတို့က အတိုက်အခံအုပ်စုများ (သို့) ပြည်တွင်းအတိုက်အခံခေါင်းဆောင်များနှင့် စစ်တပ်ကို ထောက်ပံ့ကူညီပြီး လေ့ကျင့်ပေးသည်။ ငွေကြေး၊ သတင်းအချက်အလက်၊ ပစ္စည်းကိရိယာများထောက်ပံ့သည်။ ဒီမိုကရက်တစ်ရွေးကောက်ပွဲများတွင် ဝင်ရောက်စွက်ဖက်မှုပြုပြီး အနိုင်ရရန်ဆန္ဒရှိသည့်ခေါင်းဆောင်များကို ငွေကြေးထောက်ပံ့ခဲ့သည်။ အစိုးရဖြုတ်ချရေးလုပ်ဆောင်မှုကို စုစည်းပေးသည်။ ခေါင်းဆောင်များကို လုပ်ကြံပြီး ပြည်တွင်းမငြိမ်သက်မှုများဖြစ်ပေါ်စေရန် အဖျက်အမှောင့်လုပ်ငန်းများဖြစ်ပေါ်စေသည်။

ယခုလုပ်ဆောင်ချက်မျိုးကို အားပေးထောက်ခံသောငြင်းခုန်မှုအချို့မှာ စစ်ပွဲဖြစ်လာနိုင်ဖွယ်အနေအထား၊ မိမိလူမျိုးများကို အလွဲသုံးစားပြုမှုနှင့် အင်အားကြီးမားအောင်လုပ်ဆောင်နေ သည့် နိုင်ငံဆိုးများအား ရပ်တန့်ရန် ကြိုးစားနေသည့် နိုင်ငံများအတွက် အသုံးဝင်သည်။ စစ်ပွဲဖြစ်ပွားလာစေမှုထက် ပြည်တွင်းအတိုက်အခံအုပ်စုများကို ကူညီပြီး အစိုးရဖယ်ရှားပစ်ရေး၊ ကြိုးစားခြင်းကပိုမိုလျော့နည်းပြီး အာဏာရရေး၊ တော့င်တင်းသော အစိုးရကို တိုက်ခိုက်ရာတွင် အကူအညီလိုအပ်သည်။

## စစ်ပွဲနှစ်ခုကြားက အရေးယူပိတ်ဆို့မှုများနှင့် မပျံ့သန်းရေးဇုံများဖက်သိနားလည်နိုင်စွမ်းအဖြေများ

**၁။** အီရတ်ထောင်ပေါင်းများစွာသေကြေကြသည်။ အခြေခံအဆောက်အဦများဖျက်ဆီးခံရ သည်။ အီရတ်စစ်တပ်ယိုင်လဲသွားပြီး အင်အားနည်းသွားခဲ့သည်။ ကူဝိတ်အပေါ် သိမ်းပိုက်မှုအဆုံး သတ်ခဲ့သည်။

**၂။** ပင်လယ်စစ်ပွဲမဖြစ်ပွားမီ အီရတ်အနေဖြင့် ကူဝိတ်မှ ဆုတ်ခွာရေးကုလသမဂ္ဂဆုံးဖြတ်ချက်များကို လိုက်နာရန် ဖိအားပေးမှုဖြစ်သည်။ စစ်ပွဲပြီးနောက်တွင် အီရတ်အပေါ် ဖိအားပေးမှုမှာ လက်နက်များဖျက်သိမ်းပစ်ရန်ဖြစ်သည်။ ဆက်လ်ဒမ်ဟူစိန်၏ အာဏာကျဆင်းသွားရေးနှင့် ၎င်းအား အောင်မြင်စွာဖယ်ရှားပစ်ရေးဖြစ်သည်။

**၃။** အီရတ်များ/ပြည်သူများ

**၄။** ပင်လယ်ကွေ့စစ်ပွဲပြီးနောက် အီရတ်အခြေခံအဆောက်အဦများ ဆိုးဆိုးရွားရွားပျက်စီး သွားခဲ့သည်။ အီရတ်ပြန်လည်တည်ဆောက်ရေးအထောက်အပံ့အများအပြားလိုအပ်ခဲ့သည်။အထောက်အပံ့ အများအပြားမှာ စစ်ပွဲတွင် ဒဏ်ရာရခဲ့ကြသော အီရတ်ထောင်ပေါင်းများစွာကို အကူအညီပေး ရေးဖြစ်သည်။ အရေးယူပိတ်ဆို့မှုများက အထောက်အပံ့များရရှိရေးကို အခက်အခဲဖြစ်ခဲ့သည်။ (ဥပမာ-ဆေးဝါးနှင့်အကြီးစားစက်ပစ္စည်းအပိုပစ္စည်းများ) ထို့ကြောင့် နေ့စဉ်ဘဝများ ပိုမိုခက်ခဲ လာခဲ့သည်။ ဆင်းရဲမွဲတေမှုမြင့်တက်ကာ လူအများ နာမကျန်းဖြစ်ခြင်း၊ ဆေးဝါးလက်လှမ်းမမီသည့် အပြင် ဆေးရုံများတွင်လည်း ကုသခွင့်မရကြပေ။ မိလ္လာစနစ်နှင့် ရေအထောက်အပံ့များကဲ့သို့ အခြေခံအဆောက်အဦးများ ပျက်စီးသွားသဖြင့် ဝမ်းလျှော၊ ဝမ်းပျက်ကဲ့သို့ ရောဂါများ ပျံ့နှံ့လာ သည်။ ဆေးရုံများရှိ ပစ္စည်းကိရိယာများကိုလည်း ပြန်လည်အစားထိုး၊ ပြင်ဆင်နိုင်ခြင်းမရှိပေ။ အီရတ်အစိုးရက စစ်တပ်ပြန်လည်တည်ဆောက်ရန် ငွေသုံးစွဲရေးလမ်းကို ရွေးချယ်ခဲ့သည်။

**၅။** နိုင်ငံမြောက်ပိုင်း ဧရိယာတွင် ကာ့ဒ်လူမျိုးအများစု နေထိုင်ကြသည်။ တောင်ပိုင်းတွင် ရှီးယားအများစုနေထိုင်သည်။ ခြုံကြည့်လျှင် ယင်းပမာဏမှာ အီရတ်လေပိုင်နက် ထက်ဝက်ရှိသည်။

**၆။** အမေရိကန်နှင့်ဗြိတိန်တို့ (မူလကပြင်သစ်ပါဝင်) ကုလသမဂ္ဂမလုပ်ဆောင်နိုင်ခဲ့။

## အုပ်စုလိုက်လုပ်ဆောင်ခြင်း

စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ၏ ရည်ရွယ်ချက်ကို ကျောင်းသားများ စဉ်းစားကြသည်။ ထို့နောက် ရိုက်ခတ်မှုများကို ကြည့်ရှုကြသည်။ ကိစ္စရပ်အချို့တွင် အရေးယူပိတ်ဆို့မှုများ က လွန်စွာထိရောက်နိုင်သည်။ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများမှာ အခြားသောကမ္ဘာ့နေရာ အခ- ျို့တွင် ၁၉၈၀-ပြည့်နှစ်နှင့် ၁၉၉၀ ပြည့်နှစ်များအတွင်း အသားရောင်ခွဲခြားမှုစနစ်ကို ပြောင်းလဲပစ်ရန် ကြိုးစားရာ၌ အစိုးရအား ဖိအားပေးရာ၌ အရေးယူပိတ်ဆို့မှုများအသုံးပြုခဲ့သည်။ အစပိုင်းတွင် အခြားသောအစိုးရများက ယင်းဖြစ်စဉ်၌ အပြည့်အဝ မပါဝင်ခဲ့ကြပေ။ တောင်အာဖရိက အစိုးရမှာလည်း အရေးယူပိတ်ဆို့မှုများနှင့်အတူ ရှင်သန်နေနိုင်ခဲ့သည်။ သို့သော် နောက်ဆုံးတွင် အစိုးရအများအပြားက အရေးယူပိတ်ဆို့မှုများကို ထောက်ခံခဲ့ကြသည်။ ကမ္ဘာ့အစိုးရအများအပြား က တောင်အာဖရိကနှင့် ကုန်သွယ်မှုမလုပ်ဆောင်ကြသည့်အခါတွင် ယင်းအကျိုးဆက်မှာ အစိုးရ ကို ဆိုးဆိုးရွားရွားရိုက်ခတ်စေခဲ့ပြီး ကမ္ဘာအစိုးရများက တောင်းဆိုနေကြသည့်အတိုင်း ပြောင်းလဲမှု များ လုပ်ဆောင်ပေးခဲ့ရသည်။ အရေးယူပိတ်ဆို့မှုများမှာ တောင်အာဖရိကတွင် ပြောင်းလဲမှုဖြစ်စဉ် ကို လုပ်ဆောင်ပေးခဲ့မှု အစိတ်အပိုင်းတစ်ရပ်ဖြစ်ခဲ့သည်။

အီရတ်နိုင်ငံဖြစ်စဉ်တွင်မူ အရေးယူပိတ်ဆို့မှုများမှာ ပြည်သူများကို ဆိုးရွားသောထိခိုက်မှုဖြစ်စေခဲ့သည်။ ကြွယ်ဝချမ်းသာပြီး အင်အားကြီးသော အထက်တန်းလွှာများမှာ မှောင်ခိုဈေးကွက်ကို အသုံးပြုကာ ကြီးကြီးမားမားပြဿနာမရှိဘဲ လွတ်မြောက်နိုင်ခဲ့ကြသည်။ ဆက္ဒမ်မှာလည်း အရေးယူပိတ်ဆို့မှုများကို နိုင်ငံရေးဝါဒဖြန့်မှုနှင့် ငွေညှာသနားခြင်းရရှိရန် အသုံးပြုခဲ့သည်။ နောက်ဆုံးတွင် တတိယနိုင်ငံအဖွဲ့များနှင့် ကုန်သွယ်မှုမှတစ်ဆင့် အရေးယူပိတ်ဆို့မှုများကို ကျော်လွှား ရန်နည်းလမ်းများရရှိခဲ့သည်။ အခြားတစ်ဖက်တွင်လည်း မှတ်တမ်းများကို အသုံးပြုကာ အီရတ် အစိုးရနှင့် စီးပွားရေးလုပ်ဆောင်ခဲ့သော ကုမ္ပဏီများနှင့် ကော်ပိုရေးရှင်းများရှိနေခဲ့သည်။ အမေရိ ကန်၊ ဗြိတိန်- နှင့် ပြင်သစ်အစိုးရများက အီရတ်အပေါ် ဝေဖန်မှုများလုပ်ဆောင်နေသည့်ကြားကပင် ယင်းနိုင်ငံများမှ ကုမ္ပဏီများက အရေးယူပိတ်ဆို့မှုကာလအတွင်း အီရတ်နှင့် စီးပွားရေးလုပ်ဆောင် ခဲ့ကြသည်။

### ပါဝင်သရုပ်ဆောင်ခြင်း

### အီရတ်စစ်ပွဲ

## ကြိုတင်လေ့လာခြင်း

ဆက်ဒမ်ဟူစိန်အစိုးရအား ဖယ်ရှားပစ်ရန် အမေရိကန်က အချိန်အတော်ကြာကြာကြိုးစားခဲ့သည်။ အထောက်အထားမရှိသည့်တိုင် စက်တင်ဘာ ၁၁ တိုက် ခိုက်ခံရမှုနှင့်ပတ်သက်ပြီး အီရတ် ဆက်နွယ်နေသည်ဟူသောစိုးရိမ်မှုများ အမေရိကန်နိုင်ငံတွင် ရှိနေခဲ့သည်။ ထို့ပြင် အစုလိုက်၊ အပြုံလိုက် သေစေနိုင်သောလက်နက်များ အီရတ်တွင်ရှိနေသည်ဟု သံသယရှိနေခဲ့သည်။ ယင်း အချက်က ကုလဆုံးဖြတ်ချက်ကို ဆန့်ကျင်ပြီး အီရတ်ကို စစ်ဆင်နွှဲလိုသည့် အမေရိကန်၏ ဆင် ခြေပင်ဖြစ်သည်။

## လေ့ကျင့်ခန်း

**ဖြစ်နိုင်ဖွယ်အဖြေများ**

၂၀၀၁၊ စက်တင်ဘာ အမေရိကန်အကြမ်းဖက်တိုက်ခိုက်ရေး

→

စိုးရိမ်မ အခြေအနေများရှိနေပြီး အကြမ်းဖက်ဝါဒနှင့် ဆက်ဆံရန် လိုအပ်သည့်

→

ဆက်ဒမ်ဟူစိန်ကို ကမ္ဘာလုံးဆိုင်ရာလုံခြုံမှုကို ခြိမ်းခြောက်နေသူအဖြစ်အမေရိကန်အစိုးရ ကဖော်ပြ(အယ်လ်ကေးဒါးနှင့် ဆက်နွယ်မှုလည်းပါဝင်)

↓

အမေရိကန်တို့ဒုတိယအကြိမ်ကျူးကျော်မှုကို အီရတ်ခံခဲ့ရ

## ဖတ်သိနားလည်စွမ်း

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** အမေရိကန်အနေဖြင့် ဆက်ဒမ်ကို ရာထူးမှဖယ်ရှားပစ်ပြီး အီရတ်သို့ကျူးကျော်တိုက်ခိုက် ရန် ဆန္ဒရှိခဲ့ခြင်းကြောင့်ဖြစ်သည်။

**၂။** ပထမ ၄င်းတို့ပြောခဲ့သည်မှာ အီရတ်တွင် အစုလိုက်၊ အပြုံလိုက် သေစေနိုင်သော လက် နက်များ (နျူကလီးယားနှင့် ဓာတုလက်နက်များ) ရှိမည်ဟု ဆိုခဲ့သည်။ အီရတ်အနေဖြင့် အမေရိကန် အပါအဝင် အခြားနိုင်ငံများအပေါ် အစုလိုက်၊ အပြုံလိုက် သေစေနိုင်သောလက်နက်များ သုံးစွဲလိမ့်မည်ဟု ဆိုကြသည်။ ထို့ပြင် အီရတ်သည် အယ်ကေးဒါ၊ (နိုင်ငံတကာအကြမ်းဖက်သမားများ) နှ-င့်လည်း ဆက်သွယ်နေသည်ဟု ပြောကြသည်။ နောက်ဆုံးတွင် အီရတ်နှင့်စစ်ပွဲဆင်နွှဲပြီး ဆက်ဒမ် ကို ရာထူးမှဖယ်ရှားပစ်ပြီး အီရတ်စစ်ပွဲဆင်နွှဲပြီး ဆက်ဒမ်ကို ရာထူးမှ ဖယ်ရှားပစ်ပြီး အီရတ် ပြည်သူများကို လွတ်လပ်သွားအောင် လုပ်ဆောင်ပေးမည်ဟု ဆိုခဲ့ကြသည်။

**၃။** မဟုတ်ပါ။ အီရတ်အနေဖြင့် အစုလိုက်၊ အပြုံလိုက်သေစေနိုင်သောလက်နက်များအား ဖျက်ဆီးပစ်ခြင်းအား သေချာစေရန်နှင့် ယင်းလက်နက်များကို ရှာဖွေရန် လက်နက်စစ်ဆေးရေးအရာရှိများကို

အီရတ်တွင် ကုလသမဂ္ဂက ထားခဲ့သည်။ ကုလသမဂ္ဂလက်နက်စစ်ဆေးရေးအရာ ရှိများအနေဖြင့် ယင်း လက်နက်များနှင့်ပတ်သက်ပြီး အထောက်အထားမတွေ့ခဲ့ရပေ။ သူတို့အနေဖြင့် ရှာဖွေမှု-ကို အဆုံးသတ်ရန် အချိန်ပို၍ လိုအပ်ခဲ့သည်။ ဒုတိယအချက်အနေဖြင့် ဘင်လာဒင်၊ အယ်ကေးဒါး (သို့) စက်တင်ဘာ ၁၁ နှင့် ဆက်ဒမ်ဟူစိန်တို့ကြား တစ်စုံတစ်ရာဆက်သွယ်မှုအ ထောက်အထား မတွေ့ရခြင်းဖြစ်သည်။ နောက်ဆုံးအချက်အနေဖြင့် လူအများစုနှင့် အစိုးရများက ဆက်ဒမ်ဟူစိန်မှာ ရက်စက်သောအာဏာရှင်တစ်ယောက်အဖြစ် သဘောတူလက်ခံခဲ့ကြသော်လည်း ၎င်းအာဏာဖယ်ရှားရေးစစ်ပွဲ ဆင်နွှဲမှုမှာ မှန်ကန်သည်ဟု မယုံကြည်ကြပေ။ ယင်းလုပ်ဆောင်မှုမှာ ကုလ ပဋိညာဉ်နှင့် နိုင်ငံတကာဥပဒေကို ဆန့်ကျင်ကာ သက်သေပြချက်မရှိဘဲ တိုက်ခိုက်မှုဖြစ်ခဲ့သည်။ ကမ္ဘာ့အစိုးရအများစုနှင့် ပြည်သူသန်းပေါင်းများစွာကိုလည်း စစ်ပွဲအပေါ် ဆန့်ကျင်ကြောင်း ထုတ်ဖော်ခဲ့ကြသည်။

၄။ သူတို့က လက်နက်များစုံစမ်းစစ်ဆေးရန် အချိန်ပိုမိုယူရမည်ဟု ယုံကြည်ခဲ့ကြသည်။ ထို့ပြင် အဆက်မပြတ်စေ့စပ်ညှိနှိုင်းမှုများလုပ်ဆောင်သွားရမည်ဟုလည်း ယုံကြည်ထားကြသည်။

၅။ မမှန်ပါ။ အဓိကအကြောင်းပြချက်ဖြစ်သော ကုလအနေဖြင့် စစ်ပွဲအပေါ် မကာကွယ်နိုင်ရခြင်းမှာ ကုလသမဂ္ဂရှိ ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံနှင့် ကမ္ဘာကပါ စစ်ပွဲဖြစ်လာရန်ဆန္ဒရှိခဲ့မှုကြောင့် ဖြစ် သည်။ အမေရိကန်က ကုလသမဂ္ဂကို စစ်ပွဲဝင်နွှဲရန် သဘောတူစေလိုပြီး တိုက်ခိုက်မှုကို တရားဝင်ဖြစ်စေလို သည်။ အဆုံးတွင် စစ်ပွဲဖြစ်ပွားကာ၊ လူအများက စစ်ပွဲအပေါ် မကာကွယ်ပေးနိုင်ခြင်းအတွက် ကုလသမဂ္ဂကို ထောက်ပြဝေဖန်ခဲ့ကြသည်။

၆။ မဟုတ်ပါ။ ကုလသမဂ္ဂ (ဗြိတိန်၊ ဩစတြေးလျ၊ စပိန် အစုရေးနှင့် အခြားနိုင်ငံ အနည်းငယ်မှလွဲ၍) အနေဖြင့် အမေရိကန်၏တိုက်ခိုက်မှုကို ဆန့်ကျင်ခဲ့ကြသည်။ လုံခြုံရေးကောင်စီကလည်း အီရတ်အပေါ် တိုက်ခိုက်မည့်အမေရိကန်ဆုံးဖြတ်ချက်များကို မ ထောက်ခံခဲ့ပေ။ ဗြိတိန်၊ ဩစတြေးလျနှင့် စပိန်နိုင်ငံများ၌ပင်လျှင် လူအများက အီရတ်စစ်ပွဲကို ဆန့်ကျင်ခဲ့သည်။ လူသန်းပေါင်းများစွာတို့က လမ်းမများပေါ်ထွက်ကာ အီရတ်အပေါ်တိုက်ခိုက်မည့်အမေရိကန်၏အစီအစဉ်ကို ကန့်ကွက်ဆန္ဒပြ ခဲ့ကြသည်။

၇။ အမေရိကန်၊ ဗြိတိန်နှင့်ဩစတြေးလျရှိ အထူးထောက်လှမ်းရေးအဖွဲ့များနှင့် ကော်မရှင် များ၏ စစ်ပွဲမဖြစ်ပွားမီ သတင်းအချက်ပေးမှုအရ အီရတ်တွင် ဇျူးကလီးယားလက်နက်များနှင့် အစုလိုက်၊ အပြုံလိုက် သေစေနိုင်သောလက်နက်များရှိနေသည်ဆိုခြင်းမှာ မှားယွင်းကြောင်းအတည် ပြုခဲ့ကြ-သည်။

## ပြင်းခုန်မှု

**အမေရိကန်၏ရပ်တည်မှုအနေအထား။** ။အီရတ်သည်ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်။အစုလိုက်၊ အပြုံ လိုက်သေစေ နိုင်သော လက်နက်များရှိသည်။ ယင်းလက်နက် များကို ယခင်က (အီရတ်-အီရန်စစ်ပွဲအတွင်း ကာ့ဒ်များကို သုတ်သင်ရာတွင်) သုံးစွဲခဲ့သည်။ နိုင်ငံတကာအကြမ်း ဖက်ဝါဒကို ဆက်ဒမ်ဟူစိန်ထောက် ခံအားပေးသည်။ အကြမ်းဖက်သမားများလက်ထဲ အစုလိုက်၊ အပြုံလိုက် သေစေ နိုင်သောလက်နက် များရောက်ရှိသွားပါက အမေရိကန်အပေါ် မမှန်းဆနိုင်သော ဒုက္ခ ပေးမှုများလုပ်ဆောင်နိုင်မည်ကို ဆက်ဒမ်လိုလားသည်။ အီရတ်အနေဖြင့် ကုလသမဂ္ဂ၏ဆုံး ဖြတ်ချက်များကိုငြင်းဆန်ပြီး လက်နက် ဖျက်သိမ်းရေးအမိန့်များကို လိုက်နာခြင်းမရှိပေ။ အရေးယူ ပိတ်ဆို့မှုများက ဆက်ဒမ်၏စစ်တပ်ပြန် လည်တည်ဆောက်နေမှုကို ရပ်တန့်နိုင်ခြင်းမရှိပေ။ ဆက်ဒမ်သည် အိမ်နီးချင်း ကူဝိတ်နှင့်အီရန်ကို တိုက်ခိုက်ခဲ့သည်။ ၎င်းသည် ရက်စက်ကြမ်းကြုတ်သော အာဏာရှင်ဖြစ်သည်။ အီရတ်တွင် လွတ် လပ်မှု (သို့) ဒီမိုကရေစီဆိတ်သုဉ်းနေသည်။ အီရတ်ပြည် သူများ ဒီမိုကရေစီအခွင့် အရေးရသင့်သည်။ အီရတ်ပြည်သူများကို လွတ်လပ်သွားအောင် လုပ် ဆောင်ပေးရမည်။

**ကုလသမဂ္ဂရပ်တည်မှုအနေအထား ။** ။ ပြီးခဲ့သည့် (၁၂) နှစ်တာကာလအတွင်း ကုလသမဂ္ဂနှင့် ကမ္ဘာ၏ စုံစမ်းစစ်ဆေးမှုအောက်တွင် အီရတ်ရှိနေခဲ့သည်။ လက်နက်စုံစမ်းစစ်ဆေးသူများက အီရတ်ရှိ နေရာတိုင်းတွင် အစုလိုက်၊ အပြုံလိုက် သေစေနိုင်သောလက်နက်များ တစ်စုံတစ်ရာ ရှိ/မရှိ ဆက်လက်ရှာဖွေခဲ့ကြသည်။ စုံစမ်းစစ်ဆေးမှုများမှာ အောင်မြင်မှုရှိပြီး အလုံးစုံပြီးမြောက် ရန် အချိန်ပိုမိုလိုအပ်သည်။ အမေရိကန်နှင့် ဗြိတိန်တို့က အီရတ်ရှိ မပျံ့သန်းရဇုန်တွင် ကင်းလှည့် နေကြသည်။ ယင်းလုပ်ဆောင်မှုကြောင့် အီရတ်အတွက် စစ်ရေးလှုပ်ရှားမှုများ လုပ်ဆောင်ရန် မဖြစ်နိုင်ဖြစ်ခဲ့ရသည်။ ကုလသမဂ္ဂအနေဖြင့် စစ်ပွဲအပေါ် ထောက်ခံအားပေးမှုမပြုလုပ်ပေ။ အင်အားအသုံးပြု မှုမလုပ်ဆောင်မီ ကုလသမဂ္ဂကကို သက်သေခိုင်လုံသောခြိမ်းခြောက်မှုရှိနေ သည်ဟု ပြသနိုင်ရမည်။ ယင်းအနေအထားတွင် အီရတ်သည် ကုလသမဂ္ဂရှိ မည်သည့်အဖွဲ့ဝင်နိုင် ငံကိုမျှ ခြိမ်းခြောက်မှု ရှိနေသည်ဟူသော အထောက်အထား မတွေ့ရပေ။ ကုလသမဂ္ဂဆိုသည်မှာ ပဋိပက္ခကို အင်အားသုံးဖြေရှင်းမှုအပေါ် အကာအကွယ်ပေးရန် ဖန်တီးထားခြင်းဖြစ်သည်။ အမေရိကန်အနေဖြင့် အီရတ် အား တိုက်ခိုက်ရန် ကုလသမဂ္ဂထံမှ အမိန့်အာဏာရရှိမထားခဲ့ပေ။ အမိန့်အာဏာရရှိမထားလျှင် ကုလသမဂ္ဂပဋိညာဉ်နှင့် နိုင်ငံတကာဥပဒေကို ချိုးဖောက်မှုဖြစ်သည်မှာ ထင်ရှားသည်။

## ၃။ အကြမ်းဖက်မှုကြောင့် ဖြစ်ပွားသောစစ်ပွဲ

ယခုနောက်ဆုံးသင်ခန်းစာတွင် ကမ္ဘာတစ်ဝန်း နိုင်ငံအများအပြား၏ အဓိကအာရုံစိုက် ခံနေရသော ပြဿနာတစ်ခုအား လေ့လာမည်။ အကြမ်းဖက်မှုအပေါ် ဖြစ်ပွားသောစစ်ပွဲမှာ ၂၀၀၁-ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်တိုက်ခိုက်ခံရပြီးနောက် အမေရိကန်က စစ်ကြေညာခဲ့ခြင်းဖြစ်သည်။ အမေရိကန်က ကမ္ဘာကို လွှမ်းမိုးမှုရှိခြင်းကြောင့် ယခုကိစရပ်သည်လည်း လူတို့၏ အာရုံစိုက် အခံရဆုံး ကိစ္စရပ် ဖြစ်လာခဲ့သည်။

အမေရိကန်နှင့် ၎င်းနှင့်ပူးပေါင်းကြသောနိုင်ငံများမှာလည်း မကြာခင်ကာလများက အကြမ်းဖက်မှုလုပ်ရပ်များကို ကြုံတွေ့ခံစားခဲ့ရသည်။ ယင်းစစ်ပွဲကို ကြေညာခဲ့ပြီးချိန်မှစ၍ ကမ္ဘာ ကြီးမှာ နည်းအမျိုးမျိုးနှင့် ပြောင်းလဲသွားခဲ့သည်။ လူတွေဘယ်လိုခရီးသွားသွား၊ နေထိုင်ကြ၊ စီးပွားရေးလုပ်ကြ၊ ယဉ်ကျေးမှုများအကြောင်းစဉ်းစားကြသည် ဆိုသည်တို့မှာ စက်တင်ဘာ ၁၁ ရက်၊ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဆိုးဆိုးဝါးဝါးထိခိုက်ခံခဲ့ရပြီး အမေရိကန်အစိုးရကလည်း ယင်းအပေါ် အလျင်အမြန် တုံ့ပြန်ခဲ့သည်။

နေ့စဉ်တိုင်းလိုပင် အဖြစ်အပျက်သစ်များ၊ အဖြစ်ဆိုးများနှင့် နိုင်ငံရေးဆုံးဖြတ်ချက်များ ဖြစ်ပျက်လျက်ရှိပြီး နိုင်ငံတကာဝန်းကျင်ကို ပြောင်းလဲစေလျက်ရှိသည်။ ယခုစာရေးသားနေချိန် (၂၀၀၄-ခုနှစ်၊ အောက်တိုဘာ) တွင်လည်း ယင်းနိုင်ငံတကာအကြပ်အတည်းမှာ အဆုံးသတ်သွားစရာလမ်းမမြင်နိုင်ပေ။ အချို့က ယခုစစ်ပွဲမှာ စစ်အေးတိုက်ပွဲနှင့် ဆင်တူသည်ဟု ယုံကြည်ကြ သည်။ ယင်းအနေအထားမှန်ခဲ့လျှင် သမိုင်းကသာ ဆုံးဖြတ်ပေလိမ့်မည်။

## စဉ်းစားခိုင်းခြင်း

ဘုတ်ပေါ်တွင် 'အကြမ်းဖက်မှု' စကားလုံးကို ရေးပါ။ ကျောင်းသားများက အဖွဲ့ငယ်များအဖြစ် (သို့) တစ်ခန်းလုံးအနေဖြင့်သော်လည်းကောင်း၊ ၎င်းတို့တတ်နိုင်သလောက် အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ဥပမာများ၊ အဓိပ္ပာယ်သတ်မှတ်ချက်များပေးကြမည်။ ယခုအစီအစဉ်မှာ ဦးနှောက်သွေးမှုဖြစ်သဖြင့် ကျောင်းသားများသည် ပြီးပြည့်စုံရန် (သို့) တုံ့ပြန်မှုများများပေးရန် မလိုအပ်ပေ။

ဥပမာ/နမူနာအချို့

- ဓားစာခံအဖြစ် ခေါင်းဆောင်ခြင်းနှင့် အစိုးရကို တောင်းဆိုမှုများပြုလုပ်ခြင်း
- အသေခံဗုံးခွဲမှု
- လေယာဉ်များကို ပြန်ပေးဆွဲခြင်း
- ထင်ရှားသောနိုင်ငံရေးခေါင်းဆောင်များကို လုပ်ကြံခြင်း
- အဆောက်အဦများကိုဖောက်ခွဲပစ်ခြင်း
- အပြစ်မဲ့ပြည်သူများကိုတိုက်ခိုက်ခြင်း

## လေ့ကျင့်ခန်း

**အဖြေများ**

**လေယာဉ်ပြန်ပေးဆွဲခြင်း** - ဘော့စနီးယားခွဲထွက်ရေးသမားနှစ်ဦးက အန်ကာရာသို့ ပျံသန်းရန် အစီအစဉ်ဆွဲထားသော ဗြိတိန်အဲဝေးလ်မှ ဂျက်လေယာဉ်တစ်စင်းကို ဆိုက်ပရပ်သို့ ပျံသန်းရန် တွန်းအားပေးခဲ့သည်။

**အသေခံဗုံးခွဲခြင်း** - ပေါက်ကွဲစေသော ပစ္စည်းများနှင့်ပြည့်နေသည့် ကားတစ်စီး အမေရိကန် သံရုံးအတွင်း အရှိန်ပြင်းပြင်းတိုးဝင်ပေါက်ကွဲခဲ့ရာ ကားမောင်းသမားအပါအဝင် လူ (၆)ဦး သေဆုံးခဲ့သည်။

**အဖျက်အမှောင့်လုပ်ငန်း** - အီရတ်ရေနံပိုက်လိုင်းများ သူပုန်များ၏ဖျက်ဆီးခြင်းခံခဲ့ရသည်။

**ဓားစာခံအဖြစ်ဖမ်းဆီးခေါ်ဆောင်ခြင်း** - အဖွဲ့တစ်ဖွဲ့က ကိုရီးယားစစ်တပ်တပ်ဖွဲ့အားလုံး အီရတ်မှထွက်ခွာသင့်သည် သို့မဟုတ်ပါက ဖမ်းဆီးထားသောကိုရီးယားအရာရှိများကို သတ်ပစ် မည်ဟု တောင်းဆိုကြသည်။

**လုပ်ကြံသတ်ဖြတ်ခြင်း** - Nablus မြို့အနီး ခရီးသွားလာနေသော ဟာမားစ် ဘာသာရေး ခေါင်းဆောင်တစ်ဦး အစ္စရေးတပ်ဖွဲ့ဝင်များ၏လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။

**ဇီဝလက်နက်ဖြင့်တိုက်ခိုက်ခြင်း** - သေစေနိုင်လောက်သော ထောင့်သန်းရောဂါပိုးကို စာအိတ်များအတွင်းထည့်၍ နိုင်ငံရေးသမားများဆီ ပေးပို့လုပ်ကြံခြင်း

## ၃. ၂ အကြမ်းဖက်ဝါဒနှင့် မျိုးချစ်ဝါဒ

**အကြမ်းဖက်ဝါဒ ဘာကြောင့်ရှိနေတာလဲ။**

**ကြိုတင်လေ့လာခြင်း**

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** ၁၉၉၄၊ အိုကလာဟိုးမားမြို့ ဗုံးခွဲမှုသည် ဒီမိုကရက်တစ်သဘာဝမကျသော အမေရိကန် အစိုးရကို ဆန့်ကျင်သော ကန့်ကွက်မှုဖြစ်သည်။

၁၉၉၉-ခုနှစ်၊ ကင်ညာနှင့်တန်ဇန်နီးယားရှိ အမေရိကန်သံရုံးများဗုံးခွဲခံရမှုမှာ အရှေ့ အလယ်ပိုင်းရှိ အမေရိကန်မူဝါဒများကို ဆန့်ကျင်ကန့်ကွက်ရန်ဖြစ်သည်။

၂၀၀၃-ခုနှစ်၊ ဘာလီဗုံးခွဲခံရမှုသည် အရှေ့အလယ်ပိုင်းရှိ ဩစတြေးလျအစိုးရ၏ မူဝါဒ များကို ဆန့်ကျင်မှုဖြစ်သည်။

၂၀၀၄-ခုနှစ်၊ ရုရှားနိုင်ငံ၊ ဘက်စ်လန်ကျောင်း ဓားစာခံများဖမ်းဆီးခေါ်ဆောင်မှုအကြပ် အတည်းမှာ ချေချင်းညာဒေသကို ရုရှားမှ ခွဲထွက်၍ လွတ်လပ်ရေးရရန် ကာကွယ်ပေးမှုဖြစ်သည်။

**၂။** မကြာသေးမီက လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်မှုဖြစ်ရပ်များမှာ အကြောင်းရင်းများ စု ပေါင်းထားမှုမှ စိတ်ဓာတ်တက်ကြွမှုဖြစ်ကာ မကြာခဏထွက်ပေါ်လာခဲ့မှုများဖြစ်သည်။ မကြာခဏ ဆိုသလို ဘာသာရေးနှင့် ပူးပေါင်းမိပြီး မျိုးချစ်ဝါဒကဲ့သို့ နိုင်ငံရေးတင်းမာမှုများဖြစ်စေခဲ့သည်။ စက်-တင်ဘာ ၁၁ တိုက်ခိုက်မှုခံရမှုမှာ ဘာသာရေးဆန်မှု (သို့) မျိုးချစ်ဝါဒဆန်မှုအဖြစ် နားလည် နိုင်ရန် မရှင်းလင်းပေ။ နောက်ဆုံးတွင် နိုင်ငံရေး၊ မျိုးချစ်ဝါဒနှင့် ဘာသာရေးတို့ကဲ့သို့ စိတ်ဓာတ် လှုံ့ဆော်မှုပုံ စံအမျိုးမျိုးထွက်လာခဲ့သည်။

## ဖတ်သိနားလည်စွမ်း

**ဖြစ်နိုင်ဖွယ်အဖြေ**

အကြမ်းဖက်ဝါဒသည် ဖြစ်စဉ်အများအပြားတွင် အလွန်အောင်မြင်လျက်ရှိသည်။ သာဓကအားဖြင့် အစ္စရေးရှိ အာဂန် (Irgun)၊ တောင်အာဖရိကရှိ ANC၊ ကင်ညာရှိ Mau Mau နှင့် ဗီယက်နမ်ရှိ ဗီယက်ကွန်းတို့ အောင်မြင်သောအဖွဲ့များဖြစ်ခဲ့သည်။ ယင်းအုပ်စုများသည် ကိုလိုနီ (သို့) လူနည်းစုအုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးရရန် စွမ်းဆောင်နိုင်ခဲ့ကြသည်။ ထို့ပြင် ၁၈-ရာစုက ဂရိတ်ဗြိတိန်လက်အောက်မှ အမေရိကန်လွတ်လပ်ရေးရရှိခဲ့မှုကိုလည်း ထောက်ပြနိုင်သည်။

## သုတေသနပြုမှု

အဘယ်ကြောင့် အကြမ်းဖက်သမားဟောင်း (၄) ဦးကို ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ရ သည်ကို ရှာဖွေဖော်ထုတ်ပါ။

'Teacher's Guide' စာအုပ်နောက်ဘက်တွင် အချက်အလက်အချို့ရှိရာ ယင်းတို့ကို မိတ္တူကူး၍ ကျောင်းသားများကိုပေးနိုင်သည်။ ဖြစ်နိုင်လျှင် ကျောင်းသားများအနေဖြင့် အခြားသောရင်း မြစ်များ (အင်တာနက်၊ စာကြည့်တိုက်များနှင့် စွယ်စုံကျမ်းများ) တွင်လည်း ရှာဖွေနိုင်သည်။ ယင်းမှာ လွတ်လပ်သောသုတေသနပြုမှုတစ်ခုဖြစ်ပြီး၊ ကျောင်းသားများအနေဖြင့် ကိုယ်ပိုင်ချိန်တွင်အုပ်စုလိုက် (သို့) တစ်ဦးချင်းသော်လည်းကောင်း လုပ်ဆောင်နိုင်သည်။ အုပ်စု လိုက်လုပ်ဆောင်ရ သဖြင့် အတွေးအခေါ်ကောင်းများရရှိမည်ဖြစ်ရာ တစ်စုံတစ်ဦးထံမှ မိတ္တူကူးချရန် မလိုအပ်ပေ။

**အဖြေများ**

အစ္စရေးဝန်ကြီးချုပ် ဘီဂင်သည် ၎င်း၏ပြိုင်ဘက် အီဂျစ်သမ္မတ အန်ဝါဆာဒက်နှင့်အတူ အစ္စရေးနှင့်အာရပ်နိုင်ငံများကြား ငြိမ်းချမ်းရေးကြိုးပမ်းအားထုတ်မှုကြောင့် ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခြင်းခံရသည်။ အာရာဖက်မှာလည်း အစ္စရေးပါလက်စတိုင်းငြိမ်းချမ်းရေးအစီအမံများတွင် ကြိုးစားအားထုတ်ခဲ့မှုကြောင့် အစ္စရေးဝန်ကြီးချုပ် ရှီမွန်ပီးရပ်စ်နှင့်အတူ ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။ နယ်လ်ဆင်မယ်ဒဲလားမှာလည်း တောင်အာဖရိကတွင် အသားအရောင်ခွဲခြားမှုကို အသုံးသတ်စေရာ၌ ပူးပေါင်းပါဝင်မှုနှင့် လွတ်လပ်သောဒီမိုကရက်တစ်ရွေးကောက်ပွဲများ ပြုပေးခဲ့မှုကြောင့် တောင်အာဖရိကသမ္မတ ဒဲကလာ့ခ်နှင့်အတူ ငြိမ်းချမ်းရေးနိုဘယ်ဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။

## ၃. ၃ စက်တင်ဘာ ၁၁

**ကြိုတင်လေ့လာခြင်း**

၂၀၀၁-ခုနှစ်၊ စက်တင်ဘာ ၁၁ ဖြစ်ရပ်အပေါ် ဘာလုပ်ခဲ့ကြသည်ကိုမေးပါ။ ယင်းဖြစ်ရပ်ကို အမှတ်ရကြပါသလား။ မိမိတို့အတွက် အရေးကြီးသည်ဟူ၍ ရှုမြင်ခဲ့ပါသလား။ ယခုရော အရေးကြီးသည်ဟု သူတို့ထင်ပါသလား။ ဘာ့ကြောင့်အရေးကြီး သို့မဟုတ် မကြီးရသနည်း။ ဆွေးနွေးရာတွင် တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အကြောင်းပြချက်အချို့ပေးနိုင်သည်။ အဖြေမပေးနိုင်ပါကလည်း သင်ခန်းစာကို ရှေ့ဆက်ပါ။

**ငြင်းခုန်မှု**

ကျောင်းသားများကို အဖွဲ့နှစ်ဖွဲ့ခွဲပါ။ ကျောင်းသားများ၏အမြင်အယူအပေါ် မူတည်ပြီး ခွဲ နိုင်သည် (သို့) ၁. ၂၊ ၁. ၂ ရေတွက်ခြင်းဖြင့်လည်း လုပ်ဆောင်နိုင်သည်။ ကျောင်းသားများအနေ ဖြင့် မိမိတို့၏အမြင်ကို ကာကွယ်ပြောကြားရန် ငြင်းခုံချက်များကို ရေးချခြင်းဖြင့် ‘debate’ ကို ပြင်ဆင်ပါ။ ငြင်းခုံမှုလုပ်စဉ်အတွင်း အဖွဲ့များက ငြင်းခုံချက်များနှင့် တုံ့ပြန်ရမည်။ ‘debate’ ရလဒ်အတွက် ကျောင်းသားတစ်ယောက်ကို တရားသူကြီးအဖြစ် အမည်တင်သွင်းနိုင်သည်။ မည်သူ ၏ ငြင်းခုံမှုများက ပို၍ယုံကြည်နိုင်လောက်သနည်း။ အဖွဲ့များအဖြစ် မခွဲမီ တရားသူကြီးအရင်ထား ခြင်းမှာ အိုင်ဒီယာကောင်းတစ်ခုဖြစ်သည်။ တရားသူကြီးအနေဖြင့် မည်သည့်အဖွဲ့အပေါ်တွင်မျှ တစ်စိတ်တစ်ပိုင်းပါဝင်မှု၊ ဘက်လိုက်မှုမရှိရပေ။

ယခု ‘debate’ ၏ ရည်ရွယ်ချက်မှာ ရှုထောင့်နှစ်ခုကိုကြည့်ရန်ဖြစ်သည်။

**၁။** နိုင်ငံတကာရှုထောင့်က စက်တင်ဘာ ၁၁ တိုက်ခိုက်မှုမှာ မကြာခင်စစ်ကာလများက ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများထဲမှ တစ်ခုအဖြစ် ရှုမြင်ခဲ့သည်။

**၂။** အမေရိကန်အမြင်ကမူ ယင်းကဲ့သို့ကျဆုံးမှုမျိုး ယခင်က မရှိခဲ့ဟု ရှုမြင်ခဲ့သည်။

## တုံ့ပြန်မှု

**ကြိုတင်လေ့လာခြင်း**

### ဖြစ်နိုင်ဖွယ်အဖြေများ

စက်တင်ဘာ ၁၁ တိုက်ခိုက်ခံရပြီးနောက် အမေရိကန်နိုင်ငံခြားမူဝါဒမှာ သမ္မတဟောင်း ဘီလ်ကလင်တန်လက်ထက်ကထက် ခြားနားစွာထွက်ပေါ်လာခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၊ နိုင်ငံတကာဥပဒေ၊ ကုလသမဂ္ဂတို့နှင့် ပူးပေါင်းအလုပ်လုပ်ရန်သဘောတူရမည့်အစား လုပ်စရာရှိလာခဲ့လျှင် တစ်ကိုယ်တည်းလုပ်ဆောင်တတ်ကြောင်းကို သမ္မတဘုရှ်က သက်သေပြခဲ့သည်။ တိုက်ခိုက်မှုများမဖြစ်ပွားမီက ဘုရှ်အယူဝါဒ (Bush Doctrine) ကို မမြင်တွေ့ခဲ့ရပေ။ စက်တင်ဘာ ၁၁ ပြီးနောက် သမ္မတဘုရှ်အနေဖြင့် ၎င်း၏မူဝါဒများကို ပြောင်းလဲပစ်ခဲ့ကြောင်း အချို့က အခိုင် အမာ ပြောဆိုကြသည်။ ‘အကြမ်းဖက်တိုက်ခိုက်မှုများ’ ကသာလျှင် ဘုရှ်အား လုံလောက်သော အာဏာနှင့် ၎င်း၏မူဝါဒများနောက်ကို လိုက်သွားစေရန်အထောက်အပံ့ပေးခဲ့ခြင်းဖြစ်သည်ဟု လူအများအပြားက ငြင်းခုံပြောကြားကြသည်။

## ဆွေးနွေးချက်

**အဖြေများ**

အိုစမာဘင်လာဒင်သည် နယူးယောက်ရှိ ကမ္ဘာ့ကုန်သွယ်ရေးစင်တာအား တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး တာဝန်ရှိသူဟု ယုံကြည်ခံထားရသည်။ ၂၀၀၁-ခုနှစ်၊ စက်တင်ဘာလ ၁၁၊ ကမ္ဘာ ကုန်သွယ်ရေးအဆောက်အဦတိုက်ခိုက်ခံပြီးသောအခါတွင် ဘင်လာဒင်မှာ ၎င်း၏အဖွဲ့နှင့်အတူ အဓိက သံသယဖြစ်ခံရသူဖြစ်ခဲ့ပြန်သည်။ တာလီဘန်တို့၏ထောက်ပံ့မှုရရှိထားသော အယ်လ်ကေးဒါး တို့မှာ အာဖဂန်နစ္စတန်တွင် အခြေစိုက်ကြသည်။ ထိုအချိန်က အမေရိကန်သည် စက်တင်ဘာ ၁၁ ရက်တိုက်ခိုက်မှုနှင့်ဆက်နွယ်ပြီး အိုစမာဘင်လာဒင်အား ဖမ်းမိရန် အာဖဂန်နစ္စတန်အား ကျူး ကျော် တိုက်ခိုက်ရန်ဆုံးဖြတ်ခဲ့သည်။ နိုင်ငံတွင်းရှိ အကြမ်းဖက်အဖွဲ့အခြေစိုက်စခန်းများကို ဖယ် ရှားပစ်ရန် အခိုင်အမာ ဆုံးဖြတ်ထားခဲ့သည်။

## သရုပ်ဆောင်ခြင်း

ကျောင်းသားများကို တာလီဘန်နှင့်အမေရိကန်အစိုးရဟူ၍ အဖွဲ့နှစ်ဖွဲ့ခွဲပါ။ ပါဝင်သရုပ်ဆောင်ရန်အတွက် အဖွဲ့နှစ်ဖွဲ့စလုံးက ငြင်းခုံမှုများကို ပြင်ဆင်ကြမည်။ ကျောင်းသားများကို တစ်တွဲစီထားစေပါ။ (တစ်ဖွဲ့စီမှတစ်ယောက်စီ) (တစ်ယောက်တည်း လုပ်ဆောင်ရသည်ကို မ နှစ် သက်ပါက တစ်ဖွဲ့စီမှ ၂ယောက်စီခေါ်ယူပါ) သရုပ်ဆောင်ရာတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် ငြင်းခုံရမည်ဖြစ်သည်။ တာလီဘန်နှင့်အမေရိကန်အစိုးရကြားထွက်ပေါ်လာသည့် ရလဒ်မှာ ခြားနားပါသလား။ ရှုထောင့်နှစ်ခုစလုံးအား မြင်တွေ့နိုင်ရန် ကျောင်းသားများကို အားပေးပါ။

တာလီဘန်တို့မှာ လူ့အခွင့်အရေးကို လေးစားလိုက်နာမှုမရှိသည့် ဖိနှိပ်ချုပ်ချယ်သောအစိုးရဖြစ် သည်။ အမေရိကန်အနေဖြင့် ၎င်းတို့အား တိုက်ခိုက်ရာတွင် ထောက်ခံမှုရရှိရန် လွယ်ကူခဲ့သည်။ ယခုပါဝင်သရုပ်ဆောင်ရသည့်ရည်ရွယ်ချက်မှာ ကျောင်းသားများအား အာဖဂန်နစ္စတန် အပေါ် အမေရိကန်ကျူးကျော်မှုမှာ လိုအပ်သလား၊ မလိုအပ်သလား ဟူသော မေးခွန်းထုတ် ခိုင်းရန်ဖြစ်သည်။ တာလီဘန်အစိုးရအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိခဲ့သော်လည်း အမေရိကန်တောင်းဆိုမှုများကို မပေးခဲ့ပေ။ တာလီဘန်အကြမ်းဖက်သံသယရှိခံရသူ ဘင်လာဒင်နှင့် မိတ်ဆွေများအဖြစ် အမေရိကန်က ရှုမြင်ထားရာ စေ့စပ်ညှိနှိုင်းမှုလုပ်ဆောင်ရန်ဆန္ဒမရှိခဲ့ပေ။

## ဆွေးနွေးချက်

**ဖြစ်နိုင်ဖွယ်အဖြေများ**

အိုစမာဘင်လာဒင်၏ လုပ်ဆောင်မှုအချို့သည် မျိုးချစ်စိတ်ဝါဒ မှ ထွက်ပေါ်လာ-ခြင်း ဖြစ် နိုင်သည်။ ဆော်ဒီနိုင်ငံသား အိုစမာဘင်လာဒင်မှာ အမေရိကန်တို့နှင့် မညီမျှသော ဆက်ဆံရေးမျိုး လုပ်ဆောင်နေရသည့် မိမိနိုင်ငံအပေါ် မကြိုက်နှစ်သက်ပေ။ (အထူးသဖြင့် ဆော်ဒီတွင် အမေရိကန်စစ်တပ် အခြေစိုက်စခန်းများတည်ရှိနေမှုအပေါ် မကြိုက်နှစ်သက်ပေ။) ၎င်းက အမေရိကန်နှင့် အနောက်အုပ်စုများမှာ ကိုကျင့်တရားနှင့် ကိုးကွယ်ရာ ဘာသာတရားမရှိသည့် မကောင်းဆိုးဝါး မိစာများအဖြစ် ရှုမြင်ကာ ဖျက်ဆီးပစ်သင့်သည်ဟု ယူဆထားသည်။

**ဆွေးနွေးချက်**

## ဖြစ်နိုင်ဖွယ်အဖြေများ

စက်တင်ဘာ ၁၁ တိုက်ခိုက်မှုသည် နိုင်ငံခြားတိုင်းပြည်တစ်ခုမှ တိုက်ခိုက်မှုမဟုတ်သဖြင့် အာဖဂန်နှင့် အီရတ်အပေါ် စစ်ကြေညာမှုမျိုး မဖြစ်သင့်ဟု လူအမျိုးက ခံစားခဲ့ကြရသည်။ ယင်းကဲ့သို့လုပ်မည့်အစား အမေရိကန်သမ္မတဘုရှ်အနေဖြင့် ယင်းနှစ်နိုင်ငံသာမက နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ပူးပေါင်းကာ အကြမ်းဖက်ဝါဒကို တိုက်ထုတ်ပစ်သင့်သည်။

ယခုအချက်က နိုင်ငံတကာဥပဒေကို ကျောင်းသားများ စဉ်းစားကြရန်ဖြစ်သည်။ ကုလသမဂ္ဂကဲ့သို့ အဖွဲ့အစည်းမျိုးကိုအသုံးပြုရန် ဘယ်လိုဖြစ်နိုင်မည်နည်း။ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုမှာ လူ့အဖွဲ့အစည်းကို ဆန့်ကျင်သော ရာဇဝတ်မှုဖြစ်ခဲ့ပါက တိုက်ခိုက်ရေးထက် ဥပဒေအချုရေးကို ဘာကြောင့်မကြိုးစားကြသနည်း။

ကုလသမ္မဂ္ဂအနေဖြင့် တာလီဘန်တိုနှင့် အပြည့်အဝစေ့စပ်ညှိနှိုင်းမှုလုပ်ဆောင်ရန် အ ခွင့်အရေးမရခဲ့ပေ။ စေ့စပ်ညှိနှိုင်းမှုများမှာ အထူးသဖြင့် အမေရိကန်၏ ထိန်းချုပ်ခြင်းခံထားရသည်။ အမေရိကန်တို့၏တိုက်ခိုက်မှုကို ကုလသမဂ္ဂက အမိန့်မပေးခဲ့ပေ။ ယင်းကို ကြိုတင်ကာကွယ်မှု လုပ်နိုင်ခဲ့ပါသလား။ အဘယ့်ကြောင့် သံတမံရေးအရကြိုးပမ်းအားထုတ်မှုများကို မလုပ်ခဲ့သနည်း။ ကုလသမဂ္ဂ၊ နေတိုး (မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့)၊ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) တို့မှာ အပြည် ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြစ်ကြသဖြင့် စက်တင်ဘာ ၁၁ ဖြစ်ရပ်အပေါ် တုံ့ပြန်မှုလုပ် ဆောင်ပေး နိုင်ကြသည်။

**အုပ်စုလိုက်လုပ်ဆောင်ခြင်း**

**(စွမ်းရည်) -**
လေ့လာသုံးသပ်မှု

**ဖြစ်နိုင်ဖွယ်အဖြေများ**

| **အောင်မြင်သောအချက်များ** | **ကျရှုံးသောအချက်များ** |
|---|---|
| တာလီဘန်တို့ အာဏာမှ ဖယ်ရှားခံရ | စစ်ပွဲမပြီးဆုံးသေးဘဲ ဆက်လက်ဖြစ်ပွားနေ |
| အာဖဂန်နစ္စတန်တွင် လူ့အခွင့်အရေး များမှာ စစ်ပွဲမဖြစ်ခင် တာလီဘန်တို့ရှိစဉ်ထက် လေးစားမှုပိုရှိလား | ခေါးစာခံများဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် အဖျက် အမှောင့်လုပ်ငန်းများ အီရတ်မှာကဲ့ သို့ မြင့်တက်လာ။ |
| အာဖဂန်တွင် အကြမ်းဖက်ဝါဒအခြေစိုက် စခန်းများလျော့နည်းသွား | အိုစမာဘင်လာဒင်ကို ဖမ်းဆီးနိုင်ခြင်းမရှိ သေးဘဲ အယ်လ်ကေးဒါးတို့မှာလည်း အကြမ်းဖက်မှုများကို ဆက်လက်လုပ် ဆောင်လျက်ရှိနေ။ |

**ငြင်းခုံမှု**

**ငြင်းခုံမှုကို အုပ်စုလိုက် (သို့) တစ်ခန်းလုံးအနေဖြင့် လုပ်ပါ။**

**စစ်ပွဲအတွက် ဖြစ်နိုင်ဖွယ် ငြင်းခုံမှုအချို့**

တာလီဘန်တို့သည် ဒီမိုကရက်တစ်နည်းအရ ရွေးကောက်ခံရသောအစိုးရမဟုတ်ဘဲ ဖိ နှိပ်မှုများ လုပ်ဆောင်သည့်အစိုးရဖြစ်သည်။ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းမရှိဘဲ အကြမ်းဖက်ဝါဒကို ထောက်ခံအားပေးသည်။အာဖဂန်နစ္စတန်သို့ ကျူးကျော်ခြင်းမှာ စက်တင်ဘာ ၁၁ တိုက်ခိုက်မှုအတွက် တာဝန်ယူပေးရ သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်

**စစ်ပွဲအား ဆန့်ကျင်သည့်ဖြစ်နိုင်ဖွယ်ငြင်းခုံမှုအချို့**

အိုစမာဘင်လာဒင်တွင် အပြစ်ရှိကြောင်း အမေရိကန်က သက်သေပြနိုင်ခဲ့လျှင် တာလီဘန် တို့က ၎င်းအား လွှဲပြောင်းပေးဖွယ်ရှိသည်။တာလီဘန်တို့က အိုစမာဘင်လာဒင်ကို နိုင်ငံတကာရာဇ ဝတ်ခုံရုံးသို့ လွှဲပြောင်းပေးဖွယ်ရာ ရှိသည်။ကျူးကျော်တိုက်ခိုက်မှုက အမေရိကန်နှင့် အနောက်အုပ်စု အပေါ် လူမုန်းများစေခဲ့သည်။စက်တင်ဘာ ၁၁ ရက်တိုက်ခိုက်မှုများအတွက် အာဖဂန်နစ္စတန်တွင် တာဝန်မရှိပေ။ စစ်ပွဲကြောင့် အာဖဂန်နစ္စတန်နိုင်ငံတွင် မတည်ငြိမ်မှုများနှင့် ပြည်တွင်းစစ်ပွဲများကို သက်ဆိုး ကြာရှည်စေခဲ့သည်။

## ကြိုတင်လေ့လာခြင်း

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** အစ္စရေးကို အမေရိကန်ထောက်ခံအားပေးမှု၊ ဆော်ဒီအာရေးဗီးယားတွင် အမေရိကန်တပ်များရှိနေမှု၊ အီရတ်အပေါ် ဆန့်ကျင်သော အရေးယူပိတ်ဆို့မှုများပြုလုပ်မှုတို့အပေါ် ဒေါသထွက်ခြင်း

စစ်အေးတိုက်ပွဲအဆုံးသတ်ပြီးနောက် ကမ္ဘာဇာတ်ခုံပေါ်တွင် အမေရိကန်၏ဖြစ်တည်မှုကို ကျောင်းသားများနှင့် ဆွေးနွေးပြောဆိုပါ။ စူပါပါဝါနိုင်ငံဖြစ်ခြင်းကြောင့် နိုင်ငံတကာပဋိပက္ခအများအပြားတွင် အမေရိကန်တို့ ပါဝင်ပတ်သက်လျက်ရှိသည်။ အမေရိကန်သည် ကမ္ဘာ့အကြီးဆုံး စစ်တပ်စွမ်းရည်ရှိသောနိုင်ငံဖြစ်သည်။ စီးပွားရေးမှာလည်း ကမ္ဘာ့အင်အားအကြီးဆုံးဖြစ်သည်။ ကုလသမဂ္ဂ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ဘဏ်ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများကို ထိန်းချုပ် ထားသည်ဟု ရှုမြင်ခံရသည်။ ကမ္ဘာတစ်ဝန်း လူအများအပြားက အမေရိကန်သည် ၎င်း၏ပါဝါ ကို အသုံးပြုကာ အစိုးရများနှင့် ကမ္ဘာ့လူသားများ၏ဘဝများကို ထိန်းချုပ်ရန် အလွဲသုံးစားလုပ်နေ သူအဖြစ် ရှုမြင်ကြ-သည်။

**၂။** ၎င်းအနေဖြင့် ပြီးခဲ့သည့် ဖြစ်ရပ် ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အဦအား အကြမ်းဖက်တိုက်ခိုက်မှုများကို စုစည်းလုပ်ဆောင်ခဲ့သူဟု စွပ်စွဲခံထားရသည်။ ၎င်းက အမေရိကန်ကို လူသိရှင်ကြား ဝေဖန်ပြစ်တင်ခဲ့ပြီး ယင်းအစိုးရအပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများ လုပ်ဆောင်မည်ဟု ခြိမ်းခြောက်ထားသည်။

**၃။** အာဖဂန်ပြည်တွင်းစစ်ပြီးနောက် မွတ်စလင်ရှေးရိုးစွဲအုပ်စုတစ်စုက အာဖဂန်နစ္စတန်နိုင်ငံ ကို လွှဲပြောင်းရယူခဲ့သည်။

**၄။** အိုစမာဘင်လာဒင်အား လွှဲပြောင်းပေးရန်။

**၅။** တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အိုစမာဘင်လာဒင်တွင် တာဝန်ရှိသည်ကို အထောက်အထား ပြရန် သူတို့က အမေရိကန်ကို အစပိုင်းတွင် တောင်းဆိုခဲ့သည်။ ၎င်းတို့က မျှတသောတရားစီရင် မှုဖြစ်စေရန် အိုစမာဘင်လာဒင်ကို တတိယနိုင်ငံတစ်ခုသို့ လွှဲပြောင်းပေးမည်ဟု ပြောခဲ့သည်။ ကမ်းလှမ်းမှုအားလုံးကို သူတို့ငြင်းဆန်ခဲ့ကြသည်။

အိုစမာဘင်လာဒင်လွှဲပြောင်းရေးနှင့်ပတ်သက်ပြီး တောင်းဆိုမှုအပေါ် တာလီဘန်တို့ ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ အကြမ်းဖက်အုပ်စုများကို ထောက်ပံ့ပေးနေသည်ဟု အမေရိကန် တို့က ပြောခဲ့ခြင်းဖြစ်သည်။

တာလီဘန်တို့ကို အာဏာမှ ဖယ်ရှားနိုင်ခဲ့သဖြင့် အာဖဂန်စစ်ပွဲမှာ အောင်မြင်ခဲ့ကြောင်း အမေရိကန်က တရားဝင်ဆိုခဲ့သည်။ အမေရိကန်တို့သည် အကြမ်းဖက်သမားများလေ့ကျင့်ရာစခန်းများကို ဖျက်ဆီးနိုင်ခဲ့ပြီး အကြမ်းဖက်သမားအများအပြားနှင့် အယ်လ်ကေးဒါးအဖွဲ့ဝင်ကို သတ်ပစ်နိုင်ခဲ့သည်။ သို့သော်လည်း စက်တင်ဘာ ၁၁ ၏ အဓိကသံသယဖြစ်ခံရသူ ဘင်လာဒင် ဖမ်းမိရေး မှာ အဓိကအကြောင်းရင်းဖြစ်သည်။ သူတို့ မဖမ်းဆီးနိုင်ခဲ့ကြပေ။

## ၃.၄ ဘုရှ်အယူဝါဒ

**ဆွေးနွေးချက်**

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** ကုလသမဂ္ဂပဋိညာဉ်က ဆိုထားသည်မှာ အဖွဲ့အစည်း၏ရည်ရွယ်ချက်မှာ ပြဿနာများကို ဖြေရှင်းရာ၌ ငြိမ်းချမ်းရေးနှင့်နိုင်ငံတကာဥပဒေကို အသုံးပြုရန်ဖြစ်သည်။ သို့သော် ၂၀၀၂-ခုနှစ်၊ အမျိုးသားလုံခြုံရေးမဟာဗျူဟာအဖွဲ့ (NSS) က လိုအပ်ပါက အမေရိကန်ပြဿနာများကို ဖြေရှင်းရာ၌ ငြိမ်းချမ်းရေးနှင့်နိုင်ငံတကာဥပဒေနှစ်ခုစလုံးကို ဆန့်ကျင်ထားသည်။ လက်ရှိအမေရိကန်အုပ်ချုပ်ရေး၏ရည်မှန်းချက်နှင့်နည်းလမ်းများမှာ ကုလသမဂ္ဂပြဋ္ဌာန်းထားသည်များနှင့် အလွန်ဆန့်ကျင်လျက်ရှိသည်။

**၂။** စက်တင်ဘာ ၁၁ ဖြစ်ရပ်၏အကျိုးဆက်အဖြစ် အမေရိကန်သည် အာဖဂန်နစ္စတန်ကို တိုက်ခိုက်ခဲ့ပြီးနောက် နောက်ဆုံးအီရတ်ကိုလည်း တိုက်ခိုက်ခဲ့သည်။ အမေရိကန်အစိုးရသည် ကုလသမဂ္ဂလိုအဖွဲ့မျိုးက ငြိမ်းချမ်းရေးဖြေရှင်းရာတွင် စေ့စပ်ညှိနှိုင်းမှုရရေးကြိုးပမ်းနေချိန်၌ နိုင် ငံ တကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုမလုပ်ခဲ့ပေ။ ဘုရှ်အယူဝါဒအရ အီရတ်အား ကျူး ကျော်မှုသည် ကြိုတင်ရှင်းထုတ်ပစ်ခြင်းဖြစ်ခဲ့သည်။

**ဖတ်သိနားလည်စွမ်း**

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** စေ့စပ်ညှိနှိုင်းခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ (ကုလသမဂကဲ့သို့)၊ စစ်ပွဲ၊ ခြိမ်းခြောက်မှု၊ အရေးယူပိတ်ဆို့မှုများမှတစ်ဆင့် ၄င်းတို့အကြောင်း ပြောဆိုခြင်း။

**၂။** စစ်ပွဲများကို ကာကွယ်ရန်နှင့် ပြဿနာများကိုဖြေရှင်းပေးရန် ကုလသမဂ္ဂကို ဖန်တီးခဲ့ခြင်း ဖြစ်သည်။ ရည်ရွယ်ချက်မှာ ကမ္ဘာ့နိုင်ငံများအနေဖြင့် ပြဿနာများကို ယခုအဖွဲ့အစည်း၌ ငြိမ်းချမ်း စွာဖြေရှင်းကြရန်ဖြစ်သည်။

**၃။** ကြိုတင်ရှင်းလင်းခြင်း၊ အင်အားအသုံးပြုခြင်းနှင့် စေ့စပ်ညှိနှိုင်းမှုမလိုခြင်း၊ ကုလသမဂ္ဂပါဝင်မှုမရှိခြင်းတို့ကို အသုံးပြုသည်။

**ဆွေးနွေးချက်**

**(စွမ်းရည်) -** ဆိုလို ချက်

နိုင်ငံအချို့သည် အခြားနိုင်ငံတစ်နိုင်ငံကို အထောက်အထားမရှိဘဲ ခြိမ်းခြောက်ကာ တိုက်ခိုက်ရာ၌ 'pre-emption' ကို အသုံးပြုသည်။

အိန္ဒိယနှင့် ပါကစ္စတန်၊ တရုတ်နှင့် ထိုင်ဝမ်တို့ကဲ့သို့ ပြိုင်ဘက်အတွဲများသည် ကုလသမဂ္ဂ (သို့) ငြိမ်းချမ်းရေးနည်းလမ်းများကိုအသုံးမပြုဘဲ စစ်ပွဲကို စတင်အောင်လုပ်ဆောင်နိုင်ကြသည်။ ယင်းကဲ့သို့ပင် ဘုရှ်အယူဝါဒကလည်း အတောင့်တင်းဆုံးတပ်ဖွဲ့အင်အားဖြင့် ပြဿနာများကို

ဘယ်လိုဖြေရှင်းပေးနိုင်သည်ဟူသော ကမ္ဘာတစ်ခုဖန်တီးရေးဆီ ဦးတည်နိုင်သည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာဥပဒေတို့မှာ အင်အားလျော့နည်းလာပြီး ငြိမ်းချမ်းရေး (သို့) စစ်ပွဲကို ကြိုတင်ကာကွယ် ရန် အမိန့်အာဏာကင်းမဲ့လာခဲ့သည်။

## ၃. ၅ လုံခြုံရေးနှင့်ဒီမိုကရေစီ

**ကြိုတင်လေ့လာခြင်း**

**ဖြစ်နိုင်ဖွယ်အဖြေများ**

အမေရိကန်ဦးဆောင်သောအကြမ်းဖက်မှုအပေါ်ဖြစ်ပွားသည့် စစ်ပွဲကြောင့် ကမ္ဘာတစ ဝန်း လုံခြုံရေးများတိုးမြှင့်လိုက်ခြင်းက အကြမ်းဖက်လုပ်ရပ်များကို ရပ်တန့်သွားစေခဲ့စေသည်ဆိုသည်မှာ အချက်ကောင်းတစ်ခုဖြစ်နိုင်သည်။ ဆိုးရွားသည့်အချက်က အမေရိကန်အစိုးရအနေဖြင့် နိုင်ငံတကာသဘောတူညီချက်များကို ချိုးဖောက်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းမှုမရှိခြင်း ဖြစ်သည်။

**ဆွေးနွေးချက်**

ဂွာတာနာမို ပင်လယ်အော်ဖြစ်စဉ်လေ့လာမှုက နိုင်ငံတကာဥပဒေကို ချိုးဖောက်ရန် အမေရိကန် မည်ကဲ့သို့ ဆန္ဒရှိနေသည်ကို ပြသနေသည်။ အကျဉ်းသားများကို ပုံမှန်စစ်ပွဲအကျဉ်းသားနှင့် မတူဘဲ ကွဲပြားစွာ အမည်ပေးဖော်ပြခြင်း၊ ယင်းအကျဉ်းသားများကို အမေရိကားအပြင်ဘက်တွင် ထိန်းသိမ်းထားခြင်းတို့က ဘုရှ်အုပ်ချုပ်ရေးသည် အကျဉ်းသားများ၏အခွင့်အရေးများကို ပိတ်ပင်ထားသလို ဖြစ်နေသည်။

**ဆွေးနွေးချက်**

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** စစ်ပွဲအကျဉ်းသားများအပေါ် ဆက်ဆံမှုအတွက် ဂျီနီဗာကွန်မင်းရှင်းက ထုတ်ပြန်ထားချက်ကို ၎င်းတို့ လိုက်နာရမည်ဖြစ်သည်။ ထို့ပြင် အကျဉ်းသားများအပေါ် ပိုကောင်းသောစောင့်ရှောက်မှုမျိုးရှိရမည်။

**၂။** တစ်ခုတည်းသော စူပါပါဝါနိုင်ငံဖြစ်ခြင်းကြောင့် အခြားနိုင်ငံများက ရပ်တန့်သွားအောင် မစွမ်းဆောင်နိုင်ကြပေ။

အမေရိကန်အနေဖြင့် မိမိကိုယ်မိမိ ကမ္ဘာ့ပုလိပ်ကြီးအဖြစ် ရှုမြင်ထားပြီး ကမ္ဘာ့လုံခြုံရေးအတွက် တာဝန်ရှိသည်ဟု ခံယူထားသည်။ တစ်ခါတစ်ရံ ပြဿနာများကို ဖြေရှင်းရာတွင် လျင် မြန်စွာ တုန့်ပြန်ရန်လိုအပ်သလို နိုင်ငံတကာအဖွဲ့အစည်းများတွင် ဆွေးနွေးမှုများ ပြုလုပ်ရန် အချိန်မရှိဖြစ်ကြရသည်။

## ကြောက်ရွံ့မှုကမ္ဘာကြီးထဲက လုံခြုံရေးကုန်ကျစရိတ်

**ကြိုတင်လေ့လာခြင်း**

ယင်းပြဿနာများကို အခန်းတစ်ခုလုံးအနေဖြင့် ဆွေးနွေးပါ။ လုံခြုံရေးနှင့် လွတ်လပ် မှုကြား အကောင်းဆုံးအခြေအနေရောက်အောင် အတိုးအလျှော့၊ အပေးအယူလုပ်မှုရှိသည်။ ပြည် သူများကို လွတ်လပ်မှုပိုပေးထားလျှင် လုံခြုံရေးဘက်အားနည်းမှုများဖြစ်လာနိုင်သည်။ အလားတူပင် လုံခြုံရေးကို တိုးမြှင့်လိုက်လျှင် လွတ်လပ်မှုများ လျော့ကျသွားပေလိမ့်မည်။ အကြမ်းဖက်ဝါဒနှင့် ပြည်တွင်းလုံခြုံရေးသည် အစိုးရ၏အရေးကြီးဆုံးမျှော်မှန်းချက်များဖြစ်လာခဲ့လျှင် ယင်းနိုင်ငံရှိ နိုင်ငံသားများအနေဖြင့် လွတ်လပ်မှုကို ဆုံးရှုံးကြလိမ့်မည်။ ယင်းဖြစ်စဉ်အတွက် အထောက်အထား မျိုးကို ဘုရှ်အုပ်ချုပ်ရေး 'Patriot Act' နှင့်အတူ တွေ့မြင်နိုင်သည်။စက်တင်ဘာ ၁၁ နောက်ပိုင်း ဖြစ်လာခဲ့သည့် ယင်းလုပ်ဆောင်မှုကြောင့် အမေရိကန်ရှိ အာရပ်အများအပြား ထောင်ချခံရမှုနှင့် နေရပ် ပြန်ပို့ခံရခြင်းများဖြစ်လာမည်။ ထို့ပြင် သာမန်ပြည်သူများမှာလည်း မိမိအခွင့်အရေးများကို ချိုးဖောက် ခြင်းခံကြရသည်။

## ၃.၆ အကြမ်းဖက်မှုစစ်ပွဲမှ မဟာမိတ်များ

**ဆွေးနွေးချက်**

စက်တင်ဘာ ၁၁ အကြမ်းဖက်တိုက်ခိုက်မှုကဲ့သို့ အန္တရာယ်ရှိသည့် အမျိုးသားလုံခြုံရေးကို အကြီးအကျယ်ခြိမ်းခြောက်ပြီး အစိုးရအများအနေဖြင့် ၎င်းတို့နိုင်ငံသားများ၏လွတ်လပ်မှုများကို အထောက်အပံ့ပေးနေသလိုဖြစ်နေမည်။ ရုရှားအစိုးရသည် ယင်းပုံစံမျိုးကို ချေချင်ညာသွေးသခဲ့ထွက် ရေးသမားများအပေါ် လုပ်ဆောင်ခဲ့သည်။ ဖိလစ်ပိုင်အစိုးရက အစ္စလာမ်မျိုးချစ်များကို ဆန့်ကျင် တိုက်ခိုက်မှု၊ ပါကစ္စတန်သမ္မတ မူရှာရက်ဖ် ကလည်း အမေရိကန်ထောက်ပံ့မှုကိုရကာ နိုင်ငံတွင်း အကြမ်းဖက်သမားများကို တိုက်ခိုက်မှုလုပ်ဆောင်ပြီး ၎င်း၏ထိန်းချုပ်မှုများကို တိုးမြှင့်ခြင်း စသည် တို့မှာ နမူနာသာဓကများဖြစ်ကြသည်။

**အုပ်စုလိုက်လုပ်ဆောင်ခြင်း**

**(စွမ်းရည်)** - ငြင်းခုံမှု

ကျောင်းသားများအား ပထမမေးခွန်းကို အစုံလိုက်ဖြေဆိုခိုင်းပါ။ အချိန် ၅ မိနစ်ပေးပါ။ တစ်တွဲချင်းစီက အခြားတစ်တွဲနှင့် ပူးပေါင်းခြင်းဖြင့် အုပ်စုလေးခုအလုပ်လုပ်ကြသည်။ အဖြေများ ကို အပြန်အလှန်ရှင်းလင်းတင်ပြခိုင်းပါ။ ပေါင်းထားသောအဖြေများကို အကျဉ်းချုံး outline လုပ် ခိုင်းပါ။ အချိန် ၁၀ မိနစ်ပေးပါ။ ကျောင်းသားများအနေဖြင့် outline များကို ၄ ဖွဲ့ခွဲလုပ်ဆောင်ပြီး ပြီးပြည့်စုံသွားသောအခါ အဖွဲ့တစ်ဖွဲ့ချင်းစီကို အခြားအဖွဲ့နှင့်ပူးပေါင်းခိုင်းပါ။ ယခုအခါ ကျောင်း သားများအနေဖြင့် အုပ်စု (၈) စုဖြင့် အလုပ်လုပ်ကြမည်။ ကျောင်းသားများအား တစ်ယောက်ချင်း စီမှအယူအဆများကို ရယူခြင်းနှင့် ယင်းအယူအဆများကို အခန်းသားအချင်းချင်းမှ မျှဝေရခြင်း အပေါ်

ရှင်းပြပေးပါ။ ပြီးဆုံးပါက တစ်ခန်းလုံးအနေဖြင့် ဆွေးနွေးမှုလုပ်ပြီး အားလုံးကို ဘုတ် ပေါ်တွင် outline လုပ်ပါ။ အမေရိကန် ဘာကြောင့်မဟာမိတ်များဖွဲ့သင့်ကြောင်းကို ကျောင်း သားများထင်မြင်ရသနည်း။ ဆွေးနွေးပါ။

စက်တင်ဘာ ၁၁ တိုက်ခိုက်မှုပြီးကတည်းက အမေရိကန်သည် အာဏာရှင်အစိုးရများနှင့် မဟာမိတ်ဖွဲ့ခဲ့သည်။ ယင်းမဟာမိတ်များသည် အမေရိကန်အား အကူအညီပေးပြီး စစ်တပ်အင် အား ပိုကြီးလာအောင် လုပ်ဆောင်ပေးကြသည်။ အောက်ပါတို့မှာ အချက်အချို့ဖြစ်သည်။

- အမေရိကန်တွင် ကိုယ့်ကိုယ်ကို ကာကွယ်ပိုင်ခွင့်ရှိပြီး မဟာမိတ်သစ်များက အကူအညီပေး ခဲ့လျှင် တရားမျှတမှုရှိသည်။
- အမေရိကန်စစ်တပ်၏ မဟာဗျူဟာအများအပြားထဲမှတစ်ချက်မှာ ကမ္ဘာတစ်ဝန်း စစ်အခြေ စိုက်-စခန်း အများအပြားထားရှိရေးဖြစ်သည်။ အမေရိကန်အစိုးရက ယုံကြည်ထားသည်မှာ ယင်း ကဲ့ သို့ လုံခြုံရေးတိုးမြှင့်မှုများပြုလုပ်လိုက်ပါက ကမ္ဘာအရပ်ရပ်မှ တိုက်ခိုက်လာမှုများကို လက်ဦး မှုရယူပြီး အလွယ်တကူတိုက်ခိုက်နိုင်မည်ဟု ဆိုသည်။
- အမေရိကန်၏ စစ်အခြေစိုက်စခန်းများထားရှိမှုကို ဒီမိုကရက်တစ်နိုင်ငံအများအပြားက ငြင်းဆိုကြလိမ့်မည်။
- သို့သော် အာဏာရှင်နိုင်ငံအများအပြားကမူ ယင်းကဲ့သို့လုပ်ဆောင်မှုအတွက် စေ့စပ်ညှိ နှိုင်းရန် ပို၍လွယ်ကူကြသည်။
- အမေရိကန်အနေဖြင့် အစိုးရများထံချဉ်းကပ်ရာတွင် (စီးပွားရေးအကျိုးအမြတ်၊ တိုက်ရိုက် အထောက်အပံ့ပေးမှု (သို့) စစ်ရေးအထောက်အပံ့ပေးခြင်း) တို့ လုပ်ဆောင်နိုင်သည်။ အပြန်အလှန် အားဖြင့် ၎င်းတို့၏ပိုင်နက်ထဲတွင် စစ်အခြေစိုက်စခန်းများ ထားရှိခွင့်ရရှိမည်။
- အာဏာရှင်အစိုးရများအနေဖြင့် ယင်းကဲ့သို့လုပ်ဆောင်ရန် ၎င်းတို့၏ပြည်သူများနှင့်တိုင် ပင်မှုလုပ်မည်မဟုတ်ပါ။ ၎င်းတို့အနေဖြင့် ဒီမိုကရက်နိုင်ငံထက် အမေရိကန်အစိုးရမှ ကမ်းလှမ်း မှုကို သဘောတူနိုင်ဖွယ်ရှိသည်။

နိုင်ငံတစ်နိုင်ငံအနေဖြင့် ကိုယ့်ကိုကိုယ်ကာကွယ်ပိုင်ခွင့်ရှိသည်။ သို့သော် မိမိဘာသာ ကြို တင်ကာကွယ်ခြင်းနှင့် ရန်လိုသောအပြုအမူကြား ခြားနားချက်ရှိနေသည်။ သမိုင်းအစဉ်အဆက် အားဖြင့် နိုင်ငံများသည် စစ်တပ်တည်ဆောက်ပြီး ကိုယ့်ကိုကိုယ်ကာကွယ်ခြင်းနှင့် မိမိတို့၏နယ်စပ် စည်းမျဉ်းများကို စောင့်ရှောက်ခြင်းဖြင့် ကာကွယ်နိုင်ကြောင်းကို သိထားခဲ့ကြသည်။

## မြေပုံဖြင့်လုပ်ဆောင်ခြင်း

ယခုလုပ်ဆောင်မှု၏ရည်ရွယ်ချက်မှာ ကမ္ဘာပေါ်တွင် အမေရိကန်စစ်တပ် ဘယ်လိုပျံ့နှံ့ နေရာ ယူနေသည်ကိုပြသရန်ဖြစ်သည်။ ကျောင်းသားများက အမေရိကန်စစ်အခြေစိုက် ဘယ်မှာ ရှိသည် ကို သုတေသနပြုပြီး outline map တွင် ဆေးခြယ်ကြရမည်။ Teacher's Guide စာအုပ် နောက် ဘက်တွင် 'answer key map' ရှိသည်။

# ၃. ၇ အကြမ်းဖက်မှုကြောင့် ဖြစ်သော စစ်ပွဲကို ချဲ့ထွင်ခြင်း

## လေ့ကျင့်ခန်း

**အဖြေများ**

**၁။ မှား　　　　၂။ မှား　　　　၃။ မှား　　　　၄။ မှန်**

## ဖတ်သိနားလည်စွမ်း

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** ဝင်ရိုးစွန်းမိစ္ဆာကို ဘုရှ်အဓိပာယ်ဖွင့်ဆိုသည်မှာ "ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ အမေရိက၊ ကျွန်ုပ်တို့ ၏မိတ်ဆွေနှင့် မဟာမိတ်များကို လက်နက်၊ အလုံးစုံပျက်သုဉ်းရေးတို့ဖြင့် ခြိမ်းခြောက်လာသည့် အကြမ်းဖက်မှုကို ထောက်ပံ့နေသော နိုင်ငံများအား ကာကွယ်ရန် ဖြစ်သည်။ မြောက်ကိုရီးယားသည် ပြည်သူလူထုများ ငတ်ပြတ်နေချိန် အားလုံးပျက်စီးစေနိုင်သော လက်နက်များ၊ အမြောက်များ အပြည့် အဝ တပ်ဆင်ထားသော နိုင်ငံ ဖြစ်သည်။ ရွေးကောက်တင်မြှောက်ထားခြင်း မဟုတ်သော အစိုးရက အီရန်ပြည်သူများ၏ လွတ်လပ်ရေးရရန် မျှော်လင့်ချက်ကို ဖိနှိပ်နေချိန် အီရန်သည် လက်နက်များနှင့် အကြမ်းဖက်မှု တင်ပို့ခြင်းကို ဒေါသကြီးစွာ လိုက်လုပ်နေသည်။ အီရတ်ကလည်း အမေရိကအပေါ် ကြမ်းတမ်းစွာ ထောင်လွှားပြကာ အကြမ်းဖက်မှုကို အထောက်အပံ့ ပြုနေသည်။ ထိုကဲ့သို့ နိုင်ငံများနှင့် ၎င်းတို့၏ အကြမ်းဖက်မှု မဟာမိတ်များတွင် ကမ္ဘာငြိမ်းချမ်းရေးကို ခြိမ်းခြောက်သည့် လက်နက် ကိုင် ဝင်ရိုးစွန်းမိစ္ဆာများ ပါဝင်သည်။ အလုံးစုံပျက်သုဉ်းစေမည့် လက်နက်များကို ရှာဖွေခြင်းဖြင့် ထိုနိုင်ငံများသည် သုသာန်ကို ကိုယ်စားပြုနေကာ တစ်နေ့တခြား အန္တရာယ်ပိုကြီးလာနေသည်။ ၎င်းတို့သည် ထိုလက်နက်များကို အကြမ်းဖက်သမားများအား ပေးခြင်းဖြင့် ၎င်းတို့၏ အမုန်းတရားများကိုလည်း ထုတ်ဖော်မည် ဖြစ်သည်။

**၂။** လွတ်လပ်ရေးကော်မရှင်၏အလုပ်မှာ အီရတ်တွင် အလုံးစုံပျက်သုဉ်းစေနိုင်သည့်လက်နက် ရှိ မရှိ စုံစမ်းထောက်လှန်းရန် ဖြစ်သည်။

**၃။** ကမ္ဘာတစ်လွှားရှိ အစိုးရများသည် အကြမ်းဖက်မှုစစ်ပွဲကို အသုံးချခြင်းအားဖြင့် လူတိုင်းလုံခြုံရေးအတွက် လိုအပ်သည်ဟု အကြောင်းပြကာ ၎င်းတို့နိုင်ငံရှိပြည်သူများ၏ လွတ်လပ်ရေးကို ထိန်းချုပ်ထားနိုင်မည် ဖြစ်သည်။ ဥပမာ အစိုးရသည် လမ်းပေါ်တွင် စစ်ဆေးရေးဂိတ်များ ထားကာ မြို့တစ်ခုမှတစ်ခု သွားလာသူ မည်သည့်ခရီးသွားမဆိုထံမှ အထူးဖြတ်သန်းခွင့် ပေးခိုင်းမည် ဖြစ်သည်။ အစိုးရက အကြမ်းဖက်မှု လုပ်ရှားမှုအား ကာကွယ်ရန် လိုအပ်ရွေ့ ထိုသို့လုပ်ရခြင်းဟု ပြောရုံပင် ဖြစ်သည်။ ထိုသို့လုပ်ခြင်းဖြင့် လူများ ရွေ့လျားသွားလာရာနိုက် လွတ်လပ်ရေး လျော့နည်းမည် ဖြစ်သည်။ အစိုးရများ ထိုကဲ့ သို့ နည်းပရိ ယာယ်များသုံးသည်ကို တွေ့ဖူးခြင်း ရှိ/မရှိ ကျောင်းသားများအား မေးမြန်းကြည့်ပါ။ အစိုးရသည် ဆန့်ကျင်သောလှုပ်ရှားမှု၊ နိုင်ငံရေးလှုပ်ရှားမှု၊ တိုင်းရင်းသားလူနည်းစု လှုပ်ရှားမှု စသည့် လှုပ်ရှားမှုမှန်သမျှကို အကြမ်းဖက်ရန် ကြံစည်နေသည်ဟု အကြောင်းပြကာ ဖျက်သိမ်းအရေးယူနိုင်သည်။

## ဆွေးနွေးချက်

**ဖြစ်နိုင်ဖွယ်အဖြေများ**

**၁။** အမေရိကန်မှ အကူအညီရရန်။ နိုင်ငံတကာထောက်ခံမှု ပိုရရန်။ အစိုးရများသည် ပြစ်တင်ရှုတ်ချမှု လျော့နည်းအောင်နှင့် အထောက်အပံ့ လွယ်ကူစွာ ရရှိရေးအတွက် 'အမျိုးချစ်စိတ်'ဟု မခေါ်ဘဲ 'အကြမ်းဖက်မှု'ဟု ခေါ်ဆိုသည်။

**၂။** အမေရိကန်သည် အကူအညီ သို့မဟုတ် ချေးငှားခြင်းသဘောဖြင့် ပိုက်ဆံများပေးရန် ကမ်းလှမ်းသည်။ အမေရိကန်သည် ပူးပေါင်းဆောင်ရွက်သော နိုင်ငံများနှင့် စီးပွားရေးညှိနှိုင်းမှု၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်သည်။ အမေရိကန်သည် ကုလသမဂအတွင်း မဲပေးခြင်းဖြင့် နိုင်ငံများအား အကူအညီ ပေးနိုင်သည်။ အစရေးသည် ဥပမာကောင်းတစ်ခု ဖြစ်သည်။ ၎င်းသည် အမေရိကန်နှင့် ပူးပေါင်းခြင်းဖြင့် များပြားသော အမေရိကန်တပ်၊ စီးပွားရေးနှင့်နိုင် ငံရေး ထောက်ပံ့မှုများကို ရရှိရသည့် နိုင်ငံတစ်နိုင် ငံ ဖြစ်သည်။ အမေရိကန်ကို မထောက်ခံ၊ မဲမပေးသော နိုင်ငံများအပေါ် ဆန့်ကျင်ဘက် တုံ့ပြန်မှုများ ကျရောက်သည်။ ဥပမာ ၁၉၉၀ ပြည့် နှစ် ပင် လယ်ကွေ့စစ်ပွဲမတိုင်မီတွင် အမေရိကန် အီရတ်ကို ဝင်တိုက်မည့်အပေါ် ကုလမဲပေးပွဲတွင် ယီမန်က အမေရိကန်ဘက်မှ မဲမပေးခဲ့ပေ။ အမေရိကန်သည် ယီမန်အပေါ် ထောက်ပံ့မှုများ ရပ်ဆိုင်းလိုက်သည်။ ဘုရှ်၏ 'အကြမ်းဖက်မှုစစ်ပွဲ'ကို ထောက်ခံသော အ ခြားနိုင်ငံအများအပြားသည်လည်း နိုင်ငံရေးနှင့် စီးပွားရေးအရ အလားတူ အားပေးအားမြှောက်မှုများ ရရှိခဲ့သည်။

**၃။** ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချခံရသောကြောင့် အီရတ်အောင်မြင်သည်ဟု ဆိုရမည်။

### အုပ်စုလိုက်လုပ်ဆောင်ခြင်း

**(စွမ်းရည်) -** ငြင်းခုံခြင်း

| ဘုရှ်၏အဆို | လွတ်လပ်သောကော်မရှင်၏အဆို |
|---|---|
| ဆက်ဒမ်ဟူစိန်သည် ၎င်း၏ ပြည်သူလူထုများအပေါ် ဖိနှိပ်ချုပ် သည့် အာဏာရှင် ဖြစ်သည့်အတွက် ၎င်းအား ဖယ်ရှားသင့်သည် | ဆက်ဒမ်ဟူစိန်ရော အီရတ်ရော စက်တင်ဘာ (၁၁) ၂၀၀၁ တိုက်ခိုက်မှုတွင် ပါဝင်ခဲ့ခြင်း မရှိသောကြောင့် အီရတ်ကို ဝင်မတိုက်သင့် |
| ယခင်က ဆက်ဒမ်ဟူစိန်သည် အခြားနိုင်ငံများ ကို ကျူးကျော်ခဲ့သည့်အတွက် နိုင်ငံတကာ ငြိမ်းချမ်းရေးအပေါ် အန္တရာယ်ရှိနိုင်သည်။ | အီရတ်သည် အကြမ်းဖက်မှုအပေါ် ထောက်ခံ သည်ဟူသော အထောက်အထား မရှိ။ |
| အကြမ်းဖက်သူများ ရောင်းချထားသောသို့မဟုတ် အခိုးခံရသော အလုံးစုံပျက်သုဉ်းစေမည့်လက် နက် များ အီရတ်တွင် ရှိနိုင်သည်။ | စက်တင်ဘာ ၁၁ အကြမ်းဖက်မှုကို အ ကြောင်းပြရွေ့ မည်သည့်နိုင်ငံမှ အခြားနိုင်ငံတစ် နိုင်ငံကို စိတ်ထင်တိုင်း စစ်မကြေညာသင့်။ |

# ၃. ၈ အဆုံးမရှိစစ်ပွဲ

**ကြိုတင်လေ့လာခြင်း**

အမှန်တကယ်တွင် ဤမေးခွန်းအတွက် အဖြေမရှိပါ။ အကြမ်းဖက်မှု ဖြစ်နေသည်မှာ ရာစုနှစ်နှင့် ချီနေ ပြီ ဖြစ်သည်။ သင်သည် ကျောင်းသားများနှင့်အတူ အောက်ပါမေးခွန်းများကို စဉ်းစားနိုင်သည်။

-အကြမ်းဖက်မှုစစ်ပွဲ ပြီးဆုံးသွားရန် ဖြစ်နိုင်ခြေ ရှိပါသလား။

-ယနေ့ခေတ် 'အကြမ်းဖက်မှုစစ်ပွဲ'က အကြမ်းဖက်မှုကို ထာဝရ ပျောက်ကွယ်သွားအောင် လုပ်နိုင်သည်ဟု ယုံကြည်ရန် အကြောင်းပြချက် ရှိပါသလား။

-အကယ်၍ မပြီးဆုံးနိုင်ဘူးဆိုလျှင် စစ်ပွဲမှာ ထာဝရ ဖြစ်နေမည်လား။

-သမ္မတဘုရှ်က မည်သည့်အခြေအနေရောက်မှ ဤစစ်ပွဲ အောင်မြင်သည်ဟု ယူဆမည်နည်း။

အထက်ပါများမှာ ဤအပိုင်းနှင့်ပတ်သက်၍ စဉ်းစားသင့်သည့် မေးခွန်းများ ဖြစ်သည်။

## အဆုံးမရှိစစ်ပွဲ

**ဆွေးနွေးချက်**

### ဖြစ်နိုင်ဖွယ်ရှိသော အဖြေများ

**၁။** ကိစ္စအများအပြားကြောင့် မွတ်စလင်လောကရှိ လူများမှာ အမျက်ထွက်ကြသည်။ ၎င်းတို့သည် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များကို ဆန့်ကျင်ကြသည်။

အာဖဂန်နစတန်နှင့် အီရတ်ကို တိုက်ခိုက်မှု။ အာဖဂန်နစတန်နှင့် အီရတ်ရှိ ထောင်နှင့်ချီသော အပြစ်မဲ့ ပြည်သူများအား သတ်ဖြတ်မှု။ အီရတ်အား သိမ်းပိုက်ချုပ်ကိုင်ခြင်း။ အီရတ်၊ အာဖဂန်နစတန်နှင့် ဂွာတာနာမိုပင်လယ်ကွေ့တွင် ထောင်တွင်း ညှဉ်းပမ်းနှိပ်စက်ခြင်း။ အစ္စရေးတို့ ပါလက်စတိုင်းအပေါ် ဆန့်ကျင်လုပ်ဆောင်နေမှုများအား ထောက်ပံ့ခြင်း။ အနောက်နိုင်ငံများတွင် မွတ်စလင်များ ဆက်ဆံခံနေရမှု ဥပမာ အမေရိကန်တွင် မည်သည့်အကြောင်းပြချက်မှမရှိဘဲ မွတ်စလင်များအား ဖမ်းဆီးခြင်း။ ထိုလုပ်ရပ်များအားလုံးကြောင့် မွတ်စလင်အများအပြားအမြင် တွင် အမေရိကန်သည် လူမျိုးရေးခွဲခြားအနိုင်ကျင့်သူ ဖြစ်နေသည်။ ဆင်းရဲပြီး မျှော်လင့်ချက်မဲ့ကာ ဒေါသထွက်နေသော မွတ်စလင်များအတွက်မူ ထိုလုပ်ရပ်များကြောင့် မိမိတို့ တက်စွမ်းသမျှ ခုခံ တိုက်ခိုက်ချင်စိတ် ဖြစ်ပေါ်နေသည်။

**ကျောင်းသားများထံမှ အောက်ပါအချက်များ ထွက်လာလျှင် ကောင်းမည်။**

-မွတ်စလင်အများအပြားက အမေရိကန်သည် အစ္စလာမ်ဘာသာကို ဖျက်ဆီးချင်သည်ဟု ယူဆကြ-သည်။

-၎င်းတို့သည် အာဖဂန်နစတန်နှင့် အီရတ်အပေါ် ဝင်ရောက်တိုက်ခိုက်ခြင်းအား အစ္စလာမ်ဘာ သာကို တိုက်ခိုက်ခြင်းအဖြစ် ရှုမြင်ကြသည်။ ထို့ကြောင့် အမေရိကန်က ၎င်းတို့နိုင်ငံအားလည်း ဝင်ရောက်တိုက် ခိုက်လာနိုင်သည်ဟု တွေးထင်ထားသည်။

-အစ္စရေးက ပါလက်စတိုင်းအား ဆန့်ကျင်သည့် လုပ်ဆောင်မှုများကို အမေရိကန် ထောက်ပံ့ခြင်းအား

မွတ်စလင်ဆန့်ကျင်ခြင်းဟု ၎င်းတို့ ထင်မြင်ကြသည်။
-အမေရိကန်တွင် အမေရိကန်များက မွတ်စလင်များအပေါ် ဆက်ဆံပုံ (အထူးသဖြင့် စက်တင်ဘာ ၁၁ နောက်ပိုင်း) ဥပမာ အပြစ်မဲ့ အမေရိကန်မွတ်စလင်များနှင့် အာရပ်မွတ်စလင်များကို ဖမ်းဆီးကာ စစ်ကြောမေးမြန်းခြင်း တို့ကို ၎င်းတို့ ကြည့်ရှုကြသည်။
-၎င်းတို့အယ်လ်ကိုင်းဒါးနှင့်ပေါင်းလျှင် အစ္စလာမ်ဘာသာ၊ ၎င်းတို့လူမျိုးနှင့် ၎င်းတို့ပျက်သုဉ်းမည့်အရေးမှ ကာကွယ်သည်နှင့် တူသည်ဟု ၎င်းတို့ ထင်ကြသည်။

၂။ အမေရိကန်သည် နိုင်ငံရေးအရ၊ စီးပွားရေးအရ အင်အားကြီးသည့်နေရာတွင် ရှိနေသည်။ စစ်ရေးအရဆိုလျှင် ယှဉ်ရန်ပင်မရှိ။ အမေရိကန်သည် တစ်ခုတည်းသော စူပါပါဝါဖြစ်သည်။ ကမ္ဘာ့အစိတ်အပိုင်းအများစုတွင် ဆင်းရဲမွဲတေခြင်းနှင့် တရားမမျှတမှုများ ရှိနေသည်။ နိုင်ငံအများစုကို ဒီမိုကရေစီမကျသော အစိုးရများက အုပ်ချုပ်လျက် ရှိသည်။ အမေရိကန်သည် ထို ဒီမိုကရေစီမကျသည့် အစိုးရအများအပြားကို ထောက်ပံ့လျက် ရှိသည်။ ဂလိုဘယ်လိုင်ဇေးရှင်းပြန့်ပွားမှုသည် ကမ္ဘာ့လူအများအပြားအတွက် အထောက်အပံ့ မဖြစ်ပေ။ ဆင်းရဲချမ်းသာ ကွာဟမှုမှာ တဖြည်းဖြည်း ကြီးမားလာနေကာ အမေရိကန်ကို အချမ်းသာဆုံး အင်အားအကြီးဆုံး နိုင်ငံအဖြစ် ရှုမြင်ထားကြသည်။ လူအများအပြားအတွက်မူ အမေရိကန်နှင့် အနောက်နိုင်ငံများ၏ ယဉ်ကျေးမှု ပြန့်ပွားလာခြင်းသည် ၎င်းတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုအပေါ် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှုမြင်ကြသည်။ အမေရိကန်စစ်တပ်အင်အား တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့လာမည်ကို လူအများအပြားကမနှစ်မြို့ကြပါ။ အာဖဂန်နစတန်နှင့် အီရတ်အပေါ် အမေရိကန်၏ လတ်တလောလုပ်ဆောင်မှုများကြောင့် လူအများအပြားအတွက် ခြိမ်းခြောက်မှု ဖြစ်ခဲ့သည်။

## လေ့ကျင့်ခန်း

'အကြမ်းဖက်မှုစစ်ပွဲ'နှင့် အခြားစစ်ပွဲများကြား ကွာခြားချက်အပေါ် ကျောင်းသားများ၏ အယူအဆအား မေးမြန်းကြည့်ပါ။

**ဖြစ်နိုင်ခြေရှိသော အဖြေများ**

| တူညီချက်များ | ကွာခြားချက်များ |
|---|---|
| စစ်အေးစစ်ပွဲတုန်းကလိုပင်လတ်တလော ကိစ္စရပ်အများစုကို အကြမ်းဖက်မှုစစ်ပွဲအဖြစ် နားလည်ထားကြသည်။ | စစ်အေးစစ်ပွဲတုန်းက အမေရိကန်နှင့် ရုရှားတို့သည် အတော်အတန် ညီမျှသော အင်အား ရှိသည်။ သို့သော် အကြမ်းဖက်မှုစစ်ပွဲတွင် စူပါပါဝါ တစ်နိုင်ငံတည်းသာရှိသည်။ |

စစ်ပွဲနှစ်ခုလုံးမှာ တစ်ကမ္ဘာလုံးနှင့် ဆိုင်သည်။

## လေ့ကျင့်ခန်း

ယခုလေ့ကျင့်ခန်းမှာ ကျောင်းသားများ အကြောင်းအရာနှင့် ပတ်သက်ပြီး မည်မျှနားလည်သည်ကို သုံးသပ်ရန် ဖြစ်သည်။ ကျောင်းသားများ ယခုသင်ခန်းစာမှ နောက်ခံအကြောင်းအားလုံးကို ပြန်လည် ဖတ်ရှုထားခိုင်းပြီးမှ ယခုလေ့ကျင့်ခန်းကို လုပ်ပါ။ အကြောင်းအရာများဖြစ်သည့် အဘယ့်ကြောင့် အကြမ်းဖက်မှုကို အသုံးချရသနည်း၊ အကြမ်းဖက်မှုကို စေ့ဆော်သော ကမ္ဘာ့အခြေအနေ၊ အင်အားကြီး အစိုးရများက အကြမ်းဖက်မှုကို တုံ့ပြန်ပုံ၊ ထိုတုံ့ပြန်မှုများ၏ အောင်မြင်မှု သို့မဟုတ် ရှုံးနိမ့်မှု၊ 'အကြမ်း ဖက်မှုဆန့်ကျင်ရေး'နည်းဗျူဟာ၏ ရလဒ်များ၊ ကမ္ဘာ အများစုက အမေရိကန် အစိုးရ၏ အပြု

အမူကို ရှုမြင်ပုံ စသည့် အကြောင်းအရာများကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ အဖြစ်အပျက် ဖြစ်ပွားမှု၏အကောင်းဆုံးအခြေအနေကို ကျောင်းသားများ မည်သို့ ယူဆသည်ကို ပြောခိုင်းပါ။ ၎င်းတို့သည် အမေရိကန်၏အနေအထားကို သဘောတူနိုင်ကာအမေရိကန်လမ်းစဉ်ကို ကြိုက် နိုင်သည်။ သို့မဟုတ် အကြမ်းဖက်မှုစစ်ပွဲကို မကြိုက်ဘဲ အခြားနည်းလမ်းများကို အသုံးပြုရန် အတွေးအခေါ်များ ရှိကောင်းလည်း ရှိနိုင်သည်။ ကျောင်းသားများသည် ၎င်းတို့၏ အမြင်အ တွက် သက်သေအထောက်အထားနှင့် အကြောင်းပြချက် များနိုင်သလောက် များများ ပေးနိုင်အောင် ကြိုးစားရမည်။

### **သင်ထောက်ကူ** (Extra Material)

**ယခုအခန်းကဏ္ဍရှိ ခေါင်းစဉ်များမှ သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ပေးထား သည်။**

- **သင်ကြားသည့်အခါ ဆရာများအတွက် ခေါင်းစဉ်များမှ နောက်ခံအချက်အလက်များ ပိုမိုရရှိမည်။**
- **ကျောင်းသားများအနေဖြင့်လည်း လွတ်လွတ်လပ်လပ်သုတေသနပြုမှုလုပ်ဆောင်နိုင် မည်။**

## အရှေ့အလယ်ပိုင်းသားတွေဟာ ဘယ်သူတွေလဲ

အရှေ့အလယ်ပိုင်းရှိ ဒေသအမျိုးမျိုးတွင် မတူညီသောလူမျိုးစုအုပ်စုအများအပြားနေထိုင် ကြသည်။ လူမျိုးနွယ်စုများကို အဓိကအချက်ကြီး (၃) ချက်ဖြင့် အဆုံးအဖြတ်ပေးနိုင်သည်။ ဘာသာ စကား၊ ကိုးကွယ်မှုနှင့် ပထဝီအနေအထားတို့ဖြစ်သည်။ အခြားတစ်ဖက်ကကြည့်လျှင်လည်း သူတို့ ဘာ ဘာသာစကားပြောကြသနည်း။ ဘယ်ကိုးကွယ်မှုမျိုးရှိကြသနည်း။ ဘယ်ဒေသမှာ နေထိုင်ကြ သနည်း။ အဖွဲ့တစ်ဖွဲ့စီအတွင်းတွင်လည်း သီးသန့်နှင့်အုပ်စုငယ်အဖွဲ့ အများအပြားရှိနေသည်ကို တွေ့ရသည်။ အထက်ဖော်ပြပါအချက် (၃) ချက်ပေါင်းစုထားမှုကြောင့် အဓိကလူမျိုးနွယ်အဖွဲ့ တစ်ဖွဲ့ချင်းစီမှလူများ ကို သီးသန့်နှင့်မတူညီသောလူမျိုးစုအဖွဲ့ဝင်များအဖြစ် သတ်မှတ်နိုင်သည်။

**ဘာသာစကား** ။ ။ အရှေ့အလယ်ပိုင်းဒေသတွင် အဓိကဘာသာစကား (၃) မျိုးကို ပြောဆိုသုံးနှုန်း

သည်ကိုတွေ့ရသည်။ ၎င်းတို့မှာ ဆီမိုက်နွယ်ဝင် (ဂျူးအနွယ်ဝင် စသည်-အာရေဗစ်နှင့်ဟီဘရူး)၊အင်ဒို ဥရောပ (ပါရှန်း၊ ကာဒစ်ရှ်) နှင့် တာကစ် (တာကစ်ရှ်၊ အဇီရီ) တို့ဖြစ်ကြသည်။ အ ၁ ရေ ဗ စ် မှ ၁ အရှေ့အလယ်ပိုင်းတွင် အဓိကပြောဆိုသောဘာသာစကားဖြစ်သည်။ လူဦး ရေ၏ ၆၀% တို့က အာရေဗစ်ဒေသယစကားကိုပြောဆိုကြသည်။ ပါရှန်နှင့်ကာဒစ်ရှိစကားများ ဒုတိယပြောဆို သုံးနှုန်းမှုအများဆုံးဖြစ်ပြီး ယင်းတို့နောက်တွင် တာကစ်စကားပြောသူများက အစဉ်လိုက်ရှိကြသည်။ ဟီဘရူးဘာသာစကားမှာ အစ္စရေးတို့၏အဓိကသုံးနှုန်းသောစကားဖြစ် သည်။

**ကိုးကွယ်မှု**။ ။ အရှေ့အလယ်ပိုင်းဒေသတစ်ခွင်တွင် အဓိကအားဖြင့် ဂျူးနှင့် ခရစ်ယာန် ဘာသာ တို့ဖြစ်ကြသည်။ အစ္စလမ်ဘာသာမှာ အရှေ့အလယ်ပိုင်း၏အဓိကကျသော ကိုးကွယ်မှု ဘာသာ-ဖြစ်သည်။ အရှေ့အလယ်ပိုင်းလူဦးရေ၏ ၉၀%ကျော်မှာ မွတ်စလင်များဖြစ်ကြ သည်။ သို့-သော်အစ္စလမ်ဘာသာမှခွဲထွက်သောမတူညီသည့် ဂိုဏ်းခွဲများလည်းရှိနေသည်။ (အဓိကကျသော ဂိုဏ်းနှစ်ခုမှာ ဆွန်နီနှင့်ရှီးယားတို့ဖြစ်ကြသည်။) လက်ဘနွန်နှင့်အစ္စရေးတွင် ဒရူဇီ (Druze)ကဲ့သို့ သေးငယ်သောဂိုဏ်းကွဲများ၊ ဆီးရီးယားတွင် အာလာဝီနှင့်တူရကီတွင် အလီဗစ်(Alevis)တို့ရှိကြ သည်။ အီဂျစ်တွင်လည်း ခရစ်ယာန်ဘာသာ၏ဂိုဏ်းကွဲဖြစ်သော Coptsကဲ့သို့ ဂိုဏ်းကွဲငယ်များရှိ သည်။ တူရကီနှင့်လက်ဘနွန်တို့တွင် အာမေးနီးယန်း၊ လက်ဘနွန်တွင် မော်ရိုနိုက်နှင့် အီရတ်၊ ဆီး ရီးယားနှင့်တူရကီတို့တွင် အာဆီရီယာန် ခရစ်ယာန်ဂိုဏ်းအဖွဲ့များအသီးသီးရှိကြသည်။ ဂျူးများကို အရှေ့အလယ်ပိုင်းဒေသအ များအပြားတွင်တွေ့နိုင်သော်လည်း ၁၉၄၈ခုနှစ်မှစ၍ အများစုကို အစ္စ ရေးတွင်သာတွေ့ရတော့သည်။ အစ္စရေးနိုင်ငံတော်မထူထောင်မီက ဂျူးလူမျိုးများကို အီဂျစ်၊ အီရတ်၊ ဆီရီးယားနှင့် ယီမင်နိုင်ငံတွင် လည်းတွေ့နိုင်သည်။

**ပထဝီအနေအထား**။ ။ အဓိကကျသောဒေသများတွင်တွေ့ရသော လူမျိုးစုအုပ်စုကြီးများ တွင်- ပါ ရှန်း(အီရန်နိုင်ငံနှင့်တဝိုက်ပတ်ဝန်းကျင်တွင်နေထိုင်ကြသည်)။ တာကစ်(တူရကီနိုင်ငံတွင်း နှင့် ပတ်ဝန်း ကျင်တဝိုက်တွင်နေထိုင်ကြသည်)။ ကာ့ဒ်(တူရကီနိုင်ငံနယ်စပ်ဧရိယာများနှင့် အီရတ်၊ အီရန်၊ ဆီရီးယား ယင်းဧရိယာသည် ကာဒစ်စတန်ဟုလူသိများသည်)တို့တွင်နေထိုင်ကြသည်။

'အာရပ်'ဟူသောစကားအသုံးအနှုန်းမှာအာရေးဗီးယန်းကျွန်းဆွယ်ဒေသတွင်နေထိုင်သူများ (သို့) ယင်းဒေသမှလာရောက်နေထိုင်သူများကိုအစွဲပြု၍ဖော်ပြခြင်းဖြစ်သည်။ အာရေဗစ်ဘာသာ စကားကို အဓိကဘာသာအဖြစ် ပြောဆိုသုံးနှုန်းသည်ကို အစွဲပြု၍လည်း 'အာရပ်'ဟု ခေါ်ဆို ကြ-သည်။

## လူမျိုးစုအဖြစ်အဓိပ္ပါယ်ဖွင့်ဆိုရန်ခက်ခဲခြင်း

လူမျိုးစုအဖြစ်ဖော်ပြရန် အလွန်ကြီးမားသောအုပ်စုများရှိနေသည့်တိုင် လူမျိုးများကိုတရား သေအမျိုးအစားအဖြစ်ခွဲခြားရန် ရှင်းရှင်းလင်းလင်းမရှိသောအရပ်ကိုတွေ့ရသည်။ ဥပမာအားဖြင့် ခရစ်ယာန် ပါလက်စတိုင်းအုပ်စုကိုခရစ်ယာန်အုပ်စုအဖြစ်ပါလက်စတိုင်း(သို့)အာရပ်အုပ်စုထား ခြင်းထက် ပိုမို ဖော်ထုတ်ပေးနိုင်သည်။ ပါရှန်း-ဂျူးအုပ်စုများ ပါရှန်းနှင့်ဂျူးနှစ်မျိုးစလုံးကိုပေါင်း စည်းထားခြင်းဖြစ်သည်။ လက်ဘနွန်တွင် တွေ့ရသော အမျိုးမျိုးသော လူမျိုးစုအုပ်စုများကို အရှေ့ အလယ်ပိုင်းလူမျိုးစုအုပ်စု မည်သို့ဖြစ်လာနိုင်သည်ကို ဖော်ပြနေသည်။ အောက်ပါလူ အုပ်စုများကို လက်ဘနွန်တွင်တွေ့ရသည်။

မာရိုနိုက်၊ ဆွန်နီမွတ်စလင်၊ ရှီးယားမွတ်စလင်(ယနေ့အချိန်တွင်အကြီးမားဆုံးတစ်ခုတည်း

ဂိုဏ်းကွဲ) ရှေးရိုးစွဲဂရိ၊ ဂရိကတ်သလစ်၊ ဒရူဆီ၊ ရှေးရိုးစွဲအာမေးနီးယန်း(ဂျော်ဂျီယန်း)၊ သေးငယ်သော ဂိုဏ်းကွဲများမှာ ဂျာကိုဗိုက်ခရစ်ယာန်၊ ဆီးရီးယန်းကက်သလစ်၊ အာမေးနီးယန်း ကက်သလစ်၊ ဂျူးနှင့် ပရိုတက်စတင့်(ယင်းလူမျိုးအရေအတွက်အားလုံးမှာ ဦးရေ၃သန်းကျော်ရှိ သည်။

## မီနာချမ်း ဘီဂင် - ၁၉၇၈ ခုနှစ်၊ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်

မီနာချမ်းဘီဂင်ကို ၁၉၁၃ခုနှစ်၊ ဩဂုတ်လ ၁၆ရက်တွင် ရုရှား(ယခုဘီလာရုစ်)ရှိ ဘရက်စ်-လီတိုဗစ်၌ မွေးဖွားခဲ့ပြီး ၁၉၉၂ ခုနှစ်၊ မတ်လ(၉)ရက်နေ့တွင်အစ္စရေးရှိတဲအဗစ်၌ ကွယ်လွန်ခဲ့သည်။ ၁၉၇၇ ခုနှစ်မှ ၁၉၈၃ ခုနှစ်ထိ ဇီယွန်နစ်ခေါင်းဆောင်နှင့် ဝန်ကြီးချုပ်။ ၎င်း၏အဓိကအောင် မြင် မှု ကြိုးပမ်းချက်မှာ အစ္စရေးနှင့်အီဂျစ်ကြား(၁၉၇၉)ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိအောင် လုပ်ဆောင်ခဲ့မှုဖြစ်သည်။ နှစ်နိုင်ငံကြားငြိမ်းချမ်းရေးစွမ်းဆောင်ချက် ကြောင့် ဘီဂင်နှင့် အစ္စရေး သမ္မတ အန်ဝါအယ်လ်ဆာဒက်တို့နှစ်ဦးစလုံး ၁၉၇၈ ခုနှစ်တွင် နိုဘယ်ဆုချီး မြှင့်ခြင်းခံခဲ့ ရသည်။ ဘီဂင်သည် ၁၉၃၅ ခုနှစ်တွင် ဝါဆောတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။

၁၉၃၀ ပြည့်တစ် လွှား ဇီယွန်နစ်လှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်ခဲ့ပြီး ၁၉၃၈ ခုနှစ် တွင် ပိုလစ်အဖွဲ့ခွဲဘီတာ (Betar)လူငယ် လှုပ်ရှားမှုအဖွဲ့ခေါင်း ဆောင်ဖြစ်လာခဲ့သည်။ဂျော်ဒန်မြစ်ကမ်း၏ ဝဲယာနှစ်ဘက်စလုံးတွင်ဂျူးနိုင်ငံတော်ထူထောင်ရန်ရည်ညွှန်း ကြိုးပမ်းခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဂျာမန်တို့ဝါဆောကို ကျူးကျော်သိမ်းပိုက်သောအခါ ဘီဂင်မှာ ဗီလ်နီရယ်သို့ လွတ် မြောက်ခဲ့သည်။ သို့သော်သူ့မိဘ နှစ် ဦး နှင့်အစ်ကိုဖြစ်သူတို့မှာ စစ်ကြောရေးစခန်းများတွင် သေဆုံးခဲ့ကြရသည်။ ၁၉၄၀ပြည့် နှစ် တွင် ဆိုဗီယက်အာဏာပိုင်များက ဘီဂင်ကို ဆားဗီးယားသို့ပြည် နှင်ဒဏ်ပေးခဲ့သည်။ သို့သော် ၁၉၄၁ ခုနှစ် တွင် လွတ်မြောက်လာခဲ့ပြီး၊ ပြည်ပြေးဘဝဖြင့် ပိုလန် စစ်တွင်ပူးပေါင်းခဲ့သည်။ ၁၉၄၂ ခုနှစ် တွင် ပါလက်စတိုင်းသို့ထွက်ခွာလာခဲ့သည်။ စစ်သွေးကြွအဖွဲ့ (Irgun Zvai Leumi)တွင် ပူးပေါင်းပြီး ၁၉၄၈ ထိယင်းအဖွဲ့၏တပ်မှူးဖြစ်ခဲ့သည်။ ၁၉၄၈ ခုနှစ် တွင် လွတ်လပ်ရေးရကာ အစ္စရေးနိုင်ငံ ထူထောင်ပြီးနောက် Irgun သည် Herut (လွတ်လပ်ခြင်း)ပါတီကိုဖွဲ့စည်းခဲ့သည်။ ဘီဂင်ယင်း ပါတီ၏ အကြီးအကဲနှင့် Knesset (ပါလီမန်)တွင် အတိုက်အခံ ခေါင်းဆောင်အဖြစ် ၁၉၆၇ ခုနှစ် အထိတာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက်အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (၁၉၆၇-၇၀) ဝန်ကြီးတစ်ဦးအဖြစ်ပါဝင် ခဲ့ပြီး ၁၉၇၀ပြည့်နှစ်တွင် လီကွတ်(ညီညွတ်ခြင်း)မ ဟာမိတ်အဖွဲ့၏ ပူးတွဲဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၁၉၇၇ မေ ၁၇ ရက်တွင် လီကွတ်ပါတီက အမျိုးသားရွေး ကောက်ပွဲတွင် အနိုင်ရခဲ့ခြင်းနှင့်အတူ ဇွန်လ(၂၁)ရက်နေ့တွင် အစိုးရတစ်ရပ်ကိုဘီဂင်ဖွဲ့စည်းခဲ့ သည်။ ၎င်းအားလူ သိများ စေခဲ့မှုတစ်ခုမှာ ၁၉၆၇ ခုနှစ် အစ္စရေး-အာရပ်စစ်ပွဲအတွင်း သိမ်းပိုက်ခဲ့သောပိုင် နက်နယ် မြေ များအရေးနှင့် ပတ်သက်ပြီးမေးခွန်းထုတ်မှုအပေါ် အပေးအယူပြုလုပ်ခြင်းမရှိဘဲ ရပ်တည် ခဲ့မှုဖြစ် သည်။ သို့-သော် အမေရိကန်သမ္မတ ဂျင်မီကာတာ၏ စေ့ဆော်ပေးမှုဖြင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကို အီဂျစ်သမ္မတ အန်ဝါအယ်လ်ဆာ့ဒတ်နှင့် စေ့စပ်ညှိနှိုင်းမှု ပြုလုပ်နိုင်ခဲ့သည်။ Camp David Accords (၁၉၇၈၊ စက်တင်ဘာ ၁၇)ဟု သိထားကြသော သဘောတူညီချက်(၂)ခုကို လုပ်ဆောင်နိုင်-ခဲ့ကြသည်။ ၁၉၇၉ ခုနှစ်၊ မတ်လ၊ ၂၆ရက်နေ့တွင် အစ္စရေးနှင့် အီဂျစ် နိုင်ငံကြား ငြိမ်းချမ်းရေးသဘော တူညီချက်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းလုပ်ရပ်ကြောင့်ပင် ဘီဂင် နှင့် ဆာဒတ်တို့နှစ်ဦးစလုံး ၁၉၇၈ ခုနှစ် တွင် ငြိမ်းချမ်းရေးနိုဘယ်ဆု ပူးတွဲရရှိခဲ့ကြသည်။ ၁၉၈၀ ပြည့်နှစ်အစောပိုင်းတွင် ပါလက်စတိုင်းနိုင်ငံတော်ထူထောင်ပေးရေး ၎င်း၏အတိုက်အခံ အဖွဲ့မှာ ယတိပြတ်ဖြစ်ခဲ့ရသည်။ ဘီဂင်ပါတီအနေဖြင့် ၁၉၈၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲအပြတ်အသတ်ရရန် ရှုံးနိမ့်ခဲ့သော်လည်း မဟာမိတ်အဖွဲ့ဖွဲ့စည်းနိုင်ခဲ့သည်။ ၂ နှစ်ကြာပြီးနောက် အစ္စရေးက လက်ဘနွန်ကို ကျူးကျော်တိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ပြည်သူအများအပြားထိခိုက်သေကြေခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် ကမ္ဘာ့အာရုံက အစ္စရေးအပေါ် ကျရောက်လာပြီး ဆန့်ကျင်ခဲ့သည်။ ဘီဂင်မှာလည်း ၁၉၈၃ ခုနှစ်တွင် ရာထူးမှနုတ်ထွက်ခဲ့သည်။

**ယာဆာအာရာဖတ် - (၁၉၉၄ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်)**

ယာဆာအာရာဖတ်ကို ၁၉၂၉ ခုနှစ်၊ ဩဂုတ်လ ၂၄ တွင် အီဂျစ်၌မွေးဖွားခဲ့သည်။ ၁၉၉၆-၂၀၀၄ ခုနှစ်ထိ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့(PA) ၏ သမ္မတဖြစ်ခဲ့သလို ၁၉၆၈-၂၀၀၄ ခုနှစ်ထိလည်း ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့(PLO) ၏ ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ထို့ပြင် PLOအဖွဲ့ ၏ အကြီးဆုံးအစိတ်အပိုင်း တစ်ခုဖြစ်သော ဖာတာ(Fata) အဖွဲ့၏ ခေါင်းဆောင်လည်းဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် အစ္စရေးအစိုးရနှင့် ငြိမ်းချမ်းရေးသဘောတူညီမှုပြုလုပ်ရာတွင် PLO အဖွဲ့ကိုဦးဆောင်ခဲ့သည်။ အာရာဖတ်သည် အစ္စရေးခေါင်းဆောင်များဖြစ်သော ရစ်ဇစ်ရာဘင်၊ ရှီမွန်ပီရပ်စ်တို့နှင့်အတူ ၁၉၉၄ ခုနှစ်တွင် ငြိမ်းချမ်းရေးနိုဘယ်ဆုချီးမြှင့်ခံခဲ့ရသည်။

ကလေး(၇)ယောက်ဖခင် ကုန်သည်တစ်ဦး၏သားဖြစ်သော အာရာဖတ်၏မိခင်မှာ ဂျူး ဆန့်ကျင်ရေးအဖွဲ့နှင့်ဆက်နွယ်ခဲ့သူဖြစ်သည်။ အာရာဖတ်သည်အီဂျစ်နိုင်ငံ၊ ကိုင်ရိုတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာဘွဲ့ရခဲ့သူဖြစ်သည်။ အာရာဖတ်သည် မွတ်ဆလင်ညီနောင်များအဖွဲ့နှင့် ပါလက်စတိုင်းကျောင်းသားသမဂ္ဂတို့နှင့် ပူးပေါင်းခဲ့ပြီး ယင်းအဖွဲ့များတွင် ဥက္ကဋ္ဌအဖြစ် (၁၉၅၂-၅၆) အထိ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အီဂျစ်စစ်တွင်းတွင် အတွင်းကော်မရှင်အဖြစ်စေလွှတ်ခြင်းခံခဲ့ ရသည်။ ၁၉၅၆ ခုနှစ် တွင် နူးအက်စ်လှုံ့ဆော်လှုပ်ရှားအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ နူးအက်စ် အရေးကိစ္စပြီးနောက် ကူဝိတ်သို့သွားရောက်ကာ အင်ဂျင်နီယာတစ်ဦးအဖြစ် အလုပ်လုပ် ခဲ့ပြီး ကိုယ်ပိုင်ကန်ထရိုက်ကုမ္ပဏီထူထောင်ခဲ့သည်။ ယင်းအလုပ်တွင်ရှိနေစဉ်အတွင်း ပီအယ်လ်အို (PLO)အဖွဲ့၏ဦးဆောင်စစ်တပ်အစိတ်အပိုင်းဖြစ်သော ဖာတာအဖွဲ့ကို ပူးပေါင်းတည်ထောင်သူဖြစ် လာသည်။ ၁၉၆၉ ခုနှစ်တွင် ပီအယ်လ်အိုအဖွဲ့၏ ဥက္ကဋ္ဌအတွင်းအမည်သွင်းခံရပြီးနောက် ၁၉၇၁ ခုနှစ်တွင် ပါလက်စတိုင်းတော်လှန်ရေးတပ်ဖွဲ့ (PRF)၏ တပ်မှူးချုပ်ဖြစ်လာသည်။ ယင်းနောက်(၂) နှစ်အကြာတွင် (PLO)အဖွဲ့၏ နိုင်ငံရေးဌာနအကြီးအကဲဖြစ်လာသည်။ နောက်ပိုင်းတွင် အစ္စရေးအပေါ် ထိပ်တိုက်ရင်ဆိုင်ရေး၊ အကြမ်းဖက်ဝါဒနှင့်ရင်ဆိုင်ရေးထက် နိုင်ငံရေးအရနားဝင် အောင် ဖျောင်းဖျပေးရေးအတွက်သာ ကြိုးပမ်းအားထုတ်ခဲ့သည်။ ၁၉၇၄ ခုနှစ် နိုဝင်ဘာလတွင် အာရာဖတ်မှာ အစိုးရမဟုတ်သောအဖွဲ့အစည်း (PLO)၏ ပထမဆုံးဌာနေကိုယ်စားလှယ်အဖြစ် ကုလအထွေထွေညီလာခံ၏ မျက်နှာစုံညီအစည်းအဝေးတွင် မိန့်ခွန်းပြောခဲ့သည်။

၁၉၉၃ ခုနှစ်တွင် ပီအယ်လ်အိုအဖွဲ့ခေါင်းဆောင်အဖြစ် အစ္စရေးနိုင်ငံတည်ရှိမှုကို တ ရားဝင်အသိအမှတ်ပြုခဲ့ပြီး၊ အစ္စရေး ပီအယ်လ်အိုသဘောတူညီချက်စေ့စပ်ညှိနှိုင်းခြင်းကို ကူညီခဲ့သည်။ ယင်းသဘောတူညီချက်က အနောက်ဖက်ကမ်းခြေနှင့် ဂါဇာကမ်းမြောင်ဒေသကို ၅ နှစ် အ တွင်း ပါလက်စတိုင်းတို့မှ ကိုယ်ပိုင်အုပ်ချုပ်သွားရန် တဖြည်းဖြည်းအကောင်အ ထည်ဖော် သွားရေးမျှော်မှန်းချက်ဖြစ်သည်။

၁၉၉၄ ခုနှစ်တွင် ပါလက်စတိုင်းကိုယ်ပိုင်အုပ်ချုပ်မှုကို အာရာဖတ် ညွှန်ကြားခဲ့ပြီးနောက် ပါလက်စတိုင်းထိန်းချုပ်ထားသောဧရိယာများဖြစ်သော အ နောက် ဖက် ကမ်းခြေနှင့် ဂါဇာကမ်းမြောင်ဒေသတို့ကို အုပ်ချုပ်ရသည့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ (PA) ၏သမ္မတအဖြစ် ၁၉၉၆ ခုနှစ်တွင် ရွေးကောက်ခံခဲ့ရသည်။ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ(၁၁)တွင် ယာဆာအာရာဖတ် ကွယ်လွန်ခဲ့သည်။

## ရှီမွန်ပီးရပ်စ် (၁၉၉၄ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်)

နာမည်ရင်းအပြည့်အစုံ ရှီမွန်ပါစကီဖြစ်ပြီး ၁၉၃၂ ခုနှစ်၊ ဩဂုတ်လ(၁၆)ရက်တွင် ပို လန်နိုင်ငံ WOLOZYN (လက်ရှိ ဘီလာရုစ်နိုင်ငံ၊ Valozhyn) ၌ မွေးဖွားခဲ့သည်။ အစ္စနိုင်ငံ၏ အမ်ိကရနိုင်ငံရေးသမား၊ အစ္စရေးလေဘာပါတီခေါင်းဆောင် (၁၉၇၇-၉၂ နှင့် ၁၉၉၅-၉၇)ဖြစ်ခဲ့ပြီး အစ္စရေးဝန်ကြီးချုပ်အဖြစ် ၁၉၈၄-၈၆ နှင့် ၁၉၉၅-၉၆ ခုနှစ်များအထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (PLO) ခေါင်းဆောင် ယာဆာအာရာဖတ်နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်လုပ်ဆောင်ရာ တွင် အကူအညီပေးခဲ့သူအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ယင်းကဲ့သို့လုပ်ဆောင်နိုင်မှုကြောင့် အစ္စရေးဝန်ကြီးချုပ် ရစ်ဇက်ရာဘင်နှင့်အတူ ၁၉၉၄ ခုနှစ်တွင် နိုဘယ်ဆုချီးမြှင့်ခံခဲ့ရသည်။

၁၉၃၄ တွင် ပီရပ်စ်သည် မိသားစုနှင့်အတူ ပါလက်စတိုင်းသို့အခြေစိုက်ပြောင်းရွှေ့လာခဲ့ သည်။ ၁၉၄၇ ခုနှစ်တွင် (ဒါးဗစ်ဘင်ဂူရီယွန် ညွှန်ကြားမှုအောက်ရှိ ဟာဂါနာလှုပ်ရှားမှု (Haganah movement)၊ ဇီယွန်နစ်စစ်တပ်အဖွဲ့အစည်းနှင့်ပူးပေါင်းခဲ့သည် မကြာခင်ဘင်ဂူရီယွန်မှာ ၎င်း၏နိုင်ငံရေးဆရာဖြစ်လာခဲ့သည်။ ၁၉၄၈ခုနှစ် မေလတွင် အစ္စရေးနိုင်ငံလွတ်လပ်လာခဲ့ပြီး နောက် ဝန်ကြီးချုပ်ဘင်ဂူရီယွန်က အသက်(၂၅)နှစ်သာရှိသေးသောပီရပ်စ်ကို အစ္စရေးရေတပ်အကြီးအကဲ အဖြစ်ခန့်အပ်ခဲ့သည်။ ၁၉၅၂ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး အဖြစ်ခန့်အပ်ခံရပြီး နောက်ပိုင်းတွင်ညွှန်ကြားရေးမှူးချုပ် (၁၉၅၃-၅၉) ဖြစ်လာခဲ့သည်။ ၁၉၅၈-၆၅ ခုနှစ်များတွင် လက်ထောက်ကာကွယ်ရေးဝန်ကြီး တာဝန်ထမ်းဆောင်စဉ်အတွင်း နိုင်ငံတော် လက်နက်ထုတ်လုပ်ရေးအတွက် အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။ နျူကလီးယားသုတေသနစီမံကိန်းကို စတင်ခဲ့ပြီး နိုင်ငံရပ်ခြားစစ်ဘက်မဟာမိတ်များကိုထူထောင်ခဲ့သည်။ အထူးသဖြင့် ပြင်သစ်နှင့် မဟာမိတ်ဖြစ်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ရာဘင်၏လေဘာအစိုးရ၌ ကာကွယ်ရေးဝန်ကြီးဖြစ်လာ ခဲ့သည်။

ပီရပ်စ်သည် ၁၉၇၇ ခုနှစ်တွင် လေဘာပါတီခေါင်းဆောင်ဖြစ်လာခဲ့သည်။ သို့သော် ဝန်ကြီးချုပ်ရာထူးအတွက် အမတ်လောင်းယှဉ်ပြိုင်ရာတွင် မီနာချမ်ဘီဂင်ကို (၁၉၇၇၊ ၁၉၈၁) ခုနှစ်များတွင် နှစ်ကြိမ်တိုင်တိုင်ရှုံးနိမ့်ခဲ့သည်။ ၁၉၈၄ ခုနှစ် မပြတ်မသားရွေးကောက်ပွဲတွင်မူ ပီရပ်စ်အနိုင်ရခဲ့ သည်။ ၎င်းအုပ်ချုပ်မှုအောက်တွင် လက်ဘနွန်သို့အငြင်းပွားဖွယ် ကျူးကျော်ခဲ့မှုမှ ၁၉၈၅ ခုနှစ်၌ တပ်များကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

အလားတူ ၁၉၈၈ခုနှစ် မပြတ်မသားရွေးကောက်ပွဲတွင်လည်း လေဘာပါတီနှင့်လီကွက် ပါတီ တို့ အနေဖြင့် ပီးရပ်စ်နှင့်မဟာမိတ်အစိုးရဖွဲ့ခဲ့သည်။ ယင်းအစိုးရအဖွဲ့တွင် ပီရပ်စ်မှာ ဘဏ္ဍာရေးဝန်ကြီးနှင့်ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး လီကွပ်ပါတီအနေဖြင့် အစိုးရတစ်ရပ်ဖွဲ့စည်းရန် လေဘာပါတီ၏အထောက်အပံ့မရသဖြင့် အစိုးရမှာ ၁၉၉၀ပြည့်နှစ်ထိ သက်တမ်းရှည်ကြာခဲ့သည်။

၁၉၉၂ခုနှစ် ဖေဖော်ဝါရီတွင် အစ္စရေးအဓိကပါတီကြီးက ကျင်းပပြုလုပ်သော ပထမဆုံးအကြိမ် ရွေးကောက်ပွဲ၌ လေဘာပါတီခေါင်းဆောင်ရာဘင်ကို ပီရပ်စ်ရှုံးနိမ့်သွားခဲ့သည်။ ဇွန်လတွင်ကျင်းပသော အထွေထွေရွေးကောက်ပွဲများ၌ လေဘာပါတီအနိုင်ရမှုနှင့်အတူ ရာဘင်မှာ ဇူလိုင်လတွင် ဝန်ကြီးချုပ်ဖြစ် လာခဲ့သည်။ ပီရပ်စ်ကိုလည်းအစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီး အဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၉၃ခုနှစ် အစ္စရေး ပီအယ်လ်အိုသဘောတူညီချက် လက်မှတ်ရေးထိုး ပြီးနောက် သဘောတူညီချက်ပြီးပြည့်စုံ ရေး အသေးစိတ်အချက်အလက်များနှင့်ပတ်သက်ပြီး ပီအယ်လ်အိုအဖွဲ့နှင့် စေ့စပ်ညှိနှိုင်းမှုများလုပ် ဆောင်ခဲ့ရသည်။ ၁၉၉၅ခုနှစ်တွင် ရာဘင်လုပ်ကြံခံခဲ့ ရပြီးနောက် ပီရပ်စ်ကဝန်ကြီးချုပ်အဖြစ် တာ ဝန်လွှဲပြောင်းရယူခဲ့သည်။ ၁၉၉၆ခုနှစ် မေလတွင်ပြန်လည်ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် လီကွပ် ပါတီမှ ဘင်ဂျမင်နေတန်ရာဟုကို ကပ်၍ရှုံးနိမ့်သွားခဲ့သည်။

## နယ်လ်ဆင်မန်ဒဲလား (၁၉၉၃ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်)

နယ်လ်ဆင်ရိုလီလ္လာလ္လာ မန်ဒဲလားကို တောင်အာဖရိကရှိ ဂွတ်ဟုပ်အငူ၊ အမ်တာတာ အရပ်၌ ၁၉၁၈ခုနှစ်၊ ဇူလိုင်(၁၈)တွင် မွေးဖွားခဲ့သည်။ တောင်အာဖရိကလူမည်းမျိုးချစ်ပုဂ္ဂိုလ်နှင့် အထင်ကရနိုင်ငံရေးသမား။ ၁၉၆၂-၉၀ထိ ကာလကြာရှည် ထောင်နန်းစံခဲ့ရပြီး တောင်အာဖရိက လူမည်းအများစုအတွက် အသားအရောင်ခွဲခြားမှုကိုတိုက်ဖျက်ပေးခဲ့သူ။ ၁၉၉၄ခုနှစ်တွင် သမ္မတ ဖြစ် လာခဲ့သည် Xhosa စကားပြောသော Tembu လူမျိုးနွယ်စုခေါင်းဆောင် ဟင်နရီမန်ဒဲလား ၏သားဖြစ်သူ နယ်ဆင်မန်ဒဲလားမှာ Witwatersrand တက္ကသိုလ်နှင့် Fort Here တက္ကသိုလ် ကောလိပ်တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၄၂ခုနှစ်တွင် ဥပဒေဘွဲ့ရခဲ့သည်။ ၁၉၄၄ခုနှစ်တွင် အာဖ ရိကအမျိုးသားကွန်ဂရက်(ANC)သို့ ပူးပေါင်းခဲ့ပြီး ၁၉၄၉ခုနှစ်တွင် လူမည်းလွတ်မြောက်ရေး အဖွဲ့ တစ်ဖွဲ့၏ခေါင်းဆောင်တစ်ဦးဖြစ်လာခဲ့သည်။ အာဏာရအမျိုးသားပါတီ၏ အသားအရောင် ခွဲခြား ရေးမူဝါဒများကိုဆန့်ကျင်ပြီး စစ်သွေးကြွခုခံရေးလှုပ်ရှားမှုအားစုစည်းရာ၌ကူညီခဲ့သည်။ ၁၉၆၀ပြည့် နှစ် Sharpevilleတွင် ရဲတပ်ဖွဲ့များက လက်နက်မဲ့လူမည်းများအပေါ် အစုလိုက် အပြုံလိုက်သတ် ဖြတ် မှုလုပ်ဆောင်ခဲ့ပြီးနောက် ၎င်းအား ANC အဖွဲ့မှ တားဆီးပိတ်ပင်ခဲ့သည်။ မန်ဒဲလားသည် အ ကြမ်းမဖက်ရေးဝါဒမှစွန့်ခွာ၍ တောင်အာဖရိကအစိုးရအားဆန့်ကျင်သည့် အဖျက်အမှောင့်လုပ်ငန်း များကိုလုပ်ဆောင်ခဲ့သည်။ ၁၉၆၂ခုနှစ်တွင် တဖန်ထောင်ချခံခဲ့ရပြီး (၅)နှစ်တာထောင်ကျရန် စီရင် ချက်ချမှတ်ခံခဲ့ရသည်။

၁၉၆၃ခုနှစ်တွင် ထောင်နန်းစံ မန်ဒဲလားနှင့်အခြားသောအပေါင်းအပါများသည် အဖျက် အမှောင့်လုပ်ငန်း၊ နိုင်ငံအားသစ္စာဖောက်မှုနှင့် Rivonia Trial အရေးတို့တွင် ပဋိပက္ခပူးပေါင်း ကြံစည်မှုများလုပ်ဆောင်ရန်ကြိုးပမ်းခဲ့ကြသည်။ မန်ဒဲလားသည် အဖွဲ့အစည်းကိုထူထောင်သူနှင့် ၎င်းအားဆန့်ကျင်ခဲ့သည့်လုပ်ဆောင်ချက်အမှန်တရားအချို့အပေါ်တွင်ဝန်ခံခဲ့သူဖြစ်သည်။၁၉၆၄ခုနှစ် ဇွန်လ(၁၁)ရက်တွင် မန်ဒဲလားတစ်သက်တာထောင်နန်းစံရန် စီရင်ချက်ချမှတ်ခံခဲ့ရ သည်။ ၁၉၆၄မှ ၁၉၈၂ခုနှစ်ထိ (ကိတ်တောင်းအလွန်) ရော်ဘင်ကျွန်းအ ကျဉ်းထောင်တွင် ထောင်သွင်းအကျဉ်းကျခံ ခဲ့ရသည်။ နောက်ပိုင်းတွင်လုံခြုံရေးအမြင့်ဆုံးထားရှိသော Pollsmor အကျဉ်းထောင်တွင် ၁၉၈၈ခု နှစ် ထိဆက်လက်ထိန်းသိမ်းခံခဲ့ရသည်။ ယင်းအကျဉ်း ထောင်တွင်ရှိနေစဉ် တီဘီရောဂါဖြစ်ပွားသဖြင့် ဆေးဝါးကုသခံရသည်။ မန်ဒဲလားသည် တောင်အာ ဖရိကလူမည်းလူထုကြား ထောက်ခံမှုအများအပြား ရရှိခဲ့သည်။ သမ္မတ အက်ဖ်ဒဗလျူ ကလာခ် အုပ် ချုပ်သော တောင်အာဖရိကအစိုးရက ၁၉၉၀ပြည့်နှစ်

ဖေဖော်ဝါရီ ၁၁ရက်နေ့တွင် မန်ဒဲလားအား အကျဉ်းထောင်မှလွတ်စေခဲ့သည်။ ထို့နောက် ၁၉၉၁ခုနှစ်တွင် တောင်အာဖရိက အမျိုးသားကွန်ဂရက် (ANC)၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။

၁၉၉၃ခုနှစ်တွင် မန်ဒဲလားနှင့် ကလာခ့်တို့နှစ်ဦးမှာ အသားရောင်ခွဲခြားမှုတိုက်ဖျက်ရေး ကို အဆုံးသတ်စေခဲ့မှုနှင့်တောင်အာဖရိကတွင် ငြိမ်းချမ်းသောဒီမိုကရေစီကူးပြောင်းပေးရန် ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် ငြိမ်းချမ်းရေးနိုဘယ်ဆုချီးမြှင့်ခံခဲ့ရသည်။ ၁၉၉၄ခုနှစ်တွင် ပထမဆုံး အကြိမ်ကျင်းပသော ရွေးကောက်ပွဲများ၌ သမ္မတအဖြစ်ရွေးချယ်ခံခဲ့ရသည်။ မန်ဒဲလားသည် တောင်အာဖရိကနိုင်ငံသား လူမည်းများအတွက် လူနေမှုအဆင့်အတန်း တိုးတက်စေရန် အိမ်ရာ၊ ပညာရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို မိတ်ဆက်ပေးခဲ့သည်။



| မည်သူ | သူတို့ဘာလုပ်ခဲ့သလဲ | ပိုကောင်းအောင် သူတို့ ဘာ–လုပ်ခဲ့သလဲ | အနာဂတ်မှာ ဘာကောင်းအောင် လုပ်နိုင်မလဲ |
|---|---|---|---|
| **အစ္စရေးအစိုးရနှင့် စစ်တပ်** | ပါလက်စတိုင်းနယ်မြေကို သိမ်းယူ၊ အနီးအနားမှနယ်မြေကိုလည်းသိမ်းယူ၊ ပါလက်စတိုင်းတို့အပေါ် လူ့ အခွင့်အရေးချိုးဖောက်မှုများ ကိုပယ်ချ၊ လုံခြုံရေးတံ တိုင်းတည်ဆောက်။ အ သိမ်းပိုက်ခံ နယ်မြေနယ်များတွင် ဂျူး အခြေချနေထိုင်မှုများကိုအားပေး။ | ကိုယ်ပိုင်နယ်မြေပိုင်ဆိုင်ဖို့ ပါလက်စတိုင်းတို့ကို ခွင့် ပြု အနီးအနားမှနယ်မြေများကို မရယူ။ ကုလဆုံးဖြတ်ချက်များကို လက်မခံ။ တံ–တိုင်း မတည်ဆောက်။ အခြေချနေထိုင်မှုများမလုပ်ဆောင်။ သိမ်းပိုက်ထားမှုကို အဆုံး သတ်။ | ငြိမ်းချမ်းရေးအဆိုပြုချက် ကို သဘောတူ။ ပါလက်စ တိုင်း နိုင်ငံတော်လွတ်လပ်ရေးကို သဘောတူ။ တံတိုင်းကို ဖယ်ရှား။ အခြေချနေထိုင်မှု ကို စွန့်ခွာ။ သိမ်းပိုက်မှုကို အဆုံးသတ်။ ပါလက်စတိုင်းတို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအစ္စရေးရှိ ပါလက်စတိုင်းနယ်မြေကို ပါလက်စတိုင်းတို့အား ပြန်ပေးရေးခွင့်ပြု |
| **ပါလက်စတိုင် အာဏာ ပိုင် အဖွဲ့** | အကြမ်းဖက်မှုများအသုံးပြု သောအုပ်စုများကို မထိန်း သိမ်းနိုင်ခဲ့။ အကြမ်းဖက် ဝါဒကို လျစ်လျူရှုခဲ့ ဒီမို ကရေစီမဆန်စွာ ပြုမူ လုပ် ်ဆောင်ခဲ့။ ခြစားမှုများ ရှိသည်ဟု စွပ်စွဲခံရ။ | အကြမ်းဖက်မှုများနှင့် ပါဝင်မှုမရှိခဲ့ခြင်း။ အကြမ်းဖက်မှုများလုပ်ဆောင်သည့် အခြားအဖွဲ့များကိုထိန်းချုပ် နိုင်ခဲ့။ | အခြားသောအန္တရာယ်ရှိသည့် ပါလက်စတိုင်းအုပ်စုများနှင့် ဆက်ဆံရေးဖြတ်တောက်ရန် ကြိုးစားခြင်း၊ အစ္စရေးအစိုးရနှင့် ငြိမ်းချမ်းစွာ ပူးပေါင်းဆောင်ရွက်ခြင်း |
| **ပါလက်စတိုင်း အခြားအုပ်စု များ** | အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ နှင့်ပြည်သူများကိုဆန့်ကျင် ရာ တွင် အကြမ်းဖက်မှု နည်းလမ်းဆုံးခဲ့။ ပါလက် စတိုင်းအာဏာပိုင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုမရှိခဲ့။ | ပြောင်းလဲမှုအတွက် ငြိမ်း ချမ်းသောနည်းလမ်းအသုံးပြုခြင်း။ ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ နှင့်ပူးပေါင်းဆောင်ရွက်ခြင်း။ တိုက်ခိုက်ရေးသမားမဟုတ်သူများ ကိုပင်မှတ်မထားခြင်း။ | ပြောင်းလဲမှုအတွက် ငြိမ်း ချမ်းသောနည်းလမ်းများအသုံးပြုခြင်း၊ ပါလက်စတိုင်းအာဏာပိုင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း။ |
| **အမေရိကန်** | အခြားနိုင်ငံများထက် အစ္စရေးကို လက်နက်များပိုမိုထောက် ပံ့။ နျူကလီးယားနည်းပညာပေးအစ္စရေး၏ လုပ်ဆောင်ချက်များကို ထောက်ခံအားပေး။အစ္စရေးဆန့်ကျင်သည့်ကုလဆုံးဖြတ်ချက်များကို ဗီတို အာဏာသုံးဖယ်ရှား။ ပါလက်စတိုင်းတို့အားဆန့်ကျင် ပဋိပက္ခများကို ရပ်တန့်ရန် တွန်းအားမပေး။ | အစ္စရေးကို လက်နက် မထောက်ပံ့ ခြင်း။ အစ္စရေးလုပ်ဆောင်ချက်များကို ထောက်ပံ့မှုရပ်တန့်။ မကြာ ခဏဗီတို အာဏာအသုံး မပြုခြင်း။ ပဋိပက္ခကိုအဆုံး သတ်ရန် အစ္စရေးအား ဖိ အားပေးခြင်း။ | အစ္စရေးအား လက်နက် ထောက်ပံ့မှုရပ်ခြင်း။ ပဋိပက္ခနှင့်ခြစားမှုကို ရပ် တန့်ရန် အစ္စရေးကို ဖိအားပေးခြင်း။ ငြိမ်းချမ်းရေးအစီအမံကို ပြင်းပြင်းထန်ထန် ထောက်ခံပေးခြင်း။ |